# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၃)ရက် ၊ အင်္ဂါနေ့ ၊ (29-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၅၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**ရတနာပုံ — ယနေ့ဖတ်စရာ**

**မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး**

စာမျက်နှာ - ၁၇

**တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ**

စာမျက်နှာ - ၁၈



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပစဉ်။

## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၈**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကျောင်းမနေနိုင်သည့်ကလေးများ အခြေခံပညာအဆင့်ပြီးမြောက်အောင် ဆောင်ရွက်ပေးနိုင်ရေး၊ လိုင်စင်မဲ့မော်တော်ယာဉ်များ မှတ်ပုံတင်ခွင့်ပြုနိုင်ရေး၊ ဘေးတွဲသုံးဘီးယာဉ်ငယ်များရောင်းချပေးနိုင်ရေး၊လျှပ်စစ်မီးရရှိရေး၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရေး၊

စာမျက်နှာ ၈ ကော်လံ ၁

## ပြတ်တောက်သွားသော ဘယ်ဘက်လက်ညှိုးကို ပြန်ဆက်သည့် ခွဲစိတ်ကုသမှု ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အောင်မြင်

**နေပြည်တော် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် နေထိုင်သော အသက် ၂၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ဩဂုတ် ၁၁ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် အထည်ချုပ်စက်ရုံ၌ အထည်ဖြတ်စက်ဖြင့် ထိခိုက်မှုကြောင့် ဘယ်ဘက်လက်ညှိုး ပြတ်တောက်သွားသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနသို့ ည ၇ နာရီ ၁၅ မိနစ်တွင် ရောက်ရှိလာရာ တာဝန်ကျအရိုးအထူးကုဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သော ကနဦးကုသမှုများဆောင်ရွက်ပေးခဲ့ပြီး ဘယ်ဘက်လက်ညှိုးပြန်ဆက်သည့် ခွဲစိတ်ကုသမှု(Replantation Surgery)ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ခွဲစိတ်ခန်း၌ အဆိုပါနေ့ ည ၈ နာရီခွဲတွင် စတင်ခွဲစိတ်မှုပြုလုပ်ခဲ့ရာ ဩဂုတ် ၁၂ ရက် နံနက် ၁ နာရီတွင်

စာမျက်နှာ ၂၀ ကော်လံ ၁



ပြတ်တောက်သွားသောလက်ညှိုး ခွဲစိတ်ကုသမှု ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ပြုလုပ်ပေးနေမှုကို တွေ့ရစဉ်။

## အားကောင်းသောမုန်တိုင်းငယ် မွန်ပြည်နယ် ကျိုက်ထိုမြို့အနီးမှ ဖြတ်ကျော်နေသဖြင့် အညိုရောင်အဆင့် သတိမှတ်



**နေပြည်တော် စက်တင်ဘာ ၂၈**

ယနေ့ည ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံ စစ်တောင်းမြစ်ဝအနီး မွန်ပြည်နယ် ကျိုက်ထိုမြို့၏တောင်ဘက်မှဖြတ်ကျော်ခဲ့သော အားကောင်းသောမုန်တိုင်းငယ်(Deep Depression)သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ကျိုက်ထိုမြို့အနီးမှ ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ သုံးခွမြို့၏ အရှေ့မြောက်ဘက် မိုင် ၅၀ ခန့်၊ပဲခူးမြို့၏ အရှေ့ဘက် ၃၅ မိုင်ခန့်နှင့်

စာမျက်နှာ ၂၀ ကော်လံ ၄

## တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်း စက်တင်ဘာ ၂၇ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်း၍ ထားဝယ်မြစ်ရေမြင့်တက်မှုဖြစ်ပွားခဲ့ပြီး ထားဝယ်မြို့ရှိ မြေနိမ့်ပိုင်းရပ်ကွက်များအတွင်း ရေဝင်ရောက်မှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါရေဝင်ရောက်မှုဖြစ်ပေါ်သည့် ကညံ့ရပ်ကွက်နှင့် ဘုံမော်ရပ်ကွက်တို့ရှိ ရေဘေးသင့်ပြည်သူများကို

စာမျက်နှာ ၂၀ ကော်လံ ၁



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**ရတနာပုံ — ယနေ့ဖတ်စရာ**

**ပဲပုပ်စိုက်ပျိုးနည်းလမ်းစုံ တောင်သူဝင်ငွေတိုးပြီး ဆီဖူလုံ**

**ဆောင်းပါး**

စာမျက်နှာ - ၁၀

ရတနာပုံ
၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၉ ရက်
အယ်ဒီတာ့အာဘော်

## ချေးငွေများထုတ်ချေးပေးခြင်းဖြင့် ဆီစက်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်

ပြည်တွင်းစားသုံးဆီဖူလုံစေရန်နှင့် ပြည်ပမှစားသုံးဆီတင်သွင်းမှုကို လျှော့ချရန်အတွက် နိုင်ငံတော်အစိုးရက ဆီစက်များ၏ ဆီကြိတ်ခွဲမှုစွမ်းရည်နှင့် ဆီထုတ်လုပ်မှုကို မြှင့်တင်လျက်ရှိရာ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့သည် ဆီစက်လုပ်ငန်းရှင်များကို ပြည်တွင်းဆီစက်များ အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လုပ်ငန်းသုံးရင်းနှီးလည်ပတ်ငွေအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မတည်ထူထောင်ထားသည့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေရန်ပုံငွေမှ ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးလျက်ရှိသည်။

ဆီစက်လုပ်ငန်းဖွံ့ဖြိုးရေးချေးငွေများ လျှောက်ထားလိုသော ဆီလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းသည် လက်ရှိလည်ပတ်လုပ်ကိုင်နေသော ဆီစက်ဖြစ်ရမည်ဖြစ်ပြီး လုပ်ငန်းအမည်ပေါက်လိုင်စင်သက်တမ်းရှိရမည်ဖြစ်သည်။ ထို့ပြင် ချေးငွေအတွက် အာမခံအဖြစ် အမည်ပေါက်ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၇) များကို ပေးအပ်နိုင်ရမည်ဖြစ်သည်။ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များတွင် လက်ရှိချေးငွေရယူထားသူများအနေဖြင့် ဆီစက်ဖွံ့ဖြိုးရေးချေးငွေရယူလိုလျှင် သီးခြားအာမခံတင်သွင်းနိုင်မှသာ လျှောက်ထားနိုင်သည်။ FDA လက်မှတ်ရရှိပြီးသူ၊ အသေးစားစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်ရရှိပြီးသူနှင့် သက်ဆိုင်ရာဒေသရှိ ဆီစက်ပိုင်ရှင်များအသင်း၊ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များ အသင်းဝင်လုပ်ငန်းရှင်များကို ဦးစားပေးစဉ်းစားမည်ဖြစ်ကြောင်း ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့က အသိပေးကြေညာထားသည်။

ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေလျှောက်ထားရာတွင် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့သတ်မှတ်ချက်နှင့် ညီညွတ်ရမည်ဖြစ်ပြီး လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေအတွက် ချေးငွေကို အနည်းဆုံးကျပ်သိန်း ၁၀၀ မှ အများဆုံးကျပ်သိန်း ၅၀၀၀ အထိလည်းကောင်း၊ မတည်ရင်းနှီးငွေအတွက် ချေးငွေကို အနည်းဆုံးကျပ်သိန်း ၂၀၀ မှ အများဆုံးကျပ်သိန်း ၅၀၀၀ အထိလည်းကောင်း၊ ချေးငွေများလျှောက်ထားရယူနိုင်သည်။

ချေးငွေသက်တမ်းနှင့် ချေးငွေပြန်ဆပ်ကာလကို လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေအတွက် ချေးငွေသက်တမ်းတစ်နှစ်၊ မတည်ရင်းနှီးငွေအတွက် ချေးငွေသက်တမ်းသုံးနှစ်၊ ဆိုင်းငံ့ကာလတစ်နှစ်၊ ပြန်ဆပ်ကာလ နှစ်နှစ်၊ ခြောက်လတစ်ကြိမ်လေးရစ်ပေးဆပ်ရမည်ဖြစ်ပြီး ချေးငွေအတိုးနှုန်းမှာ တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြစ်သည်။ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေလျှောက်ထားရယူလိုသော ဆီစက်လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ရုံး၊ ဌာန၊ ဘဏ်ခွဲများတွင် ချေးငွေအဆိုပြုလွှာများရယူ၍ လျှောက်ထားနိုင်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများထုတ်ချေးပေးလျက်ရှိသကဲ့သို့ ဆီစက်လုပ်ငန်းရှင်များအနေဖြင့်လည်း ထုတ်ချေးပေးသော ချေးငွေများကို အကျိုးရှိစွာ အသုံးချကာ စားသုံးဆီများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်ဝစွာ ယခုထက်ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၇၁၇၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**မြင်းမူ စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၇၁၇၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၁၇၁၇၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ ဆောင်းသီးနှံ စိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ နေကြာ ၁၇၁၇၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ပြည်ပမှ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

## ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ ၃၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ညောင်တုန်း စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ ၃၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်မေက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ ၂၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ ၃၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ပဲတီစိမ်းများ ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တစ်လအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ ၃၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်ပဲတီစိမ်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပဲတီစိမ်းတွေ အရောင်းအဝယ်ကောင်းလာတော့ တောင်သူတွေနဲ့ ပွဲရုံပိုင်ရှင်တွေ အဆင်ပြေလာပါတယ်"ဟု ညောင်တုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်တင်မေက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပဲတီစိမ်း ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

## ပြင်ဦးလွင်မြို့နယ် မျှင်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သက္ကံချိုင်းကျေးရွာအုပ်စု မျှင်တောင်ကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသွယ်မျိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၆၅ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မျှင်တောင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၆၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသွယ်မျိုးထံမှ သိရသည်။

**မောင်ခိုင်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# အမရပူရမြို့နယ် ရွာတောလေးကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**အမရပူရ စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက နတ်ရေကန်ကျေးရွာအုပ်စု ရွာတောလေးကျေးရွာ သန္တိသုခဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဒေါ်စောမြိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသန့်ဇင်မျိုးတို့က အမှာစကားပြောကြားကြပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရွှေလဝါဝါက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးဇော်အောင်ထက်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)ဒေါ်စောမြိုင်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်ကိုကိုထွန်း၊ မြို့နယ်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းဦး၊ မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းခိုင်သဥ္ဇာ၊ မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဆုလှိုင်တို့က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသော ပြည်သူများက သိရှိလိုသည်များကိုမေးမြန်းခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**လဲ့လဲ့ခိုင်(အမရပူရ)**

# အုတ်ဖိုမြို့နယ် ရှမ်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရှမ်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစု ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်၆၆သိန်း လွှဲပြောင်းပေးခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရှမ်းကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၃ ဦးကို ရန်ပုံငွေကျပ် ၆၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၂၆၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကျောက်မြောင်း စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၂၆၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့နယ်ခွဲတွင် မတ်ပဲ ၁၂၆၄ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ မတ်ပဲဧက ၁၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးသွားမယ်။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်းတွေ ဆောင်ရွက်ပေးသွားပါမယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မတ်ပဲစိုက်ပျိုးမည့် တောင်သူများကို ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့် အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

**(၂၀၆)**

# ဝမ်းတွင်းမြို့နယ် မြစ်သူငယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစ်သူငယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစ်သူငယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၀၅ သန်းဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၃ ဦးကို ရန်ပုံငွေကျပ် ၃၄ ဒသမ ၀၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပခန်းစပါးတင်းရေ ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပခန်းစပါးတင်းရေ ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဆန်စပါးများ တင်ပို့ရောင်းချလျက်ရှိရာ ဇူလိုင်လအတွင်းက ပခန်းစပါးတင်းရေ ၃၈၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ပခန်းစပါးတင်းရေ ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဩဂုတ်လအတွင်း ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပခန်းစပါးတင်းရေ ၄၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့တဲ့ ပခန်းစပါးတွေက အရည်အသွေး တော်တော်ကောင်းပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပခန်းစပါးက ဆန်ကြမ်းအုပ်စုထဲမှာ ပါပါတယ်။ အဲဒီ ပခန်းစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ အခုလထဲမှာလဲ ရန်ကုန်ဈေးကွက်က ပခန်းစပါးတွေကို ဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ ဒေသတွင်း ဆန်စပါးဈေးကွက်မှာကို ပခန်းစပါးက အဝယ်လိုက်နေပါတယ်"ဟု ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပခန်းစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၃၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါပခန်းစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလျက်ရှိကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးထံမှ သိရသည်။

**ကျော်ကျော်လင်း**



# ဘဝတစ်သက်တာအတွက် ဗီတာမင် အပိုင်း(၂၁)

**ပါမောက္ခကိုကိုအောင်**



**Instead of focusing on a single vitamin, you can naturally obtain a full spectrum of vitamins by consuming a diverse diet that includes colorful fruits and vegetables, various types of legumes, and whole grains.**

**Prof. Ko Ko Aung**

**ချမ်းသာဆင်းရဲ မခွဲဘဲ ဖြည့်ဆည်းနိုင်သည့် ဗီတာမင်**

ကမ္ဘာ့လူဦးရေသည် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် ၈ ဒသမ ၁ ဘီလီယံ တစ်နည်းအားဖြင့် သန်းပေါင်း ၈၁၀၀ ခန့်ရှိမည်ဟု ကုလသမဂ္ဂက ခန့်မှန်းခဲ့သည်။ ကမ္ဘာ့ ပြည်သူတို့၏ စီးပွားရေးအလိုက် အလွှာများကို ခွဲခြားရာ၌ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ ဒေသတစ်ခုနှင့်တစ်ခု ကွာခြားမှုများရှိနေကြသည်။

သို့ရာတွင် ကမ္ဘာ့ဘဏ် (World Bank)နှင့် အခြားသောသုတေသနအဖွဲ့အစည်းတို့ကမူ ၎င်းတို့အသီးသီး၏ လေ့လာချက်များအရ ဝင်ငွေအဆင့်အလိုက် ခွဲခြားကာ ဆင်းရဲသည့်လူတန်းစား၊ လူလတ်တန်းစားနှင့် ချမ်းသာသောလူတန်းစားဟူ၍ ခွဲခြားထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ အဖွဲ့အစည်းများက ဝင်ငွေနည်းပါးသူ (Low–income)၊ အလယ်အလတ်ဝင်ငွေရှိသူ (Middle–income) နှင့် မြင့်မားသောဝင်ငွေရှိသူ (High–income)ဟူ၍သတ်မှတ်ကာ ခွဲခြမ်းစိတ်ဖြာခဲ့ကြသည်။

ထိုကဲ့သို့ ခွဲခြမ်းစိတ်ဖြာခဲ့ကြရာ၌ ဆင်းရဲသောအုပ်စု (Low–income) ဖြစ်နိုင်ခြေရှိသော ရာခိုင်နှုန်းက ၉ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းကြား၌ ရှိနေကြကြောင်းနှင့် ၎င်းတို့သည် နေ့စဉ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၅ ဒေါ်လာထက်နည်းသူများ တစ်နည်းအားဖြင့် စားဝတ်နေရေး အလွန်ခက်ခဲသူများဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကမ္ဘာ့လူဦးရေ၏ ၉ ရာခိုင်နှုန်းကျော်မှာ ဆိုးရွားစွာ ဆင်းရဲသောအုပ်စုဝင်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

ဆင်းရဲနိုင်ခြေမြင့်မားသော အောက်ခြေလတ်တန်း (Vulnerability to poverty or low–middle income) ဖြစ်နိုင်ခြေရှိသော ရာခိုင်နှုန်းက ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းကြား၌ရှိနေပြီး ၎င်းတို့သည် နေ့စဉ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၅ ဒေါ်လာထက်များသော်လည်း အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာအောက်၌သာရှိနေသူများ တစ်နည်းအားဖြင့် စားဝတ်နေရေးအတွက် ရုန်းကန်နေရဆဲဖြစ်ပြီး ငွေကြေးအရေးပေါ် အခြေအနေတစ်ရပ်ရပ်နှင့် ရင်ဆိုင်ရပါက ဆင်းရဲမှုထဲသို့ ပြန်ကျသွားနိုင်သောအုပ်စုကြီးဖြစ်ကြောင်း တွေ့ရှိရသည်။ အဆိုပါအုပ်စုထဲတွင် အလယ်အလတ် လူတန်းစား၏ အောက်ခြေ၌ရှိနေသူများလည်း ပါဝင်လျက်ရှိသည်။

ခိုင်မာသော အလတ်တန်းစားနှင့် ချမ်းသာသောအုပ်စု (Stable Middle–income & High–income) ဖြစ်နိုင်ခြေရှိသော ရာခိုင်နှုန်းက ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းကြား၌ရှိနေပြီး ၎င်းတို့က နေ့စဉ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာထက် များသူများ

**❖ ဆင်းရဲမှုနှင့်ချမ်းသာမှုကို သတ်မှတ်ရာတွင် ဝင်ငွေတစ်ခုတည်းကိုသာမက ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုနှင့်ပိုင်ဆိုင်မှု စသည့် အခြားသော အညွှန်းကိန်းများကလည်းပါဝင်နေပြီး ဒေသနှင့် နိုင်ငံအလိုက် ကွာခြားမှုကများစွာရှိနေကြသည်။ ထိုကဲ့သို့ ဆင်းရဲ၊ ချမ်းသာ လူတန်းစားက မည်သို့ပင်ကွာဟနေကြစေကာမူ လူတိုင်းက ဘဝရှင်သန်ရေးအတွက် ကြိုးပမ်းရပ်တည်နေကြရသည့် အားလျော်စွာ ဘဝတစ်သက်တာ ကျန်းမာရေးအတွက် အာဟာရများကို မဖြစ်မနေစားသုံးကြရန် လိုအပ်သည်။ ❖**

ဖြစ်ကြောင်း တွေ့ရှိရသည်။ အဆိုပါ အုပ်စုထဲတွင် စီးပွားရေးအရ ခိုင်မာသည့် အလယ်အလတ်တန်းစား၊ အထက်တန်းစားနှင့် ချမ်းသာသူများအားလုံး ပါဝင်လျက်ရှိသည်။

သို့ရာတွင် ၎င်းအုပ်စု၏ ၃၀ ရာခိုင်နှုန်းခန့်ကသာလျှင် ခိုင်မာသော လူလတ်တန်းစား ချမ်းသာသူများဖြစ်ကြပြီး ကျန် ၁၀ ရာခိုင်နှုန်းခန့်ကမူ နေ့စဉ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၀ ကျော်သောချမ်းသာကြွယ်ဝသူများဖြစ်ကြသည်။

အနှစ်ချုပ်အားဖြင့်မူ စီးပွားရေးအဆင့်အရ ဆင်းရဲသော အုပ်စုဝင်လူတန်းစားက ၁၀ ရာခိုင်နှုန်း၊ စားဝတ်နေရေး အလွန်ခက်ခဲသူများ၊ ဆင်းရဲနိုင်ခြေမြင့်မားသော အောက်ခြေလူလတ်တန်းအုပ်စုဝင်လူတန်းစားက ၅၀ ရာခိုင်နှုန်းနှင့် စားဝတ်နေရေးရုန်းကန်နေရဆဲ အုပ်စုကြီးထဲမှ ခိုင်မာသော အလယ်အလတ်တန်းစားနှင့် ချမ်းသာသူများက ၄၀ ရာခိုင်နှုန်းရှိနေကြခြင်းဖြစ်သည်။

ဆင်းရဲမှုနှင့် ချမ်းသာမှုကို သတ်မှတ်ရာတွင် ဝင်ငွေတစ်ခုတည်းကိုသာမက ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုနှင့် ပိုင်ဆိုင်မှု စသည့်အခြားသော အညွှန်းကိန်းများကလည်း ပါဝင်နေပြီး ဒေသနှင့် နိုင်ငံအလိုက် ကွာခြားမှုကများစွာရှိနေကြသည်။

ထိုကဲ့သို့ ဆင်းရဲ၊ ချမ်းသာလူတန်းစားက မည်သို့ပင် ကွာဟနေကြစေကာမူ လူတိုင်းက ဘဝရှင်သန်ရေးအတွက် ကြိုးပမ်းရပ်တည်နေကြရသည့် အားလျော်စွာ ဘဝတစ်သက်တာ ကျန်းမာရေးအတွက် အာဟာရများကို မဖြစ်မနေ စားသုံးကြရန် လိုအပ်သည်။

သို့ဖြစ်၍ ချမ်းသာ၊ ဆင်းရဲမခွဲခြားဘဲ အာဟာရများကို ရယူဖြည့်ဆည်းနိုင်ရေးအတွက် လူတိုင်းလက်လှမ်းမီနိုင်ပြီး ဈေးနှုန်းချိုသာသော သဘာဝအစားအစာများမှတစ်ဆင့် ဗီတာမင်များကို ထိထိရောက်ရောက်ရယူနိုင်မည့် နည်းလမ်းများကို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၅၃၅ ဧက စိုက်ပျိုးမည်

**မြောင်းမြ စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၅၃၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၅၃၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်အောက်တိုဘာလပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မြေပဲများစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများကို လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"မြောင်းမြမြို့နယ်အတွင်းမှာ မြေပဲတွေကို နှစ်စဉ်စိုက်ပျိုးလျက်ရှိပါတယ်။ ဒီဘက်ဒေသမှာက မြေပဲတွေကို ဆောင်းကာလမှာ အဓိကထားစိုက်ပျိုးတာဖြစ်ပါတယ်။ အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာမှာ မြေပဲ ၂၅၃၅ဧကထိစိုက်ပျိုးမှာဖြစ်ပါတယ်။ မြေပဲလျာထားဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့ ဆောင်ရွက်ပေးသွားပါမယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကို လျာထားဧကအတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးမည့်သီးနှံများ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ အရည်အသွေးနှင့် အထွက်နှုန်းကောင်းစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများက ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း စုစုပေါင်း ၁၇၂၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပန်းနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း စုစုပေါင်း ၁၇၂၃ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့်ပန်းနှမ်း စုစုပေါင်း ၁၇၂၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆီမုန်ညင်းနဲ့ပန်းနှမ်းကို ဆီအဖြစ်အသုံးပြုကြသလို ဆေးအဖြစ်လဲ အသုံးပြုကြပါတယ်။ ဒီနှစ် ဆောင်းကာလ ကလေးခရိုင်မှာ ဆီမုန်ညင်းနဲ့ပန်းနှမ်းဧက ၁၇၀၀ ကျော် စိုက်ပျိုးဖို့လျာထားတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မကြွယ်ဝင်းက ပြောပြသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် ဆီမုန်ညင်းနှင့် ပန်းနှမ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ဆီမုန်ညင်း ၉၂၅ ဧက၊ ပန်းနှမ်း ၉၄၄ ဧက၊ ကလေးဝမြို့နယ်တွင် ပန်းနှမ်း ၄၁၅ ဧက၊ မင်းကင်းမြို့နယ်တွင် ပန်းနှမ်း ၂၅၂ ဧက စုစုပေါင်း ၁၇၂၃ ဧက တို့ဖြစ်ကြောင်း သိရသည်။

ဆီမုန်ညင်းနှင့် ပန်းနှမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီမုန်ညင်းနှင့် ပန်းနှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မကြွယ်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးရံ့ပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးရံ့ပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ငါးရံ့အပါအဝင် ဒေသရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ယခုနှစ် ဇူလိုင်လအတွင်းက ငါးရံ့ပိသာချိန် ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးရံ့ပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဩဂုတ်လထဲမှာ ငါးရံ့တွေ ရန်ကုန်ဈေးကွက်ကို သိသိသာသာ တင်ပို့မှုကောင်းခဲ့ပါတယ်။ ငါးရံ့တွေ တင်ပို့မှုကောင်းခဲ့တာကလဲ ပြည်တွင်းမှာ ဝယ်လိုအားကောင်းနေတဲ့အတွက်ဖြစ်ပါတယ်။ ဒေသထွက် ငါးရံ့တွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့တာပါ"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးရံ့အလတ် ၁၀ ပိသာလျှင် ငွေကျပ် ၁၉၅၀၀၀၊ ငါးရံ့အသေး ၁၀ ပိသာလျှင် ငွေကျပ် ၁၇၅၀၀၀၊ ငါးရံ့အကြီး ၁၀ ပိသာလျှင် ငွေကျပ် ၃၀၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## တို့တောင်သူ

\- ပြည်သူပြည်သား နေ့စဉ်စားဖို့
ကြိုးစားရှန်းကန် နေပူခံ၍
အားမာန်ပေါင်းစည်း ချွေးတွေသီးလည်း
မညည်းမညူ ခရီးထူလို့
ဆန်ဖြူဖြူလေး ထုတ်လုပ်ပေး၏။

\- နွားနှင့်ယှဉ်တွဲ ထွန်ထယ်ဆွဲရင်း
လယ်ထဲဆင်းကြ လုံ့လပြ၍
မြေချသီးနှံ အပင်သန်ဖို့
နည်းမှန်စနစ် လုပ်ဆောင်ဖြစ်သည်
စင်စစ်တောင်သူ တို့တောင်သူများ။

\- အားလည်းမချန် ပင်ပန်းခံပြီး
သီးနှံရရေး ထမ်းဆောင်ပေးတော့
ကပ်ဘေးကင်းကွာ ပြည်သာယာ၍
ကြည်သာစိတ်ဝမ်း ရွှင်ကြည်လန်းသည်
ကြိုးပမ်းတောင်သူ တို့တောင်သူများ။

\- ဩော်...
ပြည်ရွာအရေး ဆီဆန်ပေးလို့
ငြိမ်းအေးချမ်းသာ လမ်းခင်းပါသော
များစွာကျေးဇူး ဂုဏ်အင်ထူးသည့်
ဦးဦးတောင်သူ များချစ်သူရေ
တစ်ဆူနေမင်း ဘယ်ပုံခွင်းလည်း
အပူအားထင်း လောင်မြိုက်ခွင်းလည်း
မယွင်းတာဝန် မြဲကျေပွန်ကာ
ကျိုးနွံနှလုံး ဆင်ယင်ထုံးပြီး
အပြုံးများဖွေ ပြုံးထားနေ၏။ ။

**ဇေဒါမောင်(ပညာရေး)**

## မိုင်းဖြတ်မြို့နယ် ဟွေပါကူး(အောက်)ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**မိုင်းဖြတ် စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ဟွေပါကူး(အောက်) ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ကျေးရွာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

# အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ယူအေအီးနိုင်ငံသို့ သွားရောက်ခဲ့

**ဂျေရုဆလင် စက်တင်ဘာ ၂၈**

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် စက်တင်ဘာ ၂၇ ရက်တွင် ယူအေအီးနိုင်ငံ အဘူဒါဘီမြို့သို့ သွားရောက်ခဲ့သည်ဟု အစ္စရေးအစိုးရတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယူအေအီးခရီးစဉ်အတွင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ယူအေအီးသမ္မတ ရှိတ်ခ်မိုဟာမ်မက်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုက အစ္စရေးနိုင်ငံကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် မတိုက်ခိုက်မီ ရက်အနည်းငယ်အလိုတွင် ထိုအစီအစဉ်ကို အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုထံကြိုတင် သတိပေးခဲ့ကြောင်း အစ္စရေးမီဒီယာများက ယခုလအတွင်း သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် အစ္စရေးပြည်တွင်းမီဒီယာများ၏ အဆိုပါ သတင်းထုတ်ပြန်ချက်ကို ဝန်ကြီးချုပ် နေတန်ယာဟုက ငြင်းပယ်ထားပြီး ထိုမီဒီယာများကို အရေးယူမည်ဖြစ်ကြောင်း ပြောကြားထားသည်။

ဟားမတ်စ်အုပ်စု၏ အောက်တိုဘာ ၇ ရက် တိုက်ခိုက်မှုမတိုင်မီ လုံခြုံရေးအရ ပျက်ကွက်မှုများအတွက် ဝန်ကြီးချုပ်နေတန်ယာဟုတွင် တာဝန်ရှိကြောင်း အစ္စရေးအတိုက်အခံများက ဝေဖန်ပြောကြားထားသည်။

ယခုနှစ်စပိုင်းကလည်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ယူအေအီးနိုင်ငံသို့ လျှို့ဝှက်သွားရောက်၍ ယူအေအီးသမ္မတ ရှိတ်ခ်မိုဟာမ်မက်နှင့် တွေ့ဆုံခဲ့သည်ဟု သတင်းများ ပေါ်ထွက်လာခဲ့ကြောင်းသိရသည်။

Ref : RT
Trs : KKO

# ဆားဘီးယားသမ္မတရာထူးမှ အလက်ဇန်းဒါးဗူဆစ် နုတ်ထွက်



**ဘဲလ်ဂရိတ် စက်တင်ဘာ ၂၈**

ဆားဘီးယားသမ္မတ အလက်ဇန်းဒါးဗူဆစ်သည် ၎င်း၏သမ္မတရာထူးမှ ဒုတိယသက်တမ်းမပြည့်မီ ခုနစ်လအလို စက်တင်ဘာ ၂၇ ရက်တွင် ရာထူးမှ နုတ်ထွက်ပေးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယခုနှစ် အောက်တိုဘာလအတွင်း ဆားဘီးယားလွှတ်တော်ရွေးကောက်ပွဲများ မကျင်းပမီ သမ္မတ အလက်ဇန်းဒါးဗူဆစ်က ရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပမည့် လွှတ်တော်ရွေးကောက်ပွဲများ၌ ၎င်းဦးဆောင်သည့် ဆားဘီးယားတိုးတက်ရေးပါတီအနိုင်ရခဲ့ပါက ဝန်ကြီးချုပ်ရာထူးထပ်မံရယူရန် အလက်ဇန်းဒါးဗူဆစ်က ရည်မှန်းထားသည်။

သမ္မတရာထူး ဒုတိယသက်တမ်းမကုန်မီ အလက်ဇန်းဒါးဗူဆစ်ရာထူးမှ နုတ်ထွက်ခဲ့ခြင်းကြောင့် ဆားဘီးယားနိုင်ငံအနေဖြင့် သမ္မတရွေးကောက်ပွဲကို သတ်မှတ်ချိန်ထက်စော၍ ကျင်းပရမည်ဖြစ်သည်။

လွှတ်တော်ရွေးကောက်ပွဲများနှင့် သမ္မတရွေးကောက်ပွဲများ သတ်မှတ်ချိန်ထက်စော၍ ကျင်းပနိုင်ရေးအတွက် ရာထူးမှနုတ်ထွက်ပေးမည်ဖြစ်ကြောင်း ဆားဘီးယားသမ္မတ အလက်ဇန်းဒါးဗူဆစ်က ယခုနှစ်ဇွန်လအတွင်း ပြောကြားထားပြီးဖြစ်သည်။

အလက်ဇန်းဒါးဗူဆစ် သမ္မတရာထူးမှ နုတ်ထွက်ခဲ့ပြီးနောက် ဆားဘီးယား ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်ဥက္ကဋ္ဌ အန်နာဘာနာဘစ်က ယာယီသမ္မတတာဝန် ရယူမည်ဖြစ်ကြောင်းသိရသည်။

Ref : RT
Trs : KKO

# တောင်အာဖရိကနိုင်ငံ၌ သေနတ်ပစ်ခတ်မှုနှစ်ကြိမ်ဖြစ်ပွား လူ ၂၇ ဦးသေဆုံး၍ ၂၆ ဦးဒဏ်ရာရ

**ဂျိုဟန်နက်စဘတ် စက်တင်ဘာ၂၈**

တောင်အာဖရိက နိုင်ငံ၌ စက်တင်ဘာ ၂၆ နှင့် ၂၇ ရက်တို့တွင် သေနတ်ပစ်ခတ်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့ရာ လူ ၂၇ ဦးသေဆုံး၍ ၂၆ ဦးဒဏ်ရာရခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လက်ရှိတွင် တောင်အာဖရိကရဲတပ်ဖွဲ့က အဆိုပါသေနတ်ပစ်ခတ်မှုနှစ်ကြိမ် ကျူးလွန်ဖွယ်ရှိသူများကို ရှာဖွေဖမ်းဆီးရန် ကြိုးပမ်းနေဆဲဖြစ်သည်။

အဆိုပါ သေနတ်ပစ်ခတ်မှုနှစ်ကြိမ်အနက် တစ်ကြိမ်မှာ စက်တင်ဘာ ၂၆ ရက်ညပိုင်းတွင် ဂျိုဟန်နက်စဘတ်မြို့အနီး ဖြစ်ပွားခဲ့ပြီး ကျန်တစ်ကြိမ်မှာ စက်တင်ဘာ ၂၇ ရက်တွင် ကိပ်တောင်းမြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပဏာမ စုံစမ်းစစ်ဆေးမှုများအရ သေနတ်ပစ်ခတ်မှုတစ်ကြိမ်မှာ တရားမဝင် သတ္တုတူးသမားများကြား ဖြစ်ပွားခဲ့သောသေနတ်ပစ်ခတ်မှုဖြစ်ပြီး ကျန်သေနတ်ပစ်ခတ်မှုတစ်ကြိမ်မှာ စီးပွားရေးပြိုင်ဘက်များကြား ဖြစ်ပွားခဲ့သောသေနတ်ပစ်ခတ်မှု ဖြစ်ကြောင်း သိရသည်။

ဂျိုဟန်နက်စဘတ်မြို့ အနီးဖြစ်ပွားခဲ့သော သေနတ်ပစ်ခတ်မှုတွင် လူ ၁၇ ဦးသေဆုံး၍ ၁၅ ဦးဒဏ်ရာရခဲ့ပြီး ထိုသေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး နာရီအနည်းငယ်အကြာတွင် ကိပ်တောင်းမြို့အနီးဖြစ်ပွားခဲ့သည့် သေနတ်ပစ်ခတ်မှု၌ လူ ၁၀ ဦးသေဆုံး၍ ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ သေနတ်ပစ်ခတ်မှုများသည် တောင်အာဖရိကနိုင်ငံ ရင်ဆိုင်နေရသည့် လက်နက်ကိုင်အကြမ်းဖက်မှုပြဿနာ၏ အတိုင်းအဆကို ပြသလျက်ရှိသည်။

တောင်အာဖရိက နိုင်ငံသည် ကမ္ဘာပေါ်၌ လူသတ်မှုနှုန်းအမြင့်ဆုံးနိုင်ငံများထဲတွင် ပါဝင်သည့်နိုင်ငံဖြစ်ကြောင်းသိရသည်။ Ref : RT

Trs : KKO

# ကွန်ဂိုနိုင်ငံအရှေ့ပိုင်း ကီဗူးရေအိုင်အတွင်း ရေယာဉ်တိမ်းမှောက်၊ လူ ၁၂ ဦးသေဆုံး



**ကင်ရှာဆာ စက်တင်ဘာ ၂၈**

ကွန်ဂိုနိုင်ငံအရှေ့ပိုင်း ကီဗူးရေအိုင်အတွင်း ကုန်သည်များ လိုက်ပါလာသည့် ရေယာဉ်တစ်စီး တိမ်းမှောက်ခဲ့ရာ လူ ၁၂ ဦး သေဆုံး၍ အများအပြားပျောက်ဆုံးနေကြောင်း ကွန်ဂိုတာဝန်ရှိသူများက စက်တင်ဘာ ၂၇ ရက်တွင် ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါရေယာဉ်သည် တောင်ကီဗူးပြည်နယ် အစ်ဂျဝီကျွန်းအနီး ကီဗူးရေအိုင် ရေပြင်အတွင်း စက်တင်ဘာ ၂၆ ရက် ညပိုင်းက တိမ်းမှောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ရေယာဉ် တိမ်းမှောက်ပြီးနောက် လိုက်ပါလာသူများအနက် ၁၅ ဦးကို ကယ်တင်နိုင်ခဲ့သော်လည်း ၁၂ ဦးသေဆုံး၍ အများအပြား ပျောက်ဆုံးနေကြောင်း ကွန်ဂိုတာဝန်ရှိသူများက ပြောကြားထားသည်။

တိမ်းမှောက်ခဲ့သည့် ရေယာဉ်ပေါ်တွင် လိုက်ပါသွားသူ ဦးရေ ၅၀ ကျော်ထိရှိကြောင်း ကွန်ဂိုတာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိတွင် အဆိုပါရေယာဉ် တိမ်းမှောက်မှု အကြောင်းရင်းကို မသိရသေးဘဲ ကွန်ဂိုတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

လူဦးရေ သန်း ၁၀၀ ကျော်ရှိသည့် ကွန်ဂိုနိုင်ငံ၌ မြစ်များနှင့် ရေကန်များမှာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် အဓိကကျသည်ဖြစ်ရာ ရေကြောင်းမတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်းသိရသည်။ Ref : RT

Trs : KKO

# ပန်ဒါဝက်ဝံနှစ်ကောင်ကို အမေရိကန်နိုင်ငံသို့ တရုတ်အစိုးရပို့ဆောင်

**ပေကျင်း စက်တင်ဘာ ၂၈**

တရုတ်အစိုးရသည် အမေရိကန်နိုင်ငံသို့ စက်တင်ဘာ ၂၇ ရက်တွင် ပန်ဒါဝက်ဝံနှစ်ကောင် ပေးပို့ခဲ့ကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ ဝါရှင်တန်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး ရက်အနည်းငယ်အကြာမှာပင် တရုတ်နိုင်ငံက ပန်ဒါဝက်ဝံနှစ်ကောင်ကို အမေရိကန်နိုင်ငံသို့ ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။

ပင်ပင်းနှင့်ဖူရှောင်း ပန်ဒါဝက်ဝံနှစ်ကောင်ကို ချန်ဒူးနိုင်ငံတကာလေဆိပ်မှ တစ်ဆင့် စက်တင်ဘာ ၂၇ ရက်တွင် စင်းလုံးငှားလေယာဉ်ဖြင့် အမေရိကန်နိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။




တရုတ်နိုင်ငံသည် အဆိုပါ ပန်ဒါဝက်ဝံနှစ်ကောင်ကို အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် အတ္တလန္တာမြို့ တိရစ္ဆာန်ဥယျာဉ်တစ်ခုသို့ ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။

အဖြူနှင့်အမည်း အရောင်နှစ်မျိုးရော ပန်ဒါဝက်ဝံများသည် ကမ္ဘာတစ်ဝန်း၌ ထင်ရှား၍ လူချစ်လူခင်များသော သတ္တဝါများဖြစ်ကြသည်။

တရုတ်အစိုးရသည် အဆိုပါ ပန်ဒါဝက်ဝံများကို နိုင်ငံတကာဆက်ဆံရေး မြှင့်တင်ရေးအတွက် ရည်ရွယ် အကောင်ထည်ဖော်နေသည့် ပန်ဒါဒစ်ပလိုမေစီလုပ်ငန်းစဉ်အရ ပြည်ပတိုင်းပြည်များကို အငှားပို့ဆောင်ပေးလေ့ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# နာဆာ၏ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်က ကမ္ဘာဂြိုဟ်ကို အပတ်ရေ ၂၀၀၀၀၀ ထိ လှည့်ပတ်ခဲ့ပြီးဖြစ်



**ဝါရှင်တန် စက်တင်ဘာ ၂၈**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာဂြိုဟ်ကို အပတ်ရေ ၂၀၀၀၀၀ ထိ လှည့်ပတ်ခဲ့ပြီးဖြစ်ကြောင်း စက်တင်ဘာ ၂၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်သည် စက်တင်ဘာ ၁၉ ရက်တွင် ကမ္ဘာဂြိုဟ်ကို အပတ်ရေ၂၀၀၀၀၀ ထိ အောင်မြင်စွာ လှည့်ပတ်နိုင်ခဲ့ပြီဖြစ်ကြောင်း နာဆာ တာဝန်ရှိသူများက ပြောကြားသည်။

ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်သည် မစ်ရှင်သက်တမ်း ၃၆ နှစ်ကျော်ကာလအတွင်း ကမ္ဘာဂြိုဟ်ကို အပတ်ရေ၂၀၀၀၀၀ ထိ လှည့်ပတ်နိုင်ခဲ့ခြင်းဖြစ်သည်။

နာဆာအဖွဲ့သည် ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်ကို ၁၉၉၀ ပြည့်နှစ် ဧပြီလတွင် ဒစ္စကာဗာရီ လွန်းပြန်ယာဉ်ဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့လွှတ်တင်ပြီးနောက်ပိုင်း ဟက်ဘယ်အာကာသ ရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာဂြိုဟ်ကို အပတ်ရေ ၂၀၀၀၀၀ သို့မဟုတ် ခရီးအကွာအဝေး မိုင်ပေါင်း ၄း ဘီလီယံ (ကီလိုမီတာ ရှစ်ဘီလီယံ) ထိ လှည့်ပတ်နိုင်ခဲ့ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

မစ်ရှင်ကာလ ၃၆ နှစ်ကျော် ကာလအတွင်း ဟက်ဘယ် အာကာသ ရေဒီယိုတယ်လီစကုပ်သည် စကြဝဠာစူးစမ်းလေ့လာမှုပေါင်း ၁ ဒသမ ၇ သန်းကျော်ထိ ပြုလုပ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# ဟော်မုန်းအစားထိုးကုထုံးသောက်ဆေးများက သွေးခဲများပေါ်ထွက်လာနိုင်ခြေ မြင့်တက်လာနိုင်

**ကိုပင်ဟေဂင် စက်တင်ဘာ ၂၈**

ဟော်မုန်းအစားထိုး ကုထုံး သောက်ဆေး (HRT) များသည် အသက်အန္တရာယ် ကြီးမားသည့် သွေးခဲများ ပေါ်ထွက်လာနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၂၇ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

ဒိန်းမတ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ HRT ကုထုံးသောက်ဆေးများကို တစ်နှစ်ခန့်အကြာထိ သုံးစွဲခဲ့သူများတွင် သွေးကြောများအတွင်း သွေးခဲများ ပေါ်ထွက်လာနိုင်ခြေ ၆၀ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း သိရသည်။

ထို့ပြင် HRT ကုထုံးဆေးဝါးများကို အချိန်အဆ အမြင့်မားဆုံး သုံးစွဲခဲ့သူများ၌ နှလုံးရှုတ်တရက် ဖောက်နိုင်ခြေ ၄၀ ရာခိုင်နှုန်း၊ လေဖြတ်နိုင်ခြေ ၅၀ ရာခိုင်နှုန်း ထိ မြင့်တက်လာနိုင်ကြောင်း၊ အလားတူ HRT ကုထုံး သောက်ဆေးများကို ငါးနှစ်နှင့်အထက် သုံးစွဲသူ အမျိုးသမီးများတွင် နှလုံးရှုတ်တရက် ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေ နှစ်မျိုးစလုံး ၈၀ ရာခိုင်နှုန်းကျော် မြင့်တက်လာနိုင်ကြောင်း ဒိန်းမတ်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် အရေပြားကပ်ခွာ၊ လိမ်းဆေးနှင့် ဖျန်းဆေးကဲ့သို့ HRT ဟော်မုန်းအစားထိုးကုထုံးများ သုံးစွဲသူများတွင်မူ အထက်ပါ ကျန်းမာရေးပြဿနာများ ပေါ်ထွက်လာမှုမရှိကြောင်း ဒိန်းမတ် သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

# တရုတ်အမျိုးသားအာကာသအေဂျင်စီက အဝေးအာရုံခံဂြိုဟ်တုအုပ်စုသစ်ကို အောင်မြင်စွာလွှတ်တင်ခဲ့

**ပေကျင်း စက်တင်ဘာ ၂၈**

တရုတ်အမျိုးသား အာကာသ အေဂျင်စီသည် အဝေးအာရုံခံ ဂြိုဟ်တု အုပ်စုသစ်ကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း စက်တင်ဘာ ၂၇ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

ယောင်ကန်း-၄၀ ၀၄ အမည်ရှိ ဂြိုဟ်တုအုပ်စုကို တရုတ်နိုင်ငံ မြောက်ပိုင်း ရှန်ရှီးပြည်နယ် တိုင်ယွန်ဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ တစ်ဆင့် လောင်းမတ်ချ်-၆ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၆ ဒုံးပျံသည် ယောင်ကန်း-၄၀ ၀၄ ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့သည်ဟု တရုတ်အစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထား



ကြောင်း သိရသည်။

အဆိုပါမစ်ရှင်ဖြင့် လွှတ်တင်ခဲ့သည့် ယောင်ကန်း- ၄၀ ၀၄ ဂြိုဟ်တုအရေအတွက်ကို တရုတ်အမျိုးသား အာကာသအေဂျင်စီက ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

တရုတ်အမျိုးသား အာကာသ အေဂျင်စီသည် လျှပ်စစ်သံလိုက်လှိုင်းပတ်ဝန်းကျင် တိုင်းတာလေ့လာရေးနည်းပညာနှင့် အခြား ဆက်စပ်နည်းပညာများကို စမ်းသပ်ရာတွင် ယောင်ကန်း-၄၀ ၀၄ ဂြိုဟ်တုများကို အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ ကြိမ်ရေ ၆၇၀ မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# သွေးတိုးလူနာများအနက် ၅၀ ရာခိုင်နှုန်းကျော်က ရောဂါဖြစ်ပွားနေကြောင်း မသိသူများဖြစ်နေ

**လန်ဒန် စက်တင်ဘာ ၂၈**

သွေးတိုးရောဂါ ဖြစ်ပွားနေသူများ အနက် ၅၀ ရာခိုင်နှုန်းကျော်တို့မှာ ရောဂါရှိနေကြောင်း မသိကြသူများဖြစ်နေသည်ဟု ဗြိတိန်သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၂၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

သို့ဖြစ်ရာ သွေးတိုးရောဂါရှိနေကြောင်း မသိခြင်းကြောင့် နှလုံးရုတ်တရက်ဖောက်နိုင်ခြေ၊ လေဖြတ်နိုင်ခြေနှင့် သေချိန်မတန်ဘဲ သေရနိုင်ခြေများ မြင့်တက်လာတတ်ကြောင်း အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် လူပေါင်း ၁ ဒသမ ၄ သန်းတို့၏ ကျန်းမာရေးမှတ်တမ်းများကို လေ့လာစိစစ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ သွေးတိုးရောဂါရှိသူ ၅၉ ရာခိုင်နှုန်းမှာ ၎င်းတို့တွင် ရောဂါရှိ၍ရှိမှန်းမသိကြကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

အပေါ်သွေးဖိအား ၁၄၀ မီလီမီတာမာကျူရီ၊ အောက်သွေး ၉၀ မီလီမီတာမာကျူရီနှင့် အထက်ရှိနေသူများကို သွေးတိုးရောဂါရှိသူများအဖြစ် ဆေးပညာရှင်များက သတ်မှတ်ထားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သွေးတိုးရောဂါသည် အမျိုးသမီးများထက် အမျိုးသားများတွင် ၅၀ ရာခိုင်နှုန်း ပို၍အဖြစ်များကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# အမေရိကန် အာကာသတပ်ဖွဲ့၏ USSF-385 ဂြိုဟ်တုမစ်ရှင်ကို စပေ့အိတ်ကုမ္ပဏီက အောင်မြင်စွာလွှတ်တင်

**ဝါရှင်တန် စက်တင်ဘာ ၂၈**

အမေရိကန် အာကာသတပ်ဖွဲ့၏ USSF-385 အမည်ရှိ ဂြိုဟ်တုမစ်ရှင်ကို စပေ့အိတ်ကုမ္ပဏီက အောင်မြင်စွာ လွှတ်တင်ပေးခဲ့ကြောင်း စက်တင်ဘာ ၂၇ ရက် သတင်းများအရ သိရသည်။

USSF-385 ဂြိုဟ်တုကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း၊ လွှတ်တင်ပြီး မကြာမီမှာပင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် US-SF- 385 ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ပထမအဆင့် ပင်မဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

USSF-385 မစ်ရှင်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို စပေ့အိတ်ကုမ္ပဏီနှင့် အာကာသတပ်ဖွဲ့တို့က ထုတ်ပြန်ထားခြင်းမရှိပေ။

USSF-385 မစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သော ၁၀၈ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင် ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

**ရှေ့ဖုံးမှအဆက်**

ဆေးရုံအဆင့်တိုးမြှင့်ပေးရေး၊ ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးရေး၊ ဝန်ထမ်းများ ခန့်ထားပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခုတင်သွင်းခြင်းနှင့် ဥပဒေကြမ်း နှစ်ခု အစီရင်ခံစာတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာကျော်ကျော်ဌေး၏ **ကျောင်းမနေနိုင်သည့် ကလေးများစာရင်းကောက်ယူပြီး အခြေခံပညာအဆင့်ပြီးမြောက်စေရန် ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေနိုင်သည့် ကလေးများစာရင်းကို ပြည်သူ့အင်အားဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် မြို့နယ်ပညာရေးမှူးများက ပေါင်းစပ်၍ စာရင်းကောက်ယူပြုစုထားရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေနိုင်သည့် ကလေးများ၊ ကျောင်းပြင်ပရောက်ရှိနေသည့် ကလေးများအတွက် အသက်အရွယ်အရ တက်ရောက်ရမည့် အတန်းသတ်မှတ်ချက်ဖြင့် Placement Test(အထူးအစီအစဉ်)ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးခဲ့ပြီး မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် အသက် ၁၅ နှစ် ၃ လ အတွင်း ကျောင်းသား ၁၄၄၃၈၄ ဦးကို အခြေခံပညာကျောင်းများသို့ ဝင်ရောက်ပညာသင်ကြားခွင့်ပြုနိုင်ရေး ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အချို့ရှိ ကျောင်းပြင်ပသို့ ရောက်ရှိနေသော သက်လွန်ကလေးများ ပညာသင်ယူမှုအခွင့်အလမ်း မဆုံးရှုံးစေရေးအတွက် ကျောင်းပြင်ပ ပညာရေး Placement Test ဖြေဆိုခွင့်ကို အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေးတို့၏ မူလအသက်သတ်မှတ်ချက်ကို ဖြေလျှော့ပေး၍ Placement Test ဖြေဆိုခွင့်ရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အရေးပေါ်အခြေအနေကြေညာထားသည့် ဒေသများမှ ကလေးများဖြစ်ပါက ပညာရေးဆိုင်ရာအထောက်အထားများ မပြည့်စုံနိုင်သည့်အခြေအနေများ ရှိနိုင်သဖြင့် ၎င်းဒေသတွင် နေထိုင်ခဲ့ကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ အဆိုပါဒေသရှိအခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၏ ပညာရေးဆိုင်ရာထောက်ခံချက်နှင့် ကျန်းမာရေးမှူး၏ အသက်ထောက်ခံချက်များဖြင့် စိစစ်ပြီး Placement Test ဖြေဆိုခွင့်ပြုစေလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ အခြေခံပညာဦးစီးဌာနက အသက် ၁၅ နှစ် ၃ လထိရှိသည့် ကျောင်းနေအရွယ်ကလေးများအတွက် Placement Test (အထူးအစီအစဉ်)ဖြင့် အသက်နှင့် အတန်းချိန်ညှိ၍ ပညာသင်ယူခွင့် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် အသက် ၁၅ နှစ် ၃ လ အထက် ကလေးလူငယ်များအတွက် ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တန်းညှိပညာရေးအစီအစဉ်များမှတစ်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးကို စဉ်ဆက်မပြတ် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်နိုင်သည့် ကျောင်းပြင်ပရောက်နေသော ကလေးသူငယ်များကို ကျောင်းပြင်ပတန်းညှိပညာရေးအစီအစဉ်များဖြင့် အခြေခံပညာအဆင့် ပြီးမြောက်စေရေး မူဝါဒများချမှတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ရန်ကင်းမဲဆန္ဒနယ်မှ ဦးတင်မိုးအောင် ခေါ် နေရှိုင်း၏ **လိုင်စင်မဲ့မော်တော်ယာဉ်များကို တရားဝင်မှတ်ပုံတင်ခွင့်ပြုနိုင်ရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် တရားဝင်ခွင့်ပြုချက်ဖြင့် တင်သွင်းရောက်ရှိလာသော မော်တော်ယာဉ်များနှင့် ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်သော မော်တော်ယာဉ်များ ကနဦးမှတ်ပုံတင်ခြင်းဆောင်ရွက်ပေးရာတွင် ပြည်ပမှတင်သွင်းလာသည့် မော်တော်ယာဉ်များ ကနဦးမှတ်ပုံတင်လျှောက်ထားရာ၌ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ သို့မဟုတ် Release Order Notification၊ အကောက်ခွန်ဖော်ပြချက်ကိုလည်းကောင်း၊ ပြည်တွင်း၌ CKD/SKD စနစ်ဖြင့်ထုတ်လုပ်သည့် မော်တော်ယာဉ်များ ကနဦးမှတ်ပုံတင်လျှောက်ထားရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးထားသော သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ကုမ္ပဏီ၏ ကိုယ်စားလှယ်ခွင့်ပြုစာ Quality Certificate ကို ကုမ္ပဏီက လက်မှတ်ရေးထိုးထားခြင်း Vehicle Identification Number (VIN Plate)၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ မော်တော်ယာဉ်အမျိုးအစားအလိုက် ထုတ်လုပ်ခွင့်ပြုချက်၊ Certificate of Approval သို့မဟုတ် Inspection Certificate စသည့် စာရွက်စာတမ်းအထောက်အထားများ တင်ပြမှသာ မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ `

ပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အထက်ဖော်ပြပါ အထောက်အထားများပါရှိသည့် မော်တော်ယာဉ်များကိုသာ မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ယခင်ကမော်တော်ယာဉ် ၆၂၆ စီးကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သော်လည်း တရားမဝင် ဝင်ရောက်မှုများ လျော့နည်းသွားခြင်းမရှိသည့်အတွက် တရားမဝင်ရောက်ရှိနေသော လိုင်စင်မဲ့မော်တော်ယာဉ်များကို ဒဏ်ကြေးနှင့် အခွန်အခများ ပေးဆောင်စေကာ တရားဝင်မှတ်ပုံတင် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး၏ **စက်တပ်ဆိုင်ကယ်များကို စနစ်တကျကန့်သတ်ရန်နှင့် ဘေးတွဲပုဂ္ဂိုလ်ကတစ်ဝက် နိုင်ငံတော်ကတစ်ဝက် မျှခံစနစ်ဖြင့် သုံးဘီးယာဉ်ငယ်များရောင်းချပေးရန်အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြင့်က အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုနေသော တရားမဝင် ဘေးတွဲမော်တော်ဆိုင်ကယ်များသည် စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျစမ်းသပ်ထုတ်လုပ်ထားသော စက်ရုံထုတ်ယာဉ်မဟုတ်ဘဲ ဒေသန္တရအလုပ်ရုံ(Workshop)များတွင် မိမိသဘောဆန္ဒအလျောက် ပြုပြင်ထားခြင်းများဖြစ်သောကြောင့် Road Safety အရ မောင်းနှင်သူအပါအဝင် လိုက်ပါစီးနင်းသူ ခရီးသွားပြည်သူများ၊ အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အသုံးပြုနေသော လမ်းအသုံးပြုသူများကို အန္တရာယ်ဖြစ်စေနိုင်သောကြောင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ တရားမဝင်ဘေးတွဲများ အသုံးပြုခြင်းကို ခွင့်ပြု၍မရပါကြောင်း၊ ခေတ္တမောင်းနှင်ခွင့် (ယာယီ) လိုင်စင်ထုတ်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် ဘေးတွဲကို ပုဂ္ဂိုလ်ကတစ်ဝက် နိုင်ငံတော်ကတစ်ဝက် မျှခံစနစ်ဖြင့် သုံးဘီးယာဉ်ငယ်များကို ရောင်းချပေးနိုင်ရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၏ **ကြာအင်းဆိပ်ကြီးမြို့ပေါ် TR(18)လုံးအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် မွန်ပြည်နယ် ချောင်းနှစ်ခွကျေးရွာ၌ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားပြီး မွန်ပြည်နယ်အတွင်းရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်း နှစ်မိုင်ခန့်ထိခိုက်ပျက်စီးခဲ့မှုကြောင့် ချောင်းနှစ်ခွကျေးရွာအပါအဝင် ကြာအင်းဆိပ်ကြီးမြို့ပေါ်ရပ်ကွက်များနှင့် ဌာနဆိုင်ရာရုံးများ ဓာတ်အားပြတ်တောက်ခဲ့ပြီး တည်ဆောက်ထားသည့် ၁၁ ကေဗွီ ဓာတ်အားလိုင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်းများနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများ၏ ပျက်စီးမှုများကို နယ်မြေလုံခြုံရေးအခြေအနေအရ ယနေ့အချိန်ထိ စစ်ဆေးနိုင်ခြင်းမရှိသေးပါကြောင်း။

မွန်ပြည်နယ်အတွင်းရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းကို ပြုပြင်ခြင်းနှင့် ကရင်ပြည်နယ်ဘက်ခြမ်းရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၇ မိုင်၊ ကြာအင်းဆိပ်ကြီးမြို့ပေါ်ရှိ ၄၀၀ ဗို့ ဓာတ်အားလိုင်း ငါးမိုင်ခန့်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများကို ဒေသလုံခြုံရေးအပေါ် မူတည်၍ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးမှသာ ကြာအင်းဆိပ်ကြီးမြို့သို့ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း၏ **မော်လမြိုင်ကျွန်းမြို့နယ်၌ ဓာတ်အားခွဲရုံ (66 KV) တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းမြို့များ ဗို့အားတိုးတက်ကောင်းမွန်ပြီး ဓာတ်အားပိုမိုပို့လွှတ်ဖြန့်ဖြူးနိုင်ရေးအတွက် ၃၃ ကေဗွီ ဓာတ်အားစနစ်မှ ၆၆ ကေဗွီ ဓာတ်အားစနစ်သို့ တိုးမြှင့်ရန် ၆၆ ကေဗွီ ကျိုက်လတ်-ဖျာပုံဓာတ်အားလိုင်း ၁၄ ဒသမ ၆ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဖျာပုံ ဓာတ်အားခွဲရုံစီမံကိန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်လျက်ရှိပြီး ၆၆ ကေဗွီ ဖျာပုံ-ဘိုကလေး ဓာတ်အားလိုင်း ၂၁ ဒသမ ၄ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၂x၁၀ အမ်ဗွီအေ ဘိုကလေး ဓာတ်အားခွဲရုံ စီမံကိန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်နှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တို့တွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဘိုကလေးမြို့သို့ ၆၆ ကေဗွီ ဓာတ်အားစနစ်ဖြင့် လျှပ်စစ်ဓာတ်အားရရှိပြီးပါက ၆၆ ကေဗွီ ဘိုကလေး-မော်လမြိုင်ကျွန်း ဓာတ်အားလိုင်း ၁၈ မိုင်နှင့် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ မော်လမြိုင်ကျွန်း ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းကို ဆက်လက်လျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးဆင်ဆုန်း၏ **ကချင်ပြည်နယ် ကဆန်ချောင်းမှ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်းကို မည်သည့်အချိန်တွင် စတင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်းမြို့နယ်တွင် လျှပ်စစ်မီးအပြည့်အဝရရှိရေးအတွက် နောင်မွန်းမြို့၏ အနောက်ဘက် ၁၁ မိုင်ခန့်အကွာရှိ ကဆန်ချောင်းမှ အသေးစားရေအားလျှပ်စစ် ထုတ်ယူနိုင်ရန် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ပဏာမစူးစမ်းတိုင်းတာရေးအဖွဲ့က အသေးစိတ်ကွင်းဆင်းတိုင်းတာစစ်ဆေးဆောင်ရွက်ခဲ့ပါကြောင်း၊ စစ်ဆေးတွေ့ရှိချက်အရ ရေဆင်းရေယာ ၁၄၅ စတုရန်းကီလိုမီတာရှိပြီး စက်တပ်ဆင်အင်အား ကီလိုဝပ် ၁၈၀၀ မှ ကီလိုဝပ် ၂၀၀၀ ထိထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ နောင်မွန်းမြို့နယ်၏ ဓာတ်အားလိုအပ်ချက်မှာ ကီလိုဝပ် ၇၀၀ ဖြစ်ပါသဖြင့် ကဆန်ချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း ဆောင်ရွက်နိုင်ပါက နောင်မွန်းမြို့နယ်မှာ ၂၄ နာရီ ဓာတ်အားအပြည့်အဝရရှိမည်ဖြစ်ပါကြောင်း။

နယ်မြေလုံခြုံရေးအခြေအနေအရ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများသယ်ယူရန် အခက်အခဲရှိခြင်း၊ ရင်းနှီးမြှုပ်နှံလိုသူ ဒေသခံပုဂ္ဂလိကလုပ်ငန်းရှင်များ မရှိသေးခြင်းကြောင့် ကဆန်ချောင်းအသေးစားရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းကို လတ်တလောတည်ဆောက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် နယ်မြေအခြေအနေကောင်းမွန်ပြီး ရင်းနှီးမြှုပ်နှံလိုသည့် ဒေသခံပုဂ္ဂလိကလုပ်ငန်းရှင်များက လျှောက်ထားလာပါက အသေးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်းဖြစ်၍ ကချင်ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထန်းတပင်မဲဆန္ဒနယ်မှ ဦးကျော်ကျော်ဦး၏ **ထန်းတပင်မြို့ ဆိပ်ကြီးနှင့် အောင်မင်္ဂလာရပ်ကွက်တို့ကို ၁၁ ကေဗွီ ထန်းတပင်ဖီဒါလိုင်းအတွင်းသို့ ပြောင်းလဲတပ်ဆင်ရန်နှင့် ဆိပ်ကြီးနှင့် သီရိဟေမာရပ်ကွက်အတွင်းရှိ ရှည်လျားဆားဗစ်များကို ၄၀၀ ဗို့လိုင်းခန်းတိုတပ်ဆင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ပဲခူးတိုင်းဒေသကြီးအရှေ့ ထန်းတပင်မြို့ပေါ်ရှိ ဆိပ်ကြီးရပ်ကွက်နှင့် အောင်မင်္ဂလာရပ်ကွက်တို့ကို ၁၁ ကေဗွီ ထန်းတပင်(မြို့တွင်း) ဓာတ်အားလိုင်းသို့ ပြောင်းလဲချိတ်ဆက်နိုင်ရန်အတွက် ဆိပ်ကြီးရပ်ကွက်တွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ပေ ၄၉၀၀ နှင့် အောင်မင်္ဂလာရပ်ကွက်တွင်

**စာမျက်နှာ ၉ သို့**

အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးပြည်သူ့စကားဝိုင်း ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၈**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ ပူးပေါင်း၍ ဒေသဖွံ့ဖြိုး တိုးတက်ရေးပြည်သူ့စကားဝိုင်းကို ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးမြို့ အောင်မြေ သာစံမြို့နယ် UTOPIA ခန်းမ၌ ကျင်းပသည်။

ပြည်သူ့စကားဝိုင်းတွင် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြား ရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ် ဦးစီးမှူး၊ မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီ၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေး မှူးနှင့် မြို့နယ်ဒုတိယလျှပ်စစ်မန်နေဂျာတို့ က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာသူများ၏ ဒေသဖွံ့ဖြိုးရေး နှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို ရှင်းလင်း ဆွေးနွေးကြသည်။

အဆိုပါစကားဝိုင်းသို့ မန္တလေးတိုင်းဒေသ ကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက် အမှာစကားပြောကြားပြီး စကားဝိုင်း ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်သည့် ရပ်ကွက်နေပြည်သူများ၊ ရပ်မိရပ်ဖများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

မြင့်ဇော်ထွန်း(ပြန်/ဆက်)



**စာမျက်နှာ ၈ မှအဆက်**

၁၁ ကေဗွီခာတ်အားလိုင်း ပေ ၂၇၀၀ တည်ဆောက်ခြင်းနှင့် ရှည်လျားဆားဗစ်ကြိုးများအတွက် ဆိပ်ကြီး ရပ်ကွက်တွင် ၄၀၀ ဗို့ခာတ်အားလိုင်း ပေ ၁၇၀၀ နှင့် သီရိဟေမာရပ်ကွက်တွင် ၄၀၀ ဗို့ ခာတ်အားလိုင်း ပေ ၂၁၀၀ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံ ငွေတွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေ ရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြားသည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၏ **သာပေါင်းမြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ၏ ဝန်ထမ်းအိမ်ရာကို အစောဆုံးဘဏ္ဍာနှစ်တွင် ထည့်သွင်းပြီး ဆက်လက်ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက သာပေါင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခြောက်ခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်း ကို Ample Power ကုမ္ပဏီက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တွင် တင်ဒါအောင်မြင်ခဲ့ပြီး အဆိုပါ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းတစ်ခုလုံး၏ ၇၅ ရာခိုင်နှုန်း ပြီးစီးခဲ့ပါသဖြင့် ကျပ်သန်း ၅၂၇ ဒသမ ၁၀၁ ကို ပေးချေခဲ့ပြီးဖြစ် ပါကြောင်း။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျန်ရှိသောလုပ်ငန်း တစ်ခုလုံး၏ စတုတ္ထအရစ်ဖြစ်သည့် ၂၅ ရာခိုင်နှုန်းကို ဆက်လက်ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိခဲ့ပြီး စတုတ္ထ အရစ်အတွက် ၁၈ ရာခိုင်နှုန်းသာပြီးစီးအောင် ဆောင် ရွက်နိုင်ခဲ့ပြီး ငွေကျပ် ၁၃၃ ဒသမ ၁၄ သန်းကို ပေးချေခဲ့ ပြီး လုပ်ငန်းဆောင်ရွက်ရန်ကျန်ရှိသည့် စတုတ္ထအရစ် ၏ ခုနစ်ရာခိုင်နှုန်းအတွက် ကျန်ရှိသောခွင့်ပြုငွေကျပ် ၄၂ ဒသမ ၅၆၁ သန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ထပ်မံခွဲဝေချထားခဲ့ရာ Ample Power ကုမ္ပဏီက ဆောင်ရွက်ရန်အတွက် နောက်ဆက်တွဲစာချုပ်ကို ၂၀၂၂ ခုနှစ်တွင် ချုပ်ဆိုခဲ့သော်လည်း လုပ်ငန်းဆက်လက် ဆောင်ရွက်နိုင်ခြင်း မရှိတော့ပါကြောင်း။

သို့ဖြစ်၍ Ample Power ကုမ္ပဏီကို ရောဝတီတိုင်း ဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနက တရားစွဲဆို ရန် တိုင်းဒေသ ကြီးအစိုးရအဖွဲ့သို့ အကြောင်းကြား ထားပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းအပြီးသတ်ဆောင်ရွက် ရန် ကျန်ရှိသည့်ဘဏ္ဍာငွေကို အနီးစပ်ဆုံးဘဏ္ဍာနှစ် တွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ရေတာရှည်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းမိုး၏ **ရေတာရှည်မြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံကို အထူးကု ဆရာဝန်ကြီးများပါဝင်သော စံကိုက်ခုတင် ၅၀ ဆေးရုံ အဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ၂၅ ခုတင်ဆံ့မြို့နယ်ဆေးရုံ တစ်ရုံ၊ ဆွာတိုက်နယ်ဆေးရုံ၊ မြို့လှတိုက်နယ်ဆေးရုံ၊ ရေနီတိုက်နယ်ဆေးရုံ စုစုပေါင်း ဆေးရုံ လေးရုံ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ ရေတာရှည်မြို့နယ်ဆေးရုံသည် တောင်ငူပြည်သူ့ ဆေးရုံကြီးနှင့် ၁၇ မိုင်၊ နေပြည်တော် ပြည်သူ့ဆေးရုံ ကြီးနှင့် မိုင် ၆၀ ခန့်ကွာဝေးပါကြောင်း၊ ရေတာရှည် မြို့နယ်ဆေးရုံ၏ သုံးနှစ်စာပျမ်းမျှခြင်းအနေဖြင့် တစ်ရက်ပျမ်းမျှအတွင်း လူနာဦးရေမှာ ၂၁ ဦးရှိပြီး ဆေးရုံခွင့်ပြုခုတင်အသုံးချမှုရာခိုင်နှုန်း ၈၂ ရာခိုင်နှုန်း သာရှိ၍ လတ်တလောတွင် ခုတင် ၅၀ ဆေးရုံအဖြစ် တိုးမြှင့်ရန် မလိုအပ်သေးပါကြောင်း၊ နောင်တွင် ခုတင် အသုံးပြုမှုရာခိုင်နှုန်းတိုးလာပါက ဘဏ္ဍာငွေခွဲဝေရရှိမှု ပေါ်မူတည်၍ ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြားသည်။

တိုက်ကြီးမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **ဖလုံ ဘူတာကျေးရွာအုပ်စုမှ ကျေးလက်ကျန်းမာရေးဌာနခွဲ ကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင် ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယ ဝန်ကြီး ဒေါက်တာအေးထွန်းက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဖလုံဘူတာကျေးရွာအုပ်စုတွင် ကျေးရွာ ၁၀ ရွာ၊ အိမ်ခြေ ၁၆၉၈ အိမ်နှင့် လူဦးရေ ၇၄၆၈ ဦးရှိပါကြောင်း၊ ဖလုံဘူတာကျေးလက် ကျန်းမာရေးဌာနခွဲသည် ကံကုန်းကျေးလက်ကျန်းမာ ရေးဌာနအောက်တွင်ရှိပြီး ကျေးရွာ ၁၇ ရွာ၊ အိမ်ခြေ ၂၅၆၀ နှင့် လူဦးရေ ၁၀၅၅၀ ကို သားဖွားဆရာမ တစ်ဦး နှင့် ကျန်းမာရေးမှူး-၄ တစ်ဦးတို့က ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ ထိုကျေးရွာများ အနက် ဖလုံဘူတာကျေးရွာမှ ၁၀ မိုင်ခန့်ကွာဝေးသော ကင်းမထီး(အထက်)၊ ကင်းမထီး(အလယ်)၊ ကင်းမထီး (အောက်)ကျေးရွာများသည် မိုးရာသီတွင် လမ်းခရီး ကြမ်းတမ်းကာ သွားလာရန်ခက်ခဲသော ကျေးရွာများ ဖြစ်ပါကြောင်း။

ဖလုံဘူတာကျေးရွာသည် ဇဟိုအချက်အချာကျပြီး ဥက္ကံတိုက်နယ်ဆေးရုံနှင့် ရှစ်မိုင်ခန့်၊ တိုက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံနှင့် ၁၅ မိုင်ခန့်ကွာဝေးပြီး လူနာထပ်ဆင့် ပို့ဆောင်ရေးအတွက် လမ်းပန်းဆက်သွယ်မှု အားကောင်းပါကြောင်း။

ဖလုံဘူတာကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာန ဆောက်လုပ်ရန်အတွက် ပေ ၁၅၀ ပတ်လည် မြေနေရာကို ကျေးလက်ကျန်းမာရေးဌာနအမည်ပေါက် ပုံစံ(၁၀၅-၁၀၆)ရရှိရေး ဆောင်ရွက်နေဆဲဖြစ်ပါ ကြောင်း၊ အခြေခံမူအားဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပိုင်အဖြစ် ဂရန်အမည်ပေါက် သို့မဟုတ် အနိမ့်ဆုံးအနေ ဖြင့် ပုံစံ(၁၀၅-၁၀၆)ရှိရမည်ဖြစ်ရာ အဆိုပါမြေယာ ပိုင်ဆိုင်မှုရရှိပါက ဖလုံဘူတာကျေးလက်ကျန်းမာရေး ဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့် မြှင့်တင်နိုင်ရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြားသည်။

မှော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **လယ်ပြင်စုကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မိုးကြိုးပစ် ကျေးရွာအုပ်စု လယ်ပြင်စုကျေးရွာတွင် ကျီးပင်ဆိပ်ကွင်း အမှတ်(၂၇၅-က) ဦးပိုင်အမှတ် N-3၊ ဧရိယာ သုည ဒသမ ၃၄ ဧကရှိ မြေလွတ်မြေရိုင်းအနက်မှ (အလျား ပေ ၂၀၀ x အနံ ၅၀) သုည ဒသမ ၂၃ ဧကကိုရယူ၍ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံကို ဆောက်လုပ်ရန် လျာထားပါကြောင်း၊ အခြေခံမူအား ဖြင့် ကျန်းမာရေးဝန်ကြီးဌာနပိုင်အဖြစ် ဂရန်အမည် ပေါက် သို့မဟုတ် အနိမ့်ဆုံးအနေဖြင့် ပုံစံ(၁၀၅-၁၀၆) ရှိရမည်ဖြစ်ရာ မြေစာရင်းဦးစီးဌာနမှတစ်ဆင့် ဇဟို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီသို့ တင်ပြလျှောက်ထားပြီး ပုံစံ(၁၀၅-၁၀၆) ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါမြေယာ ပိုင်ဆိုင်မှုရရှိပါက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီ မြို့နယ် လယ်ပြင်စုကျေးရွာတွင် ကျေးလက်ကျန်းမာ ရေးဌာနခွဲ ဖွင့်လှစ်နိုင်ရန် တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းအောင်ညွန့်၏ **မိုင်းရယ် မြို့နယ် မန်မုံတိုက်နယ်ဆေးရုံတွင် ကျန်းမာရေး ဝန်ထမ်းများ ထပ်မံခန့်ထားဖြည့်ဆည်းပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိ လိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက ရှမ်းပြည်နယ် မိုင်းရယ်မြို့နယ် မန်မုံ တိုက်နယ်ဆေးရုံတွင် ဆေးဘက်ကျွမ်းကျင်(၄) (ခာတ်ခွဲ) တစ်ဦးအပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုသရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် အထက် တန်းသူနာပြု တစ်ဦးနှင့် သူနာပြု နှစ်ဦးတို့ ၂၀၂၆ ခုနှစ် ဇူလိုင် ၁၄ ရက်မှစ၍ တာဝန်ထမ်းဆောင်လျက်ရှိပြီး ရှမ်းပြည်နယ် မိုင်းရယ်မြို့နယ်ပြည်သူ့ဆေးရုံတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ပြည့် ဖြိုးအောင်က တာဝန်ယူကုသပေးလျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုသရေးဦးစီးဌာန၏ ၁၈-၉-၂၀၂၆ ရက်စွဲပါစာဖြင့် လားရှိုးမြို့ပြည်သူ့ဆေးရုံ ကြီးမှ လက်ထောက်ဆရာဝန် ဒေါက်တာရဲနိုင်ဦးသည် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှစ၍ မိုင်းရယ်မြို့နယ် မန်မုံတိုက်နယ်ဆေးရုံတွင် စတင်တာဝန်ထမ်းဆောင် နေပြီဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် လှိုင်သာယာ(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးချမ်းက **"မြန်မာနိုင်ငံ ပြည်တွင်းဘဏ်များ အရေအတွက်လျှော့ချပြီး ပိုမိုခိုင်မာအင်အားကြီးပြီး အရည်အသွေးမြင့်သော ဘဏ်များပေါ်ပေါက်လာရေး အတွက် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ မိုလ်တထောင်မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုကို လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလို သည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြု၍ ပေးပို့လာသော **"အမျိုးသား လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့် **"တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"**တို့နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီဝင်များက လွှတ်တော်သို့ဖတ်ကြားတင်သွင်း ရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းတို့ နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများ တင်သွင်း လိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်း အဝေး သတ္တမနေ့ကို စက်တင်ဘာ ၂၉ ရက်တွင် ကျင်းပ သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

# ပဲပုပ်စိုက်ပျိုးနည်းလမ်းစုံ တောင်သူဝင်ငွေတိုးပြီး ဆီဖူလုံ

**စိုးမိုးဝင်း(စိုက်ပျိုးရေး)**

ပဲပုပ်သည် အရှေ့အာရှဒေသဇာတိဖြစ်သော ပဲမျိုးရင်းဝင် အပင်မျိုးစိတ်တစ်ခုဖြစ်ပြီး ဆီပါဝင်မှုနှုန်း မြင့်မားခြင်း၊ ဟင်းသီးဟင်းရွက်ဆီအဖြစ် ပိုမိုအသုံးများခြင်းနှင့် စက်မှုလုပ်ငန်းသုံး ဇီဝဒီဇယ်အသုံးပြုခြင်းတို့ကြောင့် ပဲမျိုးအဖြစ်သာမက ဆီထွက်သီးနှံအဖြစ် သတ်မှတ်ထားသည်။ ပဲပုပ်သည် ကမ္ဘာ့ဆီထွက်သီးနှံထုတ်လုပ်မှု စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းခန့်ရှိသည်။ ပဲပုပ်ကို ကမ္ဘာတစ်ဝန်းတွင် စိုက်ပျိုးပြီး ကုန်သွယ်မှုပြုကြကာ ကမ္ဘာ့အရေးအပါဆုံး ကုန်စည်များထဲမှတစ်ခုအဖြစ် သတ်မှတ်ထားသည်။ နှစ်စဉ်ပျမ်းမျှအသုံးပြုနေသော ပဲပုပ်တန်ချိန်သန်း ၂၆၀ ထဲမှ ၁၀ ရာခိုင်နှုန်းခန့်ကို လူသားတို့စားသောက်ရန် တိုက်ရိုက်အသုံးပြုပြီး ၂၀ ရာခိုင်နှုန်းခန့်ကို ဆီအဖြစ်ထုတ်ယူကာ ကျန်ရှိသောပမာဏကို မွေးမြူရေးတိရစ္ဆာန်အစာအဖြစ် အသုံးပြုကြသည်။

**ပဲပုပ်ဆီ**

ပဲပုပ်ဆီဆိုသည်မှာ ဆီပါဝင်မှု ၁၈ ရာခိုင်နှုန်းမှ ၂၁ ရာခိုင်နှုန်းရှိသော ပဲပုပ်စေ့များမှ ဓာတုပျော်ရည်ဖြင့် အဓိကထုတ်ယူရရှိသည့် ဟင်းသီးဟင်းရွက်ဆီတစ်မျိုးဖြစ်သည်။ သမိုင်းတစ်လျှောက်တွင် စားသုံးဆီအဖြစ်သာမက မွေးမြူရေးတိရစ္ဆာန်အစာများတွင်လည်း အရေးပါသော ပါဝင်ပစ္စည်းတစ်ခုအဖြစ် အသုံးပြုခဲ့ကြသည်။

ယခင်က ပဲပုပ်ဈေးကွက်သည် ပဲဖတ်ဝယ်လိုအားအပေါ်တွင်သာ အဓိကမူတည်ခဲ့သော်လည်း နောက်ပိုင်းတွင် ပဲပုပ်မှထုတ်လုပ်သော ဇီဝဒီဇယ် ခေတ်စားလာမှုနှင့်အတူ ဆီဝယ်လိုအားက ဦးဆောင်သည့်ဈေးကွက်အဖြစ်သို့ ပြောင်းလဲလာခဲ့သည်။

ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီ ဈေးကွက်တွင် စားအုန်းဆီနှင့်ပဲပုပ်ဆီတို့သည် စုစုပေါင်းထုတ်လုပ်မှုနှင့်သုံးစွဲမှုပမာဏ၏ ၆၀ ရာခိုင်နှုန်းခန့်ကို လွှမ်းမိုးထားသော အဓိကကုန်စည်ကြီးနှစ်ခုဖြစ်သည်။ ထုတ်လုပ်မှုစရိတ် အသက်သာဆုံးဖြစ်ပြီး မုန့်ဖုတ်လုပ်ငန်းနှင့် စားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍတွင် မရှိမဖြစ်လိုအပ်သော စားအုန်းဆီသည် ကမ္ဘာ့ဈေးကွက်ဝေစု၏ ၄၀ ရာခိုင်နှုန်းခန့်ဖြင့် ပထမနေရာတွင် ဦးဆောင်နေသည်။ ကျန်းမာရေးနှင့် ပိုမိုညီညွတ်ပြီး အိမ်သုံးစားသုံးဆီအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြသည့် ပဲပုပ်ဆီသည် ဈေးကွက်ဝေစု ၂၈ ရာခိုင်နှုန်းကျော်ဖြင့် ဒုတိယနေရာမှ ကပ်လျက်လိုက်ပါနေသည်။ လုပ်ငန်းသုံးထုတ်လုပ်မှုကဏ္ဍတွင် စားအုန်းဆီက ပိုမိုတွင်ကျယ်ခေတ်စားနေသော်လည်း ကျန်းမာရေးနှင့်အိမ်သုံးဆီရှုထောင့်တွင် ပဲပုပ်ဆီသည် ကမ္ဘာတစ်ဝန်းတွင် ဒုတိယအရေးပါဆုံးဆီအဖြစ် ခိုင်မာစွာရပ်တည်နေသည်။

ပဲပုပ်ဆီ၏ထူးခြားချက်များမှာ ကျန်းမာရေးနှင့် ညီညွတ်မှုရှိခြင်း၊ ထုတ်လုပ်မှုကွင်းဆက် ခိုင်မာခြင်းတို့ဖြစ်သည်။ စားအုန်းဆီနှင့်နှိုင်းယှဉ်ပါက ပဲပုပ်ဆီတွင် ခန္ဓာကိုယ်အတွက် ကောင်းမွန်သည့် မပြည့်ဝဆီနှင့် အိုမီဂါ-၃ ဖက်တီးအက်စစ်များ ပိုမိုကြွယ်ဝစွာပါဝင်သည်။ ဤအဆီဓာတ်များသည် သွေးတွင်းရှိ မကောင်းသော ကိုလက်စထရောကို လျှော့ချပေးပြီး နှလုံးနှင့်သွေးကြော ကျန်းမာရေးကို အထူးကောင်းမွန်စေခြင်း၊ ဦးနှောက်နှင့် အာရုံကြောစနစ်ကို အားကောင်းစေခြင်းနှင့် ခန္ဓာကိုယ်တွင်း ရောင်ရမ်းမှုများကို သက်သာစေခြင်း စသည့်ကျန်းမာရေးအကျိုးကျေးဇူးများကို ပေးစွမ်းနိုင်သောကြောင့် ကျန်းမာရေး လိုက်စားသူများကြား အိမ်သုံးစားသုံးဆီအဖြစ် အထူးမျက်နှာပန်းပွင့်လှသည်။ ထို့ကြောင့် ပဲပုပ်ဆီထုတ်လုပ်မှုကဏ္ဍသည် စဉ်ဆက်မပြတ် ပုံမှန်အားကောင်းကာ ဈေးကွက်တွင် ခိုင်မာစွာရပ်တည်နေနိုင်ခြင်းဖြစ်သည်။

**ပဲပုပ်ဆီထုတ်လုပ်မှု**

၂၀၂၅-၂၀၂၆ ခုနှစ် ကမ္ဘာ့ပဲပုပ်ဆီထုတ်လုပ်မှုစာရင်းအရ တရုတ်နိုင်ငံသည် မက်ထရစ်တန် ၂၁ ဒသမ ၁၇ သန်းဖြင့် ၂၉ ရာခိုင်နှုန်းရှိကာ ပထမနေရာတွင် ရပ်တည်နေပြီး အမေရိကန်နိုင်ငံသည် ၁၄ ဒသမ ၀၅ သန်းဖြင့် ၁၉ ရာခိုင်နှုန်းရှိကာ ဒုတိယနှင့် ဘရာဇီးနိုင်ငံသည် ၁၂ ဒသမ ၆၄ သန်းဖြင့် ၁၇ ရာခိုင်နှုန်းရှိကာ တတိယဖြစ်သည်။ ထို့နောက် အာဂျင်တီးနား၊ ဥရောပသမဂ္ဂနိုင်ငံများ၊ အိန္ဒိယ၊ မက္ကဆီကို၊ ရုရှား၊ အီဂျစ်၊ ပါရာဂွေးနိုင်ငံတို့ အသီးသီး ရပ်တည်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပဲပုပ်ဆီထုတ်လုပ်မှုသည် နည်းပညာအကူးအပြောင်းအရ စက်မှုနည်းစနစ်ဖြင့် ညှစ်ထုတ်သန့်စင်ပြီး ဈေးကွက်ထဲသို့ စတင်



ဝင်ရောက်နေပြီဖြစ်သည်။ ဆီညှစ်ထုတ်ခြင်းအဆင့်တွင် ခေတ်မီဆီညှစ်စက်ကြီးများသုံး၍ အဆင့်ဆင့်ဖိညှစ်ထုတ်ယူသည့်စနစ်ကို အသုံးပြုနေကြသည်။ ဤနည်းစနစ်သည် ဓာတုပစ္စည်းများ လုံးဝမပါဝင်ဘဲ ပဲပုပ်စေ့မှ ဆီကိုသဘာဝအတိုင်း အင်အားသုံးဖိညှစ်ထုတ်ယူခြင်းဖြစ်သည်။ ဆီချောသန့်စင်ခြင်းအဆင့်တွင် စက်ဖြင့်ဖိညှစ်ပြီးနောက် ရရှိလာသော ပဲပုပ်ဆီအကြမ်းကို အရောင်၊ အနံ့နှင့် အနည်အဖတ်များ ကင်းစင်သွားအောင် ခေတ်မီဆီသန့်စင်စက်ရုံများတွင် အဆင့်ဆင့် သန့်စင်လိုက်ခြင်းဖြစ်သည်။ ဤသို့ သန့်စင်လိုက်ခြင်းကြောင့် ပဲပုပ်ဆီသည် ဘေးဥပဒ်ကင်းပြီး ကြည်လင်ရွှေဝါရောင်သန်းကာ ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီအဆင့်သို့ ရောက်ရှိသွားသည်။ ပြည်တွင်းဖြစ် ပဲပုပ်ဆီချောများသည် ယခုအခါ ပြည်တွင်းစားသုံးဆီဈေးကွက်အတွင်းရှိ ကုန်တိုက်များနှင့် ဈေးဆိုင်များတွင် အရည်အသွေးမြင့် အိမ်သုံးစားသုံးဆီအဖြစ် အမှတ်တံဆိပ်အမျိုးမျိုးဖြင့် စတင်ရောင်းချနေပြီဖြစ်သည်။

**ပဲပုပ်သီးနှံ၏အရေးပါမှု**

ပဲပုပ်ဆီဝယ်လိုအား အရှိန်အဟုန်ဖြင့် မြင့်တက်လာမှုကြောင့် ပဲပုပ်စိုက်ပျိုးရေးသည် ကမ္ဘာ့စီးပွားရေးနှင့် လယ်ယာကဏ္ဍတွင် မရှိမဖြစ် အရေးပါသော အခန်းကဏ္ဍသို့ ရောက်ရှိလာသည်။ ပဲပုပ်သည် လူသားတို့အတွက် နေ့စဉ်မရှိမဖြစ်လိုအပ်သော စားသုံးဆီကို ပေးစွမ်းနိုင်ရုံသာမက မွေးမြူရေးလုပ်ငန်းအတွက် ပရိုတင်းဓာတ်မြင့်မားသော တိရစ္ဆာန်အစာ ပဲဖတ်ကို ထုတ်လုပ်ပေးနိုင်သည့် နှစ်ကဏ္ဍအကျိုးပြု ရွှေကောက်ပဲသီးနှံဖြစ်သည်။ ယနေ့ခေတ် စားနပ်ရိက္ခာနှင့် ကုန်ကြမ်းလိုအပ်ချက်မြင့်မားလာချိန်တွင် ပဲပုပ်တိုးချဲ့စိုက်ပျိုးခြင်းသည် တောင်သူလယ်သမားများအတွက် ပုံမှန်ဝင်ငွေထက် ပိုမိုမြင့်မားသော အကျိုးအမြတ်ကို ရေရှည်ခိုင်မာအောင် တည်ဆောက်ပေးနိုင်ပြီး ပြည်တွင်းစားသုံးဆီဖူလုံမှုကိုလည်း အထောက်အကူပြုနိုင်သည့် ဗျူဟာမြောက် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ထို့ကြောင့် တောင်သူဦးကြီးများအတွက် ပဲပုပ်စိုက်ပျိုးရေးသည် အလွန်ကောင်းမွန်သော စီးပွားရေးအခွင့်အလမ်းသစ်တစ်ခုဖြစ်လာသည်။

**ခေတ်မီပဲပုပ်စိုက်ပျိုးနည်းများ**

"ခေတ်မီပဲပုပ်စိုက်ပျိုးနည်း" ဆိုသည်မှာ ငွေကုန်ကြေးကျများသည့် နည်းပညာအသစ်များကို လိုက်နာခြင်းအပြင် တောင်သူဦးကြီးများ သိရှိပြီးသား မိရိုးဖလာစိုက်ပျိုးနည်းစနစ်များကို ထိရောက်အောင် သိပ္ပံနည်းလမ်းများဖြင့် ပေါင်းစပ်အသုံးပြုခြင်းပင်ဖြစ်သည်။

**၁။ သီးထပ်စိုက်ပျိုးခြင်း**

စပါး သို့မဟုတ် အခြားသီးနှံများ ရိတ်သိမ်းပြီးနောက် ပဲပုပ်ကို သီးထပ်စိုက်ပျိုးခြင်းသည် မြေဆီလွှာကို ဓာတ်မြေဩဇာမကျွေးဘဲ သဘာဝအတိုင်း အာဟာရဖြည့်တင်းပေးသည့် သိပ္ပံနည်းလမ်းဖြစ်သည်။ ပဲပုပ်ပင်၏ မြစ်ဖုများတွင်ရှိသော ရိုင်ဇိုဘီယမ်ခေါ် အကျိုးပြုဘက်တီးရီးယားများသည် လေထုထဲရှိ နိုက်ထရိုဂျင်ဓာတ်ကိုဖမ်းယူပြီး မြေဆီလွှာထဲသို့ သဘာဝနိုက်ထရိုဂျင် (ယူရီးယားဓာတ်)အဖြစ် ပြောင်းလဲပေးသည်။ ပဲပုပ်စိုက်ပြီးလျှင် နောက်တစ်ကြိမ်စိုက်မည့်သီးနှံအတွက် မြေဩဇာဖိုး များစွာ သက်သာစေသည်။

မြန်မာနိုင်ငံအလယ်ပိုင်း ဆည်ရေသောက်ဒေသများမှာ စပါးအခြေခံသီးထပ်စိုက်ပျိုးရာတွင် ဖေဖော်ဝါရီလမှ မေလထိ နွေစပါး၊ ဇွန်လမှ စက်တင်ဘာလထိ မိုးစပါး၊ နိုဝင်ဘာလတွင် ပဲပုပ်သီးထပ်အဖြစ် စိုက်ပျိုးနိုင်သည်။ မြန်မာနိုင်ငံအလယ်ပိုင်း မိုးကောင်းသောက်ဒေသများတွင် မိုးဦးဖြစ်သည့် ဇွန်၊ ဇူလိုင်လများတွင် မတ်ပဲ၊ ပဲတီစိမ်း၊ နှမ်း စသည့် ယာသီးနှံ တစ်မျိုးမျိုးစိုက်ပြီး ဩဂုတ်၊ စက်တင်ဘာလတွင် သက်လျင်စပါးစိုက်ပျိုးကာ နိုဝင်ဘာလတွင် ပဲပုပ်တစ်သီးထပ်မံစိုက်ပျိုးနိုင်သည်။ မြန်မာနိုင်ငံအောက်ပိုင်းတွင်ရှိသော လယ်မြေများနှင့် မြစ်ဝကျွန်းပေါ်ဒေသ မြစ်ရေကျချိန် ကိုင်းကျွန်းမြေများတွင် လယ်သီးထပ်အဖြစ် စိုက်ပျိုးနိုင်သည်။ ရှမ်းပြည်နယ်တွင် မိုးဦးသီးနှံ၊ မိုးလယ်သီးနှံအဖြစ်လည်းကောင်း၊ အခြားသီးနှံများနှင့် သီးထပ်အဖြစ်လည်းကောင်း စိုက်ပျိုးနိုင်သည်။

**၂။ သီးညှပ်စိုက်ပျိုးခြင်း**

ပြောင်းဖူး သို့မဟုတ် အပင်ရှည်များနှင့် ပဲပုပ်ကိုတွဲဖက်၍ သီးညှပ်စိုက်ပျိုးခြင်းသည် စိုက်ပျိုးမြေကို အကျိုးရှိဆုံး အသုံးချသည့်စနစ်ဖြစ်သည်။ ပဲပုပ်သည် အပင်ပုပြီး မြေဖုံးပင်အဖြစ် ဆောင်ရွက်ပေးနိုင်သောကြောင့် မြေဆီလွှာအစိုဓာတ်ကို နေရောင်ခြည်ကြောင့် အလွယ်တကူခန်းခြောက်မသွားအောင် ထိန်းထားပေးသည်။ ထို့ပြင် အပင်မြင့်နှင့်အပင်ပုတွဲစိုက်ခြင်းကြောင့် အပင်ချင်း အလင်းရောင်လုရမှု မရှိဘဲ နေရောင်ခြည်ကို အပြည့်အဝရရှိစေကာ သီးနှံနှစ်မျိုးလုံးကို ဖြစ်ထွန်းစေသည်။

ပဲပုပ်ကို သီးညှပ်စိုက်ရာတွင် ဝါ၊ ပြောင်းဖူး၊ နှံစားပြောင်းတို့ကို သုံးပေတန်းကြားစိုက်၍ အလယ်တွင် ပဲပုပ်တစ်တန်းထည့်ပြီး စိုက်နိုင်သည်။ ပဲစင်းငုံနှစ်တန်းကို ခြောက်ပေခြား စိုက်ပျိုးပြီးကြားတွင် ပဲပုပ်သုံးတန်းကို တစ်တန်းနှင့်တစ်တန်း တစ်ပေခွဲထားပြီး စိုက်နိုင်သည်။

**၃။ လယ်မြေတွင် စိုက်ပျိုးခြင်း**

မိုးစပါးရိတ်သိမ်းပြီးနောက် လယ်ကွင်းများတွင် ပဲပုပ်ကို ဆက်လက်စိုက်ပျိုးနိုင်သည်။ စပါးစိုက်ပျိုးထားသောလယ်မြေသည် အစိုဓာတ်ကြာရှည်ထိန်းထားနိုင်သဖြင့် ပဲပုပ်စိုက်ပျိုးရန် အကောင်းဆုံးဖြစ်သည်။ ပဲပုပ်ပင်၏အမြစ်များသည် မြေဆီလွှာကို ပွစေပြီး လေဝင်လေထွက် ကောင်းမွန်စေသောကြောင့် နောက်နှစ် မိုးစပါးပြန်စိုက်သည့်အခါ မြေဆီလွှာတည်ဆောက်ပုံကို ပိုမိုကောင်းမွန်လာစေသည်။

ပဲပုပ်ကို နိုဝင်ဘာလလယ်ထက် စိုက်ချိန်နောက်မကျပါက ထယ်ရေးမဲ့စိုက်စနစ်ကို သုံးနိုင်သည်။ ရိုးပြတ်ငုတ်အခြေတွင် ပေါက်ပြား၊ လက်ထိုးတူရွင်းတို့ကိုသုံးပြီး စိုက်ကျင်းပြုလုပ်ကာ မျိုးစေ့ချစိုက်ရသည်။ စိုက်ကျင်းကို မြေဆွေး၊ ဖွဲပြာတို့ဖြင့် ဖုံးအုပ်ပေးသင့်သည်။ ရေလိုက်ကြဲစနစ်တွင် သက်ကြီးစပါးစိုက်သော လယ်မြေများမှာ အောင်ရေထုတ်ပြီး စပါးမရိတ်သိမ်းမီ မြေအစိုဓာတ် ဗျိုင်းနင်းခံနိုင်ချိန်တွင် ကြဲပက်စိုက်ပျိုးရသည်။ ဤသို့ကြဲပက်စိုက်ပျိုးရာတွင် အစေ့သေးမျိုးများကို စိုက်ပျိုးသင့်သည်။ ခုတ်ဖုန်းစိုက်စနစ်တွင် သက်လျင်၊ သက်လတ်စပါး စိုက်ပျိုးသောလယ်မြေများမှာ အောင်ရေထုတ်ပြီး မြေအစိုဓာတ် လူနင်းခံနိုင်ချိန်တွင် ကြဲပက်စိုက်ပျိုးရသည်။ စပါးရိတ်ပြီးပါက ရိုးပြတ်များကို ဓားဖြင့်ခုတ်၍ မြေတွင်ဖုံးအုပ်ပေးရသည်။ ထွန်ခင်းစိုက်စနစ်တွင် သက်လျင်စပါးစိုက်သောလယ်မြေများမှာ အစိုဓာတ်အပြည့်အဝရှိပါက ထယ်ထိုး၊ ထွန်မွှေပြီး စိုက်ထယ်ရေးကောင်းအောင် ပြုလုပ်ကာ ကြဲပက်၍ဖြစ်စေ၊ စိုက်ကြောင်းဆွဲ၍ဖြစ်စေ စိုက်ပျိုးနိုင်သည်။

သီးထပ်၊ သီးညှပ်နှင့် လယ်မြေစိုက်စနစ်များသည် မြေဆီလွှာကို ကျန်းမာစေပြီး၊ ပိုးမွှားသံသရာကို ဖြတ်တောက်ပေးသည့် သဘာဝသိပ္ပံနည်းလမ်းကောင်းများဖြစ်ကြသည်။ ဤနည်းစနစ်များကို အချိန်အခါမှန်မှန်၊ မြေပြုပြင်မှုမှန်မှန်ဖြင့် စိုက်ပျိုးသွားမည်ဆိုပါက တစ်နှစ်ထက်တစ်နှစ် ပဲပုပ်အထွက်တိုးပြီးတောင်သူများဝင်ငွေတိုးလာနိုင်သည်။

ယနေ့ခေတ်တွင် စားသုံးဆီဝယ်လိုအား မြင့်တက်လာမှုနှင့်အတူ ပဲပုပ်ဆီသည် ကမ္ဘာ့ဈေးကွက်တွင် ဒုတိယအရေးပါဆုံး ကုန်စည်အဖြစ် ခိုင်မာစွာရပ်တည်နေသည်။ မြန်မာနိုင်ငံတွင်လည်း ခေတ်မီစက်ကြီးများဖြင့် ဖိညှစ်ပြီး အရည်အသွေးမြင့်မားစွာ သန့်စင်ထားသော ပြည်တွင်းဖြစ် ပဲပုပ်ဆီသန့်များသည် စားသုံးဆီဈေးကွက်အတွင်းသို့ အောင်မြင်စွာ စတင်ဝင်ရောက်နေပြီဖြစ်သည်။ ပဲပုပ်သည် လူသားတို့အတွက် ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီကို ပေးစွမ်းနိုင်သည့်အတွက် အလွန်တန်ဖိုးကြီးမားလှသည်။ ပြည်တွင်းဆီစက်ရုံများအတွက် ကုန်ကြမ်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြည်ပမှ စားသုံးဆီတင်သွင်းရမှုကို လျှော့ချနိုင်ရန် ပဲပုပ်သီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး တောင်သူများကို တိုက်တွန်းချင်သည်။ ပဲပုပ်ကို နည်းစနစ်ကျကျ စိုက်ပျိုးခြင်းဖြင့် တောင်သူများ ပုံမှန်ဝင်ငွေထက် ပိုမိုမြင့်မားသော အကျိုးအမြတ်ကို ရေရှည်ခိုင်မာအောင် တည်ဆောက်နိုင်မည့်အပြင် နိုင်ငံတော်၏ စားသုံးဆီဖူလုံရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

**ကိုးကား**


- Soybean oil: https://www.sciencedirect.com/topics/chemical-engineering/soybean-oil
- USDA Production – Soybean Oil:https://www. fas. usda.gov/ data/ production/4232000

# ဝိညာဉ်ဖွဲ့ကြိုး ရုပ်သံဇာတ်လမ်းတွဲ Premiere Show ကို အလုံမြို့နယ်ရှိ Zealax Hotel & Residence ၌ ပြုလုပ်



**ရန်ကုန် စက်တင်ဘာ ၂၈**

MRTV -4 ရုပ်သံလိုင်းနှင့် Showlike App တို့ ပူးပေါင်းရိုက်ကူးထုတ်လုပ်သည့် ဝိညာဉ်ဖွဲ့ကြိုး ရုပ်သံဇာတ်လမ်းတွဲ Premiere Show ကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Zealax Hotel & Residence ၌ စက်တင်ဘာ ၂၇ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဝိညာဉ်ဖွဲ့ကြိုး ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ခိုင်ဇွန်ဝင့်ကရေးသားထားပြီး ဒါရိုက်တာ ထက်နောင်ထွန်းက တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်ပါဝင်ထားတဲ့ ဇာတ်လမ်းတွဲတွေ မတွေ့ရတော့တာ သုံးနှစ်လောက်ရှိပါပြီ။ ကျွန်တော် အခုနောက်ပိုင်းမှာ သေချာလေး ပြန်ရိုက်ဖြစ်နေပါပြီ။ အခုလဲ ကျွန်တော့်ပရိသတ်တွေမျှော်နေတဲ့ ဝိညာဉ်ဖွဲ့ကြိုး ဇာတ်ကားလေး Showlike App မှာ ကြည့်ရှုရတော့မှာဖြစ်ပါတယ်။ MRTV -4 မှာလဲ ပြသမှာဖြစ်ပါတယ်။ ဒါရိုက်တာ ကိုထက်နောင် ရိုက်ကူးပြီး အကောင်းဆုံးပုံဖော်ထားပါတယ်။ ကျွန်တော်တို့သရုပ်ဆောင်တစ်ဖွဲ့လုံးကလဲ အကောင်းဆုံးကြိုးစားထားပါတယ်။ ဇာတ်လမ်းလေးကိုလဲ ပရိသတ်တွေ အကြိုက်တွေ့မှာ သေချာပါတယ်။ စောင့်မျှော်ကြည့်ရှု အားပေးပါအုံး" ဟု အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်ထားသူ သရုပ်ဆောင် အောင်မင်းခန့်က ပြောပြသည်။

ဝိညာဉ်ဖွဲ့ကြိုး ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အောင်းမင်းခန့်၊ အောင်ပိုင်၊ သက်ဦးကို၊ စိုင်းဇေယျ၊ ကောင်းဟိန်း၊ စိုးပြည့်သဇင်၊ နှင်း၊ မေဦးမိုး၊ ပန်သုခ၊ တင်ဇာဝင်းပြည့်၊ အေးအေးအောင်၊ စန်းစန်းဝင်း၊ ဇာခြည်လွင်နှင့် အနုပညာရှင်ပေါင်းများစွာ ပါဝင်ကာ အောက်တိုဘာ ၂ ရက်မှစတင်ကာ Showlike App နှင့် MRTV -4 ရုပ်သံလိုင်းတို့မှ ထုတ်လွှင့် ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# TMW ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် သားချော ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာလပထမပတ်တွင် ရုံတင်ပြသမည်

**ရန်ကုန် စက်တင်ဘာ ၂၈**

TMW ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် သားချော ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာလ ပထမပတ်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)ထံမှ သိရသည်။

အဆိုပါ သားချော ရုပ်ရှင်ဇာတ်ကားသည် ၁၉၇၇ ခုနှစ်က ရုံတင်ပြသခဲ့ပြီး အောင်မြင်မှုများရရှိခဲ့သည့် အဖေတစ်ခုသားတစ်ခု ရုပ်ရှင်ဇာတ်ကားကို ပြန်လည်မှီငြမ်းကာ လွင်မင်းအံ့နှင့် မြသက်ချိုတို့က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က တာဝန်ယူ ပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"သားချော ရုပ်ရှင်ဇာတ်ကားကတော့ အဖေတစ်ခု သားတစ်ခု ရုပ်ရှင်ဇာတ်ကားကို ပြန်လည်မှီငြမ်း ပုံဖော်ရိုက်ကူးထားတာပဲ ဖြစ်ပါတယ်။ မှီငြမ်းထားတာကို ဖော်ပြခွင့်ပေးတဲ့ ဆွေဇင်ထိုက်ကို ကျေးဇူးအများကြီး တင်ပါတယ်။ မိခင်၊ ဖခင်မေတ္တာနဲ့ သားအဖ




သံယောဇဉ်တို့ကို အသစ်အဆန်းများစွာနဲ့ အသက်သွင်းထားတဲ့ သားချော ရုပ်ရှင်ဇာတ်ကားကို စောင့်မျှော်အားပေးကြပါအုံး" ဟု ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) ကပြောပြသည်။

သားချော ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် အောင်ရဲလင်း၊ ဟိန်းဝေယံ၊ ငြိမ်းသော်၊ ဆင်မ၊ ကျော်ဇင်ထွန်း၊ ဇင်မျိုး၊ သွက်လက်၊ စူပါလင်း၊ ရန်ပြေ၊ စိုးပြည့်သဇင်၊ ဥသြသံသာ၊ မနှင်း၊ လှမျိုးသဉ္ဇာနွယ်၊ မိုးခမ်း၊ ကလေးသရုပ်ဆောင် သားချောနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Mahar Application က မူပိုင်ဇာတ်လမ်းတွဲအဖြစ် ရိုက်ကူးထုတ်လုပ်မည့် အပျိုစင်နှလုံးသား ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၂၈**

Mahar Application က မူပိုင်ဇာတ်လမ်းတွဲအဖြစ် ရိုက်ကူးထုတ်လုပ်မည့် အပျိုစင်နှလုံးသား ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားကို စက်တင်ဘာ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အပျိုစင်နှလုံးသား ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဆုမြတ်မွန်မွန်က ရေးသားထားကာ ညမွှေးပန်းနှင့် သံသာဦးတို့က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ပွင့်သိင်္ဂီဇော် (အရုဏ်ဦး)က တာဝန်ယူ ပုံဖော် ရိုက်ကူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရုပ်ရှင်မကြည့်ဖြစ်တဲ့ ပရိသတ်တွေအတွက် ဇာတ်လမ်းတွဲလေးမှာ ချစ်စရာကောင်းတာတွေ၊ နည်းနည်းလောင်တာတွေလဲ ပါမှာပါ။ ဒါရိုက်တာ ပွင့်သိင်္ဂီဇော်ကလဲ အချစ်ဒရာမာဆိုရင် အရမ်းပိုင်နိုင်တာမို့။ ဇာတ်ပေါ်မှာ မူတည်ပြီး အကောင်းဆုံး ကြိုးစားသရုပ်ဆောင်ကြမှာပါ။ စောင့်မျှော်ကြည့်ရှုအားပေးကြပါအုံး" ဟု အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်မည့် သရုပ်ဆောင် နော်ဖောအယ်ထားက ပြောပြသည်။

အပျိုစင်နှလုံးသား ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အေးချမ်းမောင်၊ ဇင်မျိုး၊ ဘုန်းလျှံ၊ သတ္တိ၊ ထူးသာ၊ ရဲထွဋ်မင်းခေါင်၊ နော်ဖောအယ်ထား၊ ခင်သဇင်၊ ပိုက်၊ လင်းပြည့်မို၊ အယ်လီနာ၊ အေဏီဇော်၊ ဝါဝါမေမောင်၊ ယွန်းဝင့်လွှာအောင်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ကြမည် ဖြစ်ကြောင်း သိရသည်။

ASH

# Fake Skating ဇာတ်ကား၌ အမ်မီလီဟိုဖာရယ်နှင့် ဂရေဟမ်ကင်းဘဲတို့ပါဝင်မည်

**နယူးယောက် စက်တင်ဘာ ၂၈**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Fake Skating အမည်ရှိ ဒရာမာဇာတ်ကားတွင် မင်းသမီး အမ်မီလီဟိုဖာရယ်နှင့် မင်းသား ဂရေဟမ်ကင်းဘဲတို့ပါဝင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂၇ ရက် သတင်းများအရ သိရသည်။

Fake Skating ဇာတ်ကားကို စာရေးဆရာမ လင်းပိန်းတား၏ ခေါင်းစဉ်အမည်တူ ဝတ္ထုကို အခြေခံရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် အထက်တန်းကျောင်း ဟော်ကီအားကစားလောကကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဒရာမာဇာတ်ကားဖြစ်ကြောင်း သိရသည်။

Fake Skating ဇာတ်ကားကို ဒါရိုက်တာ ဂျိုးဘိုနီက တာဝန်ယူ ပုံဖော် ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာမ မော်ဂန်လေးမင်းနှင့် ဗစ်တိုးရီးယားဘာတာတို့က ရေးသားပေးထားကြောင်း သိရသည်။

Fake Skating ရုပ်ရှင်ဇာတ်ကားကို ၂၀၂၇ ခုနှစ်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**





# ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Hollow ဇာတ်ကား၌ မင်းသား ဘဲမွန်ကာမီလီ ပါဝင်မည်

**နယူးယောက် စက်တင်ဘာ ၂၈**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Hollow အမည်ရှိ လျှို့ဝှက်သည်းဖို ရုပ်ရှင်ဇာတ်ကားတွင် မင်းသား ဘဲမွန်ကာမီလီ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂၇ ရက် သတင်းများအရ သိရသည်။

Hollow ဇာတ်ကားတွင် မင်းသား ဘဲမွန်ကာမီလီသည် မင်းသမီး ဆစ်ဒနီဆွင်းနေးနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Hollow ဇာတ်ကားသည် စာရေးဆရာမ လင်ဆေးအန်ဒါဆန်ဘီရာ၏ ခေါင်းစဉ်အမည်တူဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားကို စာရေးဆရာမ လင်ဆေးအန်ဒါဆန်ဘီရာကပင် တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Hollow ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

Hollow ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ဆိုနီရုပ်ရှင် ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**





# Tatmadaw columns recapture and recontrol Sinswe Village on Kamamaung–Hpapun route, temporarily dominated by KNU, KNLA, and so-called PDF terrorist insurgent joint groups



Tatmadaw columns retake control of Sinswe village on the Kamamaung–Hpapun road.




Tatmadaw columns recapture Sinswe village along Kamamaung–Hpapun road temporarily occupied by KNU, KNLA and PDF terrorist insurgents.

**Nay Pyi Taw September 28**

Tatmadaw columns conducting area security and territorial control operations along the Kamamaung–Hpapun route, which had been temporarily dominated by joint groups of KNU, KNLA, and so-called PDF terrorist insurgents, recaptured and regained control of Sinswe Village along the route today.

To carry out subversive acts in the region and disrupt the flow of goods, joint groups of KNU, KNLA, and so-called PDF terrorist insurgents had temporarily held dominance over the Kamamaung–Hpapun highway. Consequently, Tatmadaw columns made necessary preparations and regroupings in Kamamaung to reopen the route and restore the socioeconomic life of the local populace. Advancing in separate columns starting May 5, 2026, operations to clear the route were conducted step by step, successfully regaining control of Kyauk Kwin Lay Village on May 8; Wet Tho Kho Village and Mee Zaing Chaung Phya Village on May 10; Nay Ka Village on May 16; Yay Pu Village on May 18; Mile 40 Village on May 24; No khe Doe Village and Baw Kyo Hta Village on May 31; Ka Taing Ti Village on June 3; Baw Kyo Lel Village on June 23; Shan Ywa Village on June 24; Taung Thu Su Village on June 27; Hpa Lon Lay Village on July 25; and Hpa Lon Gyi Village, located approximately 1,800 meters east of Milepost 28/5 on the Kamamaung–Hpapun route, on September 7. Following the progressive recapture and control of these locations, security operations continued, leading to the retaking and control of Sinswe Village on the evening of September 27.

In their dedicated efforts to retake control of the village and the entire corridor, Tatmadaw columns engaged in 65 clashes with the joint terrorist insurgent forces. Security forces seized 11 temporary outposts, 13 enemy bodies, 15 assorted firearms, ammunition and related gear, 24 FPV drones, mines, walkie-talkies, and other equipment. Some security personnel made the ultimate sacrifice for the State and the Tatmadaw.

During their dominance over the villages and the corridor, the terrorist insurgents committed unlawful acts: turning non-military targets such as civilian residences into defensive bunkers; using armed force to bully, extort, and loot rations, daily necessities, and valuables from local residents; destroying civilian infrastructure; and arbitrarily detaining, torturing, and killing locals who did not support their actions. Furthermore, they extorted tolls from cargo and passenger vehicles traversing the Kamamaung–Hpapun route, looted cargo, and destroyed roads and bridges with landmines. These acts caused severe travel restrictions and damaged local livelihoods, drawing strong condemnation from the resident population.

To restore and advance the socioeconomic conditions of the local ethnic people, Tatmadaw columns—in cooperation with local residents—will continue to accelerate necessary security operations to swiftly regain full control of the remaining sections of the Kamamaung–Hpapun route. Concurrently, operations are underway to repair roads and bridges destroyed by the insurgents, clear landmines to ensure public safety, and collaborate with locals to quickly rehabilitate schools, hospitals/clinics, religious structures, and residential houses. 100





Arms, ammunition, mines, and related equipment seized from terrorist insurgents.



Arms, ammunition, mines, and related equipment seized from terrorist insurgents.



Arms, ammunition, mines, and related equipment seized from terrorist insurgents.



Villages along the Kamamaung–Hpapun road used as military encampments by terrorist insurgents, fortified with bunkers, foxholes, and defensive trenches.



Villages along the Kamamaung–Hpapun road used as military encampments by terrorist insurgents, fortified with bunkers, foxholes, and defensive trenches.



Bridge near Hpa Lon Lay village on Kamamaung–Hpapun road destroyed by terrorist insurgents.

# Illegal oil wells in Letpanto-Kyaukkhwet oilfield near Tegyi village, Myaing township, raided by security forces



Illegal oil wells operating near Tegyi Village, Letpanto–Kyaukkhwet area, Myaing Township, Magway Region, uncovered, seized, and dismantled.

**Nay Pyi Taw September 28**

In their own self-interests, terrorist insurgents are illegally exploiting the precious natural resources of the country and conducting a campaign of sabotage by illegally purchasing arms and ammunition and building their forces with the money gained from it. Acting on precise tips by the local residents, Tatmadaw columns took security measures at sites of so-called PDF terrorist insurgents, where they bully local residents by illegally exploiting oil in Letpanto-Kyaukkhwet oilfield near Tegyi village in Myaing township and set the sites on fire.

Security forces taking security measures in Magway region, acting on tips by responsible members of the public that terrorist insurgents were illegally exploiting oil wells and collecting ransoms from local resident operated manual oil wells, conducted necessary operations in 131 illegal oil well sites including one site on 31 August, two sites on 3 September, one site on 4 September, two sites on 5 September, three sites on 6 September, three sites on 7 September, three sites on 8 September, five sites on 9 September, six sites on 10 September, five sites on 11 September, five sites on 12 September, five sites on 13 September, seven sites on 14 September, seven sites on 15 September, six sites on 16 September, six sites on 17 September, six sites on 18 September, six sites on 19 September, six sites on 20 September, six sites on 21 September, six sites on 22 September, six sites on 23 September, six sites on 24 September, six sites on 24 September, six sites on 25 September, eight sites on 26 September and eight sites on 27 September, leading to the seizures of paraphernalia and 246 temporary tents used by terrorist insurgents.

The sites and paraphernalia are being destroyed by setting them on fire and plans are underway to continue to take necessary security measures to prevent illegal oil exploiting in the area. 100







Illegal oil wells operating near Tegyi Village, Letpanto–Kyaukkhwet area, Myaing Township, Magway Region, uncovered, seized, and dismantled.

# Kawlin District to plant more than 9,000 acres of groundnut this year

**Kawlin September 28**

Agricultural statistics of Kawlin District Agriculture Department stated that local farmers plan to grow more than 9,000 acres of groundnut in Kawlin District of Sagaing Region this year.

During the 2026-2027 winter crop season, a total of 9,103 acres of groundnut has been targeted for cultivation in Kawlin District, with 6,105 acres in Kawlin Township, 2,360 acres in Wuntho Township and 638 acres in Pinlebu Township. Groundnut cultivation will be carried out from October through December this year.

"This coming winter crop season, we have set a target to grow more than 9,000 acres of groundnut in Kawlin District. We will make efforts to ensure that the targeted acreage is fully planted. Groundnut cultivation has been successful and productive. As an oilseed crop, groundnut is performing well, and the area under groundnut cultivation has been increasing year by year," said Daw Mar Cho, head of the Kawlin District Department of Agriculture.

In Kawlin District, about one and a half baskets of seed are required to grow groundnut on one acre. Including the cost of seed, labour, fertilizers and pesticides, the cultivation cost is more than K200,000 per acre. An average yield of more than 50 baskets can be obtained from one acre.

This year, staff from the respective Township Departments of Agriculture will conduct field inspections and monitoring in groundnut plantations in Kawlin District to promote successful cultivation, prevent pest and disease infestations, and keep the fields free of weeds. 206

# Plan underway to grow more than 3,000 acres of onions in Yinmabin Township this year

**Yinmabin September 28**

According to the township Agriculture Department in Yinmabin Township of Sagaing Region, local authorities have earmarked cultivation of more than 3,000 acres ofonions as cold season crops in Yinmabin Township this year.

During the 2026-2027 winter crop season, Yinmabin Township has set a target to grow 3,105 acres of onion. Onion cultivation will be carried out from October through December this year.

"This year, we have set a target to grow more than 3,000 acres of onion in Yinmabin Township during the winter crop season. We will make efforts to ensure that the targeted acreage is fully planted. Onion cultivation is proceeding as usual. We are also making market linkages to help farmers obtain good prices for their onions," said U Hla Myint, head of the Yinmabin Township Department of Agriculture.

The Yinmabin Township Department of Agriculture will help onion growers obtain better prices by establishing market linkages. It will also provide technical guidance on proper onion storage to extend shelf life, promote cultivation in accordance with Good Agricultural Practices (GAP), and help farmers produce quality onions.

Onion growers spend around K1.8 million per acre on cultivation, with an average yield of about 5,000 viss per acre.

Onions are widely grown in Sagaing Region. The townships with the largest areas under onion cultivation include Monywa, Yinmabin, ChaungU, Shwebo and Myinmu. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Security forces expose and clear illegal hand-drilling oil wells near Yenanchat village in Pakokku Township that were operating by paying extortion fees to insurgent terrorists



**Illegal oil wells operating near Yenanchat Village, Pakokku Township, Magway Region, uncovered and seized.**

**Nay Pyi Taw September 28**

Security forces are cracking down on illegal extraction of aboveground and underground resources and above-water and underwater resources in cooperation with the relevant departments. Working under the guidance of the State, the security forces view they mission as a national task.

Acting on an information provided by the local people that armed terrorist insurgents were illegal extracting and selling the country's valuable resources just for self-interest, buying arms with the proceeds from the illegal business to commit terrorism, and extorting money, security troops launched search operations in Pakokku Township, Magway Region and exposed hand-drilling of oil in 39 places on 18 September, 35 places on 19 September, 44 places on 20 September, 176 places on 21 September, 184 places on 22 September, 138 places on 23 September, 68 places on 24 September, 25 places on 25 September, 18 places on 26 September, 8 places on 27 September totalling 735 near Yenanchat village. They also seized tools used in refining oil and destroyed 509 temporary huts where PDF terrorists stayed.

Security forces systematically burned down the seized hand-drilling sites and tools in accord with the procedures. They are going to conduct security operations in the area to prevent further illegal drilling activities

PDF terrorists were illegal drilling oil and bullying the local people, extorting money from locals, and buying arms and ammunition and reinforcing their strength with proceeds and committing terrorist acts.

Hence, the security troops had to launch security operations, acting on the tip off from the locals. They will continue their area security operations with the involvement of duty-conscious persons.

100



**Documentary photo of illegal oil wells operating near Yenanchat Village, Pakokku Township, Magway Region, being uncovered, seized, and cleared.**







**Documentary photo of illegal oil wells operating near Yenanchat Village, Pakokku Township, Magway Region, being uncovered, seized, and cleared**

# Delhi gov't rolls out measures to tackle recurring winter air pollution

**New Delhi September 28**

The local government in Delhi, India's capital territory, on Monday announced a slew of measures to curb air pollution, which typically worsens in the winter from November to February.

The measures include higher parking charges, a ban on construction and demolition work, staggered office timings, and a 50-percent cut in on-site staffing at government and private offices, with essential services exempted.

The steps will be introduced in phases from Nov. 1, with some curbs continuing until February 2027.

The measures to control air pollution well in advance are aimed at limiting pollution sources and reducing vehicular movement in the national capital during the months when air quality typically deteriorates sharply.

Delhi, home to over 30 million people, is among the most polluted cities in the world.

Industrial emissions and vehicular traffic are major sources of air pollution, alongside rampant construction activity. Poor wind speed and stubble burning, or farm fires, in neighbouring states also contribute to the decline in air quality.

For years, Delhi's air quality turns hazardous as winter approaches.

Xinhua

# Iran has no plans for talks with U.S. during delegation's New York visit: media

**Tehran September 28**

Iran has no plans to hold negotiations with the United States during its delegation's current visit to New York, Iran's official news agency IRNA reported Sunday night.

IRNA cited a source close to the Iranian delegation, which is in New York to attend the 81st session of the United Nations General Assembly, as rejecting "contradictory" reports about talks between Tehran and Washington.

The source said Iran's considerations and positions were conveyed to the American side "explicitly and clearly" through the Qatari mediator on Sept. 22, and that Tehran is awaiting Washington's response.

According to the source, there is no plan for a new round of negotiations with the American side, and Iran's Foreign Minister Seyed Abbas Araghchi will leave New York for Tehran on Tuesday.

On Sunday, Iran's Foreign Ministry quoted Araghchi as saying that the country had not yet received the U.S. "definitive" views through the mediators on its proposed seven-day plan to cease hostilities and reopen the Strait of Hormuz.

He added that Iran had conveyed its plan and conditions to the American side through the mediating countries and had seen U.S. President Donald Trump's initial reaction to the plan, "but nothing has been conveyed to us yet by the mediators."

Xinhua

# Those providing financial assistance to People's Revolution Supply Family–PRF Website for funding CRPH and NUG terrorist groups arrested

People's Revolution Supply Family – PRF Website

(https://form.prfhq.modnug.org)




**Nay Pyi Taw September 28**

Effective action is being taken in accordance with the law against the instigations and propaganda committed by the CRPH, NUG declared as terrorist groups and their subordinate so-called PDF terrorist groups, aimed at destroying peace, stability, and development of the State, as well as disrupting government administrative machinery. Furthermore, individuals and organizations that encourage, support, and aid these terrorist groups are also being identified and prosecuted.

It has been verified that the NUG, described in the source as a terrorist groups, established the People's Revolution Supply Family (PRF) website (https://form.prfhq.modnug.org) to support its activities described as terrorist acts and ensure its long-term survival, and is collecting funds through payment systems including Wave Pay, NUG Pay, SDB Bank, cryptocurrency, and foreign currency payments.

According to reports submitted by responsible citizens who wish to live peacefully and do not want terrorist groups to establish bases and carry out unlawful acts of terrorism, information on more than 2,700 individuals was identified in connection with financial support provided to the PRF website, including approximately 700 people who provided financial support through WavePay, approximately 1,000 through the NUG Pay system described as illegal, and approximately 1,000 through SDB Bank, which was also described as illegal. Efforts were subsequently made to arrest those individuals. Those arrestees were Htet Thu Aung from Mohnyin, Mary Sam Sin from Mohnyin, Myo Mya Myat Tun Kyi from Shwenyaung, Hlaing Phone from Patheingyi, San Yu Aung from PyinOoLwin, Thae Ei Khaing from Pyinmana Township, Thiha from Zabuthiri Township, Zaw Ko Latt from Hlegu Township, Yan Naing Aung from Dagon Myothit (North) Township, Myo Zaw from Dagon Myothit (East) Township, Aung Hein from Dagon Myothit (South) Township, Nyein Win Aung and Kyaw Win Soe from Mingaladon Township, Myathida from Hline Township, Thet Naing Htoo from Kyimyindine Township, Nyunt Yi from Seikkyi-Khanaungto, Kyu Kyu Win from Pathein, Thein Zin Htaik and Kyi Kyi San from Dedaye, Aung Zaw Htwe from Maubin and Aye Aye Thin from Kyaunggon, totalling 21.

Legal action will be taken against those arrested for providing financial support to the NUG's PRF website, which the source describes as illegal (https://form.prfhq.modnug.org). Efforts will continue to identify and arrest the remaining individuals connected with the PRF website. The WavePay accounts identified in connection with the case will be closed in accordance with legal procedures, and the funds will be confiscated as state property.

The people is hereby informed that refraining from supporting, assisting, encouraging or providing financial support to terrorists and terrorist organizations, including the CRPH and NUG, constitutes an act of protecting the lives, homes and property of the people. Accordingly, anyone who has information about individuals providing such support may report it confidentially to the relevant security organizations. Those who provide information will also be appropriately rewarded. 100


Kyi Kyi San
Dedaye Township


Aung Zaw Htwe
Maubin


Aye Aye Thin
Kyaunggon


Htet Thu Aung
Moehnyin


Mary Sam Sin
Lashio


Myo Mya Myat Tun Kyi
Shwenyaung


Hlaing Phone
Patheingyi Township


San Yu Aung
PyinOoLwin


Thae Ei Khaing
Pyinmana Township


Thiha
Zabuthiri Township


Zaw Ko Latt
Hlegu


Yan Naing Aung
Dagon Myothit (North) Township


Myo Zaw
Dagon Myothit (East) Township


Aung Hein
Dagon Myothit (South) Township


Nyein Win Aung
Mingaladon Township


Kyaw Win Soe
Mingaladon Township


Mya Thida
Hline Township


Thet Naing Htoo
Kyimyindine Township


Nyunt Yi
Seikkyi-Khanaungto Station


Kyu Kyu Win
Pathein


Thein Zin Htaik
Dedaye

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆင့်မပြောက်နေ့သို့လာရောက်လေ့လာသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်၊နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းနှင့် နေပြည်တော်မသန်စွမ်းသူများအသင်းတို့ကို တွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၂၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆင့်မပြောက်နေ့သို့ လာရောက်လေ့လာသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၊ နေပြည်တော် မသန်စွမ်းသူများအသင်းတို့ကို ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယခုကဲ့သို့ လွှတ်တော်ကို စိတ်ပါဝင်စားစွာလာရောက်လေ့လာကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့လွှတ်တော်အစည်းအဝေးတွင် မေးခွန်းများမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေပြုခြင်းဆိုင်ရာဆောင်ရွက်နေမှုများကို မျက်မြင်လေ့လာခွင့်ရသဖြင့် လွှတ်တော်က ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းသည့် ဗဟုသုတများရရှိမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ဒီမိုကရေစီစနစ်အရ အထွေထွေရွေးကောက်ပွဲများကျင်းပပြီး မဲဆန္ဒရှင်သုံးရပ်ပေါ်ပေါက်လာခဲ့ပါကြောင်း၊ အဆိုပါမဏ္ဍိုင် သုံးရပ်တွင် ပြည်သူများက မိမိတို့ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုးအတွက် ဆန္ဒမဲပေးရွေးချယ်ခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော လွှတ်တော်များလည်း ပါဝင်ပါကြောင်း၊ မိမိတို့နိုင်ငံသည် လွှတ်တော်နှစ်ရပ်စနစ်ကိုကျင့်သုံးပါကြောင်း၊ လွှတ်တော်၏လုပ်ငန်းစဉ်များကို ထိရောက်စွာအထောက်အကူပြုနိုင်ရေးအတွက်လည်း ကော်မတီများကိုဖွဲ့စည်းထားရှိပါကြောင်း၊ မိမိတို့လွှတ်တော်၏ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ပြည်သူများဥပဒေပြုရေးကဏ္ဍကို ပိုမိုသိရှိအောင်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာပါလီမန်များနှင့်လည်း ဆက်သွယ်မှုတိုးမြှင့်နိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများကိုကိုယ်စားပြုသည့် လွှတ်တော်များအနေဖြင့် ပြည်သူများ၏ဆန္ဒနှင့်လိုလားချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးစဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တက်ရောက်လာသူများအနေဖြင့်လည်း မိမိတို့၏ဒေသလိုအပ်ချက်များကို ပြည်သူ့လွှတ်တော်တွင်ဖွဲ့စည်းထားရှိသည့် သက်ဆိုင်ရာကော်မတီများနှင့် မိမိတို့မဲဆန္ဒနယ်မြေရှိ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ဖြေကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၊ နေပြည်တော်မသန်စွမ်းသူများအသင်းမှ တာဝန်ရှိသူများက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ပို့ဆောင်ဆက်သွယ်ရေး၊ ဒစ်ဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီ ဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမြင့်၊ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးသိန်းထွန်းဦး၊ သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးတင်မိုးအောင်(ခေါ်) နေရှိုင်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် စက်တင်ဘာ ၂၈

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များကို မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ရေအေး) မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်နေပြည်တော်သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့်ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့်တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများအတွက် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များ မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုပဲကြားသိခဲ့ရပါတယ်–

"ကျွန်မကတော့ အထကခွဲရေအေးက အထက်တန်းပြ ဆရာမ ဒေါ်မေသွယ်ဦးဖြစ်ပါတယ်ရှင့်။ ကျွန်မတို့ တာဝန်ယူဆောင်ရွက်ရတဲ့အပိုင်းကတော့ ကျောင်းသားတွေကို အုပ်ချုပ်ပြီးတော့မှ စည်းကမ်းရှိရှိနဲ့ ဒီကိုလေ့လာရေးခရီးစဉ်မှာ ဗဟုသုတတွေရဖို့ မှတ်သားဖို့ ဒီလိုသေချာမှာပြီးတော့ ကျန်းမာရေးအတွက်ကော သေချာစနစ်တကျနဲ့ သွားတတ်လာတတ်အောင်လို့ တာဝန်ယူခဲ့ရပါတယ်ရှင့်။ ကျောင်းသား၊ကျောင်းသူတွေရဲ့ စိတ်ထဲမှာ ရဲရင့်တဲ့စိတ်တွေ ကြံ့ခိုင်တဲ့စိတ်တွေနဲ့ လေးစားအားကျရတဲ့ ပုဂ္ဂိုလ်တွေကို တွေ့တဲ့အခါမှာ အဲ့ဒီလိုသူတို့လဲ ဒီလိုဖြစ်ချင်တယ် စက်ပစ္စည်းကိရိယာတွေကို တွေ့တဲ့အခါမှာ သူတို့လဲ ဒီလိုတွေကိုတက်ပြီးတော့မှ သူတို့ကိုယ်တိုင်မောင်းချင်တယ် သူရဲကောင်းစိတ်ဓာတ်တွေကိုရမယ်လို့ ထင်ပါတယ်ရှင့်။ စာသင်ခန်းတွင်းမှာကျတော့ စာတွေ့ပဲသင်တာဖြစ်တဲ့အတွက် မျက်မြင်ဒီလိုမျိုးရုပ်ဝတ္ထုပစ္စည်းတွေကို လက်နဲ့ ထိတွေ့ကိုင်တွယ်ခွင့်မရဘူး။ အခုက လက်နဲ့ထိတွေ့ကိုင်တွယ်ခွင့်ရတဲ့အတွက် သူတို့တွေက ပိုပြီးတော့လဲစိတ်ဝင်စားတယ် ပိုပြီးတော့လဲ သူတို့က အတုယူကြတယ်ပေါ့ သင်ယူကြမှာပေါ့"ဟုပြောသည်။





"ကျွန်တော်ကတော့ အထကခွဲ ရေအေးကျောင်းမှာ ပညာသင်ကြားနေတဲ့ G-12 ကျောင်းသား မောင်နိုင်မျိုးသူဖြစ်ပါတယ်ခင်ဗျ။ ပထမဆုံး ခံစားရတာကတော့ သူငယ်ချင်းတွေနဲ့ အတူတူလာရတဲ့အတွက်ကြောင့် ကျွန်တော်ပျော်ပါတယ်ဗျ။ နောက်ထပ်ကတော့ ကျွန်တော်တို့မသိသေးတဲ့ အကြောင်းအရာတွေ မမြင်ဖူးတဲ့စက်ယန္တရားတွေကို လေ့လာရတဲ့အတွက် စိတ်လှုပ်ရှားဖို့ကောင်းပါတယ်ဗျ။ သင်္ဘောဆိုရင်လဲ သင်္ဘောရဲ့ အင်ဂျင်အပိုင်းတွေ၊ အင်ဂျင်အမှတ်တံဆိပ်တွေ အဲ့ဒီလိုအခန်းတွေကို ပိုပြီးတော့စိတ်ဝင်စားပါတယ်ဗျ။ သင်္ဘောတွေနဲ့ ပြောရမယ်ဆိုလို့ရှိရင်လဲ မြန်မာနိုင်ငံမှာ ပထမဆုံးဆောက်ခဲ့တဲ့ သစ်သားသင်္ဘော အဲ့ဒါတွေလဲ သိခွင့်ရတယ်ဗျ။ ပြီးတော့ လေယာဉ်အပိုင်းမှာဆိုရင်လဲအဲ့ဒီလိုပဲ။ကျွန်တော်မသိသေးတဲ့အကြောင်းအရာတွေ အများကြီးသိခဲ့ရတယ်ဗျ။ အခုလိုလေ့လာရေးခရီးစဉ်ပေးတဲ့ လူကြီးတွေကို ကျွန်တော်ကျွန်တော်တို့အနေနဲ့ အထူးကျေးဇူးတင်ပါတယ်ဗျ။ နောင်နှစ်တွေမှာလဲ ဒီလို ကျွန်တော် G-12 ပြီးသွားပြီဆိုရင်တောင်မှ အဆင်ပြေတဲ့ အားတဲ့အချိန်တွေမှာမျိုး ကျွန်တော် သူငယ်ချင်းအဖွဲ့တွေစုပြီးပဲဖြစ်ဖြစ် လေ့လာရေးခရီးတွေ ဒီတပ်မတော်စစ်သမိုင်းပြတိုက်ကို နောက်ထပ် ကျွန်တော်တို့ ထပ်လာဦးမှာပါဗျ"ဟုပြောသည်။(၅၀၁)





ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာကြစဉ်။



## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဇဟိုအဖွဲ့အစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဇဟိုအဖွဲ့ အစည်းအဝေး(၂/၂၀၂၆)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင် ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဇဟိုအဖွဲ့ဥက္ကဋ္ဌဆရာတော်၊ ဒုတိယဥက္ကဋ္ဌ (၂)ဆရာတော်၊နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(သင်ကြား/စီမံ) နှင့် မော်ကွန်းထိန်းဆရာတော်များကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဇဟိုအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ပြင်ပပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်များအုပ်ချုပ်ရေးဇဟိုအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ပညာရေးမူဝါဒ ပရိယတ္တိသင်ကြားရေးဆိုင်ရာ ရည်ရွယ်ချက်များနှင့်အညီ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)ကို စတင်ဖွင့်လှစ်လာခဲ့သည်မှာ နှစ်လေးဆယ်ကျော်ကာလသို့ ရောက်ရှိလာပြီဖြစ်ပါကြောင်း ဗုဒ္ဓမြတ်စွာ၏ပရိယတ္တိသာသနာတော် ထွန်းကားပြန့်ပွားရေးကိစ္စအဝဝကိုဆောင်ရွက်ကြရာတွင် ဓမ္မသင်္ဂဏီပါဠိတော်၌ မြတ်စွာဘုရားဟောကြားတော်မူအပ်သော သဒ္ဓါဗိုလ်(သဒ္ဓါစွမ်းအား)၊ ဝီရိယဗိုလ်(ဝီရိယစွမ်းအား)၊ သတိဗိုလ်(သတိစွမ်းအား)၊ သမာဓိဗိုလ်(သမာဓိ စွမ်းအား)၊ ပညာဗိုလ်(ပညာစွမ်းအား)ဟူသော ဗိုလ်ငါးပါး တရားလက်ကိုင်ထားလျက် မိမိထံရောက်လာသောတာဝန်ကို ကျေကျေပွန်ပွန်ဆောင်ရွက်တော်မူကြရန် တိုက်တွန်းကြောင်း အဖွင့်သြဝါဒကထာမြွက်ကြားသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

ယင်းနောက် တက္ကသိုလ်များအုပ်ချုပ်ရေးဇဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တက္ကသိုလ်များအုပ်ချုပ်ရေးဇဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၆) ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကိုလည်းကောင်း၊ တက္ကသိုလ်များဇဟိုပညာရေးအဖွဲ့အစည်းအဝေး(၂/၂၀၂၆) တင်ပြချက်များကိုလည်းကောင်း လျှောက်ထားသည်။

ဆက်လက်၍အစည်းအဝေးသို့ကြွရောက်တော်မူလာသည့် ဆရာတော်များနှင့် ပညာရှင် လူပုဂ္ဂိုလ်များက တက္ကသိုလ်များ အုပ်ချုပ်ရေးဇဟိုအဖွဲ့အစည်းအဝေး(၂/၂၀၂၆) နှင့်ပတ်သက်သည့်ကိစ္စရပ်များကို ဆွေးနွေး၍ ဆုံးဖြတ်ချက်(၁၂)ရပ်နှင့် မှတ်တမ်းတင်ခြင်းနှစ်ရပ်တို့ကို ချမှတ်အတည်ပြုခဲ့ပြီး သဘာပတိဆရာတော်က နိဂုံးချုပ်သြဝါဒကထာမြွက်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆရာတော်၊သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မဟာသိမ်တော်ကြီးအပေါ်ထပ်ရှိ ဘုရားဆင်းတုတော် ၁၀၈ ဆူအား ကြည်ညိုသပ္ပာယ်စွာ အပူဇော်ခံနိုင်ရေးဆောင်ရွက်ထားရှိမှု၊ မဟာသိမ်တော်ကြီးအောက်ထပ် ရေဝင်ရောက်မှုမရှိစေရေးအတွက် ရေနုတ်မြောင်းတူးဖော်ဆောင်ရွက်ရန်လိုအပ်မှု၊ ဒဂုံသီရိကုသိုလ်တော် ဘေးမဲ့ငါးကန်အတွင်း ငါးများ စောင့်ရှောက်ထိန်းသိမ်းထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၆၇/၂၀၂၆**

၁၃၈၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၂ ရက်

(၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၈ ရက်)

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ)တို့အရ ဦးငွေအောင်အား မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) မင်းအောင်လှိုင်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဒေသခံတိုင်းရင်းသားပြည်သူများအတွက် အမှန်တကယ်အကျိုးပြုမည့် လုပ်ငန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်သွားရန် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် မှာကြား

နေပြည်တော် စက်တင်ဘာ ၂၈

ဘဏ္ဍာနှစ်အလိုက်လျာထားလုပ်ငန်းများ ဆောင်ရွက်ရာတွင် နယ်မြေဒေသတည်ငြိမ်အေးချမ်းပြီး ဒေသခံတိုင်းရင်းသားပြည်သူများအတွက် အမှန်တကယ်အကျိုးပြုမည့်လုပ်ငန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်သွားရန် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က ယမန်နေ့မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ်မှာကြားသည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးဝန်ထမ်းအိမ်ရာ ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များကို အားပေးစကားပြောကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ မြစ်ကြီးနားမြို့ရှိ အမှတ်(၂) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများကို ဘက်စုံထူးချွန်သူများ၊ ဗလငါးတန်နှင့်ပြည့်စုံပြီး နိုင်ငံတော်အတွက် အားကိုးအားထားပြုရသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေး၊ စာပေပညာရပ်များအပြင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်ပြီး ယုံကြည်ချက်၊ ခံယူချက်၊ အတွေးအခေါ်နှင့် ဆင်ခြင်တုံတရား မြင့်မားလာစေရေးတို့ကိုအလေးထားလေ့ကျင့် သင်ကြားပေးကြရန် မှာကြားကာ ချီးမြှင့်ငွေများ ပေးအပ်သည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်အတူ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ တိုင်းရင်းသားအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။





ဆက်လက်၍ အမှတ်(၁)နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဝန်ထမ်းများ၊ ကျောင်းသူများနှင့် သွားရောက်တွေ့ဆုံပြီး ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်၊ စာကြည့်တိုက်၊ စတိုဆောင်တို့ကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်**

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၈**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရှမ်းပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် မားသဲကျေးရွာအုပ်စုရှိ ကျေးရွာအများစု ဆက်သွယ်သွားလာသည့် ဗထူး- မုံပြင်လမ်း ၁၈ မိုင်ကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် မုံပြင်- ရေဖြူလမ်း တစ်မိုင်ကို မြေသားအမာခံ ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လမ်းအရှည် ၁၉ မိုင်အနက် ဗထူးလမ်းခွဲမှ ရေဖြူရွာထိ လမ်းအရှည် ၁၅ မိုင် ၂ ဖာလုံသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းပိုင်းတွင်ပါဝင်ပြီး ကျန်လမ်းပိုင်းလမ်းအရှည် ၃ မိုင် ၆ ဖာလုံခန့်သည် လတ်တလော လမ်းမှတ်တမ်းစာရင်းတွင် ပါဝင်ခြင်း မရှိသေးသည့်အတွက် လမ်းသိမ်းသွင်းခြင်းလုပ်ငန်းစဉ်ကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဗထူးလမ်းခွဲမှ ရေဖြူရွာထိ လမ်းပိုင်းအရှည် ၁၅ မိုင် ၂ ဖာလုံအနက်မှ ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ရန်ကျန်ရှိသော မြေလမ်း ၂ မိုင် ၄ ဖာလုံကို ၂၀၂၇- ၂၀၂၈ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပြီး ကျောက်ခင်းလမ်းအပိုင်းများကို ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်တင်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပေါင်းစပ်၍ နှစ်အလိုက်လျာထားသွားမည် ဖြစ်ပါကြောင်းဖြေကြားသည်။

ရှမ်းပြည်နယ်အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် အောင်ပန်းမြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးတို့အတွက် အောင်ပန်းမြို့တွင် မြို့ရှောင်လမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မြို့ရှောင်လမ်းအဖြစ် ဖောက်လုပ်လိုသည့် အဆိုပြုလမ်းအပိုင်းသည် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ- တာချီလိတ်လမ်းနှင့်ဆက်စပ်နေပြီး ကလောခရိုင် ကလောမြို့နယ်အပိုင်းတွင် ပါဝင်ပါကြောင်း၊ B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း။

အောင်ပန်းမြို့ရှောင်လမ်းကို လယ်ယာမြေထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ကြိုတင်လေ့လာမှုဆောင်ရွက်ပြီးပါက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄) ဒေါ်မီမီကျော်ထွန်း၏ **ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့နယ် မိုင်းခွန်းကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသောလမ်းပိုင်း ၁၃ မိုင်ရှိပြီး ၎င်း ၁၃ မိုင်တွင် ကွန်ကရစ်လမ်း ၂ မိုင် ၇ ဖာလုံ၊ အမာခံလမ်း ၈ မိုင် ၁ ဖာလုံနှင့်မြေသားလမ်း (လမ်းမဖောက်ရသေး) နှစ်မိုင်ရှိပြီး ကွန်ကရစ်ခင်းရန်ကျန်ရှိသောအပိုင်းကို ကွန်ကရစ် ဆက်လက်ခင်းပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသောလမ်းပိုင်း ၁၃ မိုင်တွင် ကွန်ကရစ်ခင်းရန်ကျန်ရှိသော ၁၀ မိုင် ၁ ဖာလုံကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လမ်းအဆင့်မြှင့်တင်နိုင်ရေးအတွက် ပထမအဆင့်အနေဖြင့် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်တွင် မြေသားလမ်းအပိုင်း၏ မိုင်တိုင် ၁၁/၀ မှ ၁၁/၆ အတွင်း ခြောက်ဖာလုံကို ပြန်လည်ပြုပြင်ဖောက်လုပ်ခြင်းနှင့် အမာခံလမ်းခင်းခြင်းလုပ်ငန်း၊ ဒုတိယအဆင့်အနေဖြင့်၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစတင်၍ မြေသားလမ်းအပိုင်း၏ကျန်ရှိနေသော ၁ မိုင် ၂ ဖာလုံကို ပြန်လည်ပြုပြင်ဖောက်လုပ်ခြင်းနှင့် အမာခံလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပြီး အမာခံလမ်းများအဖြစ် ဆောင်ရွက်ပြီးပါက ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေ ဆက်လက်လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၄)ဒေါ်မီမီကျော်ထွန်း၏ **၂၀၂၆ ခုနှစ် ပြည်ထောင်စုအခွန်ဥပဒေပါ ရည်ရွယ်ချက်များနှင့်အညီ နိုင်ငံတော်၏အခွန်ဘဏ္ဍာငွေများ စနစ်တကျစုဆောင်းရရှိရေး၊ ဒေသအတွင်းရှိ စီးပွားရေးလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာအခွန်ပေးဆောင်နိုင်ရေး၊ ခရိုင်အဆင့်ဒေသအဖြစ် အုပ်ချုပ်ရေး၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်လာစေရေးတို့အတွက် တနိုင်းမြို့နယ်တွင် အခွန်ဦးစီးဌာနရုံး တည်ဆောက်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က တနိုင်းမြို့နယ်သည် ကချင်ပြည်နယ်ရှိ (၈)အဆင့် မြို့နယ်တစ်ခုဖြစ်ပြီး ပြည်တွင်းအခွန်များဦးစီးဌာန၏ ဖွဲ့စည်းပုံအရ မြို့နယ်ရုံးဖွင့်လှစ်ထားခြင်း မရှိသေးသော်လည်း မြို့နယ်ရုံးတွင် အခွန်ကောက်ခံမှုလုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် မြစ်ကြီးနားမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ တာဝန်ယူပြီး တနိုင်းမြို့သို့ သုံးလတစ်ကြိမ်သွားရောက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တနိုင်းမြို့နယ်၏ အခွန်စည်းကြပ်ထိုက်သော ပုဂ္ဂိုလ်တို့အခြေအနေအရ တနိုင်းမြို့နယ်၌ မြို့နယ်အခွန်ဦးစီးမှူးရုံးဖွင့်လှစ်ရန် လတ်တလောအနေဖြင့် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးကျော်ကျော်လတ်၏ **CHUBB Life Myanmar Insurance Company နှင့်ပတ်သက်၍ပြည်သူများ၏အာမခံအခွင့်အရေးများ ဆုံးရှုံးနေမှုကို သက်ဆိုင်ရာဌာနများမှ မည်သို့စီမံဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က Chubb Life Myanmar Insurance Company သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ယင်းတို့၏ သဘောဖြင့် ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ ပိတ်သိမ်းပြီး မြန်မာနိုင်ငံမှ ထွက်ခွာသွားခြင်းနှင့် စပ်လျဉ်း၍ Chubb Life Myanmar Insurance Company အသက်အာမခံဝယ်ယူထားသည့်ပေါ်လစီရှင်များ ဆုံးရှုံးနစ်နာမှုမရှိစေရေး ရန်ကုန်မြို့ မြန်မာနိုင်ငံအာမခံအသင်း၌ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာနိုင်ငံအာမခံအသင်း၊ လိုင်စင်ရအသက်အာမခံကုမ္ပဏီများ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်အရ“နိုင်ငံတကာရှိ အာမခံကုမ္ပဏီများ ဖျက်သိမ်းသည့်အခါ ဆောင်ရွက်သည့်နည်းလမ်းဖြစ်သောယင်းကုမ္ပဏီမှ အာမခံဝယ်ယူထားသည့် အသက်အာမခံပေါ်လစီများကို မြန်မာနိုင်ငံအတွင်းရှိ အခြားအသက်အာမခံကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းပေးနိုင်ရေး” ဆွေးနွေးဆောင်ရွက်ခဲ့ပါကြောင်း။

Chubb Life Myanmar Insurance Company ၏ရရန်ရှိနှင့် ပေးရန်ရှိများကို လွှဲပြောင်းရယူမည့် အသက်အာမခံကုမ္ပဏီထံမှ စိတ်ဝင်စားမှု အဆိုပြုလွှာ (EOI)ကို ဖိတ်ခေါ်ခဲ့ရာ နိုင်ငံခြားရာနှုန်းပြည့်ပိုင် အသက်အာမခံကုမ္ပဏီတစ်ခုက EOI ပေးပို့လာပါကြောင်း၊ ၎င်းတို့ တင်ပြထားသော EOI လုပ်ငန်းစဉ်နှင့် အချိန်ဇယားအတိုင်း Chubb Life Myanmar Insurance Company ၏ အသက်အာမခံပေါ်လစီများကို ဆန်းစစ်မှုများ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

အသက်အာမခံပေါ်လစီရှင်များကို စိစစ်မှုလုပ်ငန်းစဉ် (Due Diligence) ဆောင်ရွက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းခန့် စိစစ်ပြီးဖြစ်ပါကြောင်း၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အနေဖြင့် Chubb Life Myanmar Insurance Company ထံမှ အာမခံဝယ်ယူထားသည့် ပြည်သူများ၏ အာမခံအခွင့်အရေးများဆုံးရှုံးမှုမရှိစေရေးအတွက် Myanmar Insurance Company အာမခံပေါ်လစီရှင်များကို လက်ခံရယူမည့် ကုမ္ပဏီမှ စိစစ်မှုလုပ်ငန်းစဉ် (Due Diligence) ပြီးစီးချိန်တွင် အာမခံအမျိုးအစားအပေါ်မူတည်ပြီး သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယင်းသို့ဆောင်ရွက်မည့်အခြေအနေများကိုလည်း Chubb Life Myanmar Insurance Company ၏ အသက်အာမခံပေါ်လစီရှင်များသို့ “အသိပေးကြေညာချက်” ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း၊ Chubb Life Myanmar Insurance Company ကိုလည်း “အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ” ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်ဆွေ၏ **မြန်မာနိုင်ငံအတွင်း အာမခံလုပ်ငန်းများ ရပ်ဆိုင်း၊ ထွက်ခွာသည့်အခါ အာမခံထားသူပြည်သူများ၏ရပိုင်ခွင့်များ မဆုံးရှုံးစေရန်အာမခံကာကွယ်ရေးရန်ပုံငွေ (Insurance Guarantee Fund) တည်ထောင်ရေး၊ လွှဲပြောင်းကာကွယ်ရေးစနစ် ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်( ၉ ) ဦးသောင်းရွှေက အာမခံလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဘဝလုံခြုံစိတ်ချရမှုအတွက် လွန်စွာမှအရေးကြီးသည့်လုပ်ငန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ အာမခံကုမ္ပဏီများ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းရပ်ဆိုင်းကာ သို့မဟုတ် ပြည်ပကုမ္ပဏီများဖြစ်ပါက ပြည်ပသို့ ထွက်ခွာသွားခြင်းရှိခဲ့ပါက ပြည်သူများဆုံးရှုံးနစ်နာမှုများ ရင်ဆိုင်ရနိုင်ပါသောကြောင့် အကာအကွယ်ပေးမည့် စနစ်တစ်ခုရှိရန်လိုအပ်ပါကြောင်း၊ အာမခံလုပ်ငန်းဈေးကွက်တည်ငြိမ်ရန် အာမခံကုမ္ပဏီများသည် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုရရှိရန် ဥပဒေကြောင်းအရ အာမခံချက်ရှိရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံတွင် အာမခံကာကွယ်ရေးရန်ပုံငွေ တည်ထောင်ရန်နှင့် အာမခံစာချုပ်လွှဲပြောင်းကာကွယ်ရေးစနစ်ကို ကြိုတင်ပြီး ဥပဒေ သို့မဟုတ် ပြင်ဆင်ပြဋ္ဌာန်းချက်မျိုးရှိရန် လိုအပ်ပါကြောင်း၊ အာမခံလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာခြင်း၊ အလုပ်အကိုင်များဖန်တီးနိုင်ခြင်း၊ အခွန်ဝင်ငွေတိုးပွားလာခြင်း၊ အစိုးရ၏ဝန်ထုပ်ဝန်ပိုး လျှော့နည်းလာခြင်း၊ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံမှု မြင့်မားလာခြင်းတို့မှတစ်ဆင့် နိုင်ငံတော်၏ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းများ ခိုင်မာစွာရပ်တည်ဆောင်ရွက်နိုင်ရန်နှင့် အာမခံထားသူပြည်သူများ၏ရပိုင်ခွင့်များ မဆုံးရှုံးစေရန်အတွက် အဆိုကို ထောက်ခံကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်က ပြည်သူများသည် မိမိတို့၏အသက်၊ အိုးအိမ်၊ စည်းစိမ်၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းတို့ကို ရုတ်တရက်ကြုံတွေ့လာရမည့်အန္တရာယ်များမှ ကာကွယ်ရန်အတွက် ရေရှည်ရင်းနှီးမြှုပ်နှံပြီး ယုံကြည်စိတ်ချစွာ အပ်နှံထားခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အာမခံထားသူများ၏ အခွင့်အရေးကို ကြိုတင်ကာကွယ်ပေးနိုင်မည့် စနစ်တစ်ခုတည်ဆောက်ရန် အလွန်အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံ၏ အာမခံပျံ့နှံ့မှု (Insurance Penetration) ၏ဂျီဒီပီသည် (သုည ဒသမ ၂) ရာခိုင်နှုန်းဝန်းကျင်သို့ ရောက်ရှိနေပြီကို လေ့လာတွေ့ရှိရသဖြင့် မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းဈေးကွက် တိုးတက်လာရန် အလားအလာရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ အရှိန်အဟုန်နှင့် ဖွံ့ဖြိုးလာမည့်ဈေးကွက်ကြီးတည်ငြိမ်ရန်အတွက် အဓိကအကျဆုံးအချက်သည် ပြည်သူလူထု၏ ယုံကြည်မှုရရှိရန်ဖြစ်ပါကြောင်း၊ အာမခံလုပ်ငန်းသည် လျော်ကြေးပေးသည့် လုပ်ငန်းတစ်ခုသာမဟုတ်ဘဲ နိုင်ငံတော်၏စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသောဘဏ္ဍာရေးမဏ္ဍိုင်တစ်ခုဖြစ်ပါကြောင်း၊ အာမခံဈေးကွက် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာခြင်း၊ အလုပ်အကိုင်များဖန်တီးနိုင်ခြင်း၊ အခွန်ဝင်ငွေတိုးပွားလာခြင်း၊ အစိုးရ၏ ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုး လျော့နည်းလာခြင်း၊ ပြည်သူများ၏ ဘဝလုံခြုံရေးမြင့်မားလာခြင်းတို့မှတစ်ဆင့် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုပါကြောင်း၊ ပုဂ္ဂလိကနှင့်နိုင်ငံခြားအာမခံကုမ္ပဏီများ ဝင်ရောက်လာမှု၊ နိုင်ငံတကာကြီးကြပ်ရေးစံနှုန်းများနှင့် အာမခံထားသူကာကွယ်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် လက်ရှိဥပဒေကိုပြင်ဆင်ခြင်း သို့မဟုတ် ခေတ်မီအာမခံလုပ်ငန်း ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းနိုင်ရန်အတွက်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်( ၈ ) ဦးတင်မောင်ဝင်းက အဆိုသည် ပြည်သူကိုကာကွယ်ရန် ရည်ရွယ်ချက်ကောင်းများရှိသော်လည်း **စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

လက်ရှိမိမိတို့နိုင်ငံ၏ စီးပွားရေးအခြေအနေနှင့် အာမခံဈေးကွက်အခင်းအကျင်းအရ လက်တွေ့အကောင်အထည်ဖော်ရန် အချိန်အခါမကျသေးဘဲ ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအပေါ် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ၁၉၉၆ ခုနှစ် ဇွန် ၂၄ ရက်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၉၆ ဖြင့် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကို ပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ ဥပဒေ၏ အခန်း(၄)တွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ (IBRB)ကို အခိုင်အမာဖွဲ့စည်းပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် ဥပဒေအသစ်၊ ရန်ပုံငွေအသစ်ထပ်မံတည်ထောင်ပြီး ဗျူရိုကရေစီယန္တရား ထပ်ချဲ့မည့်အစား လက်ရှိကြီးကြပ်ရေးအဖွဲ့က အာမခံကုမ္ပဏီများ၏ ရန်ပုံငွေအခြေအနေကို ပိုမိုတင်းကျပ်စွာ စစ်ဆေးရန်နှင့် ကုမ္ပဏီများ ဒေဝါလီမခံရအောင် ကြိုတင်ကာကွယ်သည့် မူဝါဒများကိုသာ အားဖြည့်သင့်ပါကြောင်း၊ ဥပဒေအသစ်များ ထပ်တိုးပြီး စည်းမျဉ်းများ ရှုပ်ထွေးအောင်လုပ်မည့်အစား လက်ရှိစနစ်ကိုပိုမိုထိရောက်အောင် ကိုင်တွယ်ဖြေရှင်းခြင်းသည် ပိုမိုလက်တွေ့ကျသည့် ဖြေရှင်းနည်းဖြစ်ပါကြောင်းနှင့် အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးမင်းမင်းထွန်းက မြန်မာနိုင်ငံ၏ အာမခံကဏ္ဍတွင် လူဦးရေ၏တစ်ရာခိုင်နှုန်းအောက်သာ အာမခံထားရှိသေးသည့်အတွက် ပြည်သူများ၏ အာမခံစနစ်အပေါ်ယုံကြည်မှု (Public Trust)သည် အလွန်နုနယ်နေသေးသည့် အနေအထားဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဘဝလုံခြုံရေးအတွက် အာမခံစနစ်ပိုမိုဖွံ့ဖြိုးလာရေး တည်ဆောက်နေရသည့် အချိန်တွင် ဥပဒေကြောင်းအရ အကာအကွယ်မဲ့မှုကြောင့် ပြည်သူများ၏ ယုံကြည်မှုပျက်ပြားသွားပါက ရှိရင်းစွဲ တစ်ရာခိုင်နှုန်းသော ဈေးကွက်ပါပြိုလဲသွားနိုင်ပြီး စီးပွားရေးမဏ္ဍိုင်တစ်ခုလုံးကို ထိခိုက်စေမည်ဖြစ်ပါကြောင်း၊ ၁၉၉၆ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်၍ဖြစ်စေ၊ နည်းဥပဒေအသစ်ဖြင့်ဖြစ်စေ ကုမ္ပဏီများ တာဝန်မဲ့မဆုတ်ခွာနိုင်အောင် ပေါ်လစီလွှဲပြောင်းရေး ဥပဒေစနစ်သစ်ကို အမြန်ဆုံးဖြည့်စွက်ပြဋ္ဌာန်း ပေးရန်လိုအပ်ပါကြောင်း။

ယခင်သင်ခန်းစာများအရ ဥပဒေကြောင်းဆိုင်ရာ ပြီးပြည့်စုံသည့် ဘဏ္ဍာရေးအကာအကွယ်မရှိဘဲ စီးပွားရေးနှင့် အာမခံကဏ္ဍတိုးတက်ရေးကို လုပ်ဆောင်၍မရနိုင်ပါကြောင်း၊ ထို့ကြောင့် အဆိုရှင်တောင်းဆိုထားသည့် အာမခံကာကွယ်ရေးရန်ပုံငွေ (Insurance Guarantee Fund) တည်ထောင်ခြင်းနှင့် ပေါ်လစီများလွှဲပြောင်းကာကွယ်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို တိကျစွာပြဋ္ဌာန်းခြင်းဖြင့်မိဘပြည်သူများ၏ အာမခံငွေကြေးများကို တိုက်ရိုက်ကာကွယ်ပေးနိုင်မည့် တိကျခိုင်လုံသော အဖြေဖြစ်ပါသဖြင့် ပြည်ထောင်စုအစိုးရအနေဖြင့် မဖြစ်မနေ အကောင်အထည်ဖော်ပေးပါရန်အဆိုကို ထောက်ခံဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဦးကျော်တင့်က မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် အာမခံလုပ်ငန်းဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် (၂၇/၂၀၁၉) တွင် အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ထိုကဲ့သို့ပြဋ္ဌာန်းခဲ့သော်လည်း ယနေ့ထိ ရန်ပုံငွေတည်ထောင်ခြင်းမရှိသေးသည့်အပြင် ဆက်စပ်နည်းဥပဒေများကိုလည်း ထုတ်ပြန်ခြင်းမရှိသေးပါကြောင်း၊ ထို့ကြောင့် Chubb ကဲ့သို့ ဖြစ်ရပ်တွင် ပြည်သူများ ဥပဒေကြောင်းအရ အကာအကွယ်မဲ့နေရခြင်းဖြစ်ပါကြောင်း၊ ထိုပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း။

ယခုအဆိုသည် ဥပဒေတစ်ရပ်အသစ် ပြဋ္ဌာန်းရန်မလိုဘဲ လက်ရှိဥပဒေကို ပြန်လည်ဖြည့်စွက်ပြီး အသက်သွင်းရန်သာ လိုအပ်ပါကြောင်း၊ အာမခံကာကွယ်ရေးရန်ပုံငွေကို ဥပဒေနှင့်အညီ တည်ထောင်ပါက ယုံကြည်မှုကိုပြန်လည်တည်ဆောက်နိုင်ခြင်း၊ နိုင်ငံဘဏ္ဍာရေးစနစ်၏ လုံခြုံမှုမြှင့်တက်လာခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာ တိုးတက်လာခြင်းစသည့် အကျိုးကျေးဇူးများကို ခံစားလာရမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ ပြည်သူများ၏အာမခံကြေးများ မည်သည့်အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးခြင်းမရှိစေရန် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) နော်ယုဇနဝါက လက်တွေ့အခြေအနေတွင် မြန်မာ့အာမခံလုပ်ငန်းမှ အာမခံထားရှိသောပြည်သူများကို လျော်ကြေးပေးဆောင်သည့်အချိုးအစားမှာ အလွန်နည်းပါးနေသည်ကို တွေ့ရှိရပါကြောင်း၊ ပြည်သူများအနေဖြင့် မော်တော်ယာဉ်၊ ဆိုင်ကယ်၊ အခြားယာဉ်များ၏ လိုင်စင်သက်တမ်းတိုးတိုင်း အာမခံကြေးကိုမဖြစ်မနေ ပေးဆောင်နေရသော်လည်း၊ လက်တွေ့တွင် အာမခံ၏အကာအကွယ်နှင့် ရပိုင်ခွင့်များကို မရရှိဘဲ အခွန်ပေးဆောင်နေရသကဲ့သို့သာ ဖြစ်နေပါကြောင်း။

အာမခံဥပဒေ၊ နည်းဥပဒေများက ပေးအပ်ထားသောရပိုင်ခွင့်များကို ပြည်သူများ အပြည့်အဝရရှိစေရန် မြန်မာ့အာမခံလုပ်ငန်းတွင် တာဝန်အရှိဆုံးဖြစ်ပါကြောင်း၊ ရေရှည်တွင် ကမ္ဘာ့ထိပ်တန်းအာမခံကုမ္ပဏီများကဲ့သို့ ဘီလီယံချီကြွယ်ဝချမ်းသာပြီး နှစ်ရာချီတည်တံ့ရန် မြန်မာ့အာမခံလုပ်ငန်းအတွက် ထပ်မံပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်သောဥပဒေ၊ နည်းဥပဒေများကို ခေတ်နှင့်အညီ ထပ်မံပြဋ္ဌာန်းပေးရမည်ဖြစ်ပါကြောင်း၊ ဥပဒေပါ ပြစ်ဒဏ်နှင့် ဒဏ်ကြေးများသည်လည်း ခေတ်နှင့်လျော်ညီခြင်း မရှိပါကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းမှ ဘီလီယံချီ နိုင်ငံအခွန်များ ရရှိစေရန် ပြည်တွင်းပြည်ပမှ ငွေကြေးဆိုင်ရာ ပညာရှင်များ၊ အဖွဲ့အစည်းများ၏ အကူအညီရယူပြီး မူဝါဒလမ်းစဉ်များ၊ ဥပဒေနည်းဥပဒေများ၊ နည်းဗျူဟာများ တိတိကျကျလုပ်ကိုင်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က မြန်မာနိုင်ငံအတွင်း အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရအာမခံကုမ္ပဏီများထံမှ အာမခံဝယ်ယူထားသော ပြည်သူများ၏ ရပိုင်ခွင့်များကို အကာအကွယ်ပေးနိုင်ရန်အတွက် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသည့် အာမခံကုမ္ပဏီများသည် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်နည်းဥပဒေများ၊ နည်းဥပဒေ ၇ (က)နှင့် ၇ (ခ) တို့တွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ ၎င်းတို့ထည့်ဝင်သည့် မတည်ရင်းနှီးငွေ၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းဖွင့်လှစ်ထည့်သွင်းထားရှိရမည်ဖြစ်ပြီး ၎င်းမတည်ရင်းနှီးငွေ၏ ၃၀ ရာခိုင်နှုန်းကို အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အမည်နှင့်ပူးတွဲ၍ အစိုးရငွေတိုက်စာချုပ်များ ဝယ်ယူထားရှိရပါကြောင်း။

အာမခံထားသူပြည်သူများမှ ၎င်းတို့ဝယ်ယူသည့် အာမခံပေါ်လစီများအတွက် ပေးသွင်းထားသော ပရီမီယံအလိုက် အာမခံပေါ်လစီပါရပိုင်ခွင့်နှင့် အကျိုးခံစားခွင့်များ မဆုံးရှုံးစေရန် အာမခံကုမ္ပဏီများအနေဖြင့် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ၂၀၂၄ ဒီဇင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်သည့် "အာမခံစာရင်းဆိုင်ရာ ညွှန်ကြားချက်" တွင် ပါဝင်သည့် ပေါ်လစီများ၏အနာဂတ်တွင် ပေးချေရန်တာဝန်ရှိမှုအတွက် အာမခံတွက်ချက်မှုဆိုင်ရာ လျာထားချက်များ (Technical Provision) ကို ပေးရန်တာဝန်ရှိမှုအပိုင်းတွင် သီးသန့်လျာထားရမည်" ဟု ဖော်ပြချက်နှင့်အညီ အာမခံကုမ္ပဏီများမှ ပေးလျော်ရန်ရှိမှုအဖြစ် စာရင်းထည့်သွင်း လျာထားရပါကြောင်း။

အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေ အခန်း (၄) "ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ" ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ) တွင် "လိုအပ်ပါက အသက်အာမခံပေါ်လစီရှင်များကိုကာကွယ်ရန် ရန်ပုံငွေကို ထူထောင်ထားရှိစေခြင်းနှင့် အခြားသင့်လျော်သောနည်းများဖြင့် အရေးယူဆောင်ရွက်ခြင်း" ဟု ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါကြောင်း။

အဆိုရှင်၏ အဆိုတွင် ပါဝင်သည့် "အာမခံကာကွယ်ရေးရန်ပုံငွေ တည်ထောင်ခြင်းနှင့် လွှဲပြောင်းကာကွယ်ရေးစနစ်ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းရန်ကိစ္စနှင့်ပတ်သက်၍ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၊ နည်းဥပဒေများတွင် ပြဋ္ဌာန်းထားရှိပြီးဖြစ်သော်လည်း လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေရှိသည့် အချက်များကို နည်းဥပဒေတွင် ထပ်မံပြင်ဆင်ဖြည့်စွက်နိုင်ရေးအတွက်လည်းကောင်း၊ လိုအပ်သည့်ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေးအတွက်လည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့အနေဖြင့် အာမခံထားရှိသူ ပေါ်လစီရှင်များနစ်နာမှုမရှိစေရေးအတွက် အာမခံကာကွယ်ရေး ရန်ပုံငွေထူထောင်ထားရှိရန် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ) ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ခြင်းနှင့် ပေါ်လစီများလွှဲပြောင်းပေးနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက်ကနေဒါ၊ ဂျပန်၊ ဗြိတိန်၊ တောင်ကိုရီးယားနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မလေးရှား၊ စင်ကာပူ၊ ထိုင်းနိုင်ငံတို့၏ အာမခံရန်ပုံငွေများ (Industry Funded) သဘောသဘာဝ၊ ရန်ပုံငွေထည့်ဝင်မှုပုံစံ၊ အခြေခံသဘောတရားများ (Principles) ကို လေ့လာဆန်းစစ်ခြင်းပြုလုပ်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါလေ့လာဆန်းစစ်ခြင်း ပြုလုပ်ပြီးပါက အာမခံထားသူပြည်သူများ၏ ရပိုင်ခွင့်များ မဆုံးရှုံးစေရန် အသက်အာမခံပေါ်လစီရှင်များကို ကာကွယ်ရန် ရန်ပုံငွေ (Fund for the Protection of Life Assurance Policy-holders) ကို အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တည်ထောင်သွားနိုင်ရန် "မြန်မာနိုင်ငံအာမခံအသင်း" နှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားကိုမေးမြန်းရာ အဆိုရှင်က အဆိုကို အတည်ပြုပေးပါရန် ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုကိုအတည်ပြုရန် လွှတ်တော်၏အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် အဆိုကိုအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးပဉ္စမနေ့ကို အောက်တိုဘာ ၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသား လွှတ်တော် ရုပ်သံဗိုင် ကြည့်ရန်

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့် အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**



အထည်ဖြတ်စက်ဖြင့် မတော်တဆထိခိုက်မှုကြောင့် အသက် ၂၃ နှစ်အရွယ် အမျိုးသမီး၏ လက်ပြတ်တောက်သွားသည့်အနေအထားပုံ။

❑ ခွဲစိတ်ကုသမှုအောင်မြင်မှု

ခွဲစိတ်ကုသမှု အောင်မြင်စွာပြီးဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ခွဲစိတ်ကုသမှုကို လက်ပိုင်းဆိုင်ရာ ခွဲစိတ်ဆရာဝန်များအဖွဲ့၊ မေ့ဆေးအထူးကု ဆရာဝန်များအဖွဲ့၊ ကျွမ်းကျင်သူနာပြုကြီး၊ သူနာပြုများအဖွဲ့နှင့်ဆက်စပ်ဌာနများမှ အထောက်အကူပြု ခတ်ခွဲ၊ ခတ်မှန်ကျွမ်းကျင်ဝန်ထမ်းများအားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါလူနာ၏ပြန်ဆက်ထားသော ဘယ်ဘက်လက်ညှိုးမှာ မူလအတိုင်း ကောင်းစွာလှုပ်ရှားနိုင်ပြီဖြစ်သဖြင့် ခွဲစိတ်ပြီး ၂၉ ရက်မြောက် စက်တင်ဘာ ၉ ရက်တွင် ဆေးရုံဆင်းခွင့်ရရှိပြီး လိုအပ်သောလေ့ကျင့်ခန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ၂၀၂၂ ခုနှစ်တွင် လက်ဖျံပြန်ဆက်ခွဲစိတ်သူ တစ်ဦး၊ ၂၀၂၃ ခုနှစ်တွင် လက်မောင်းပြန်ဆက်ခွဲစိတ်သူ တစ်ဦးနှင့် လက်မပြန်ဆက်ခွဲစိတ်သူ တစ်ဦး၊ ၂၀၂၄ ခုနှစ်တွင် လက်မ ပြန်ဆက်ခွဲစိတ်သူ တစ်ဦး၊ ၂၀၂၅ ခုနှစ် လက်ဖဝါးနှင့် လက်မပြန်ဆက်ခွဲစိတ်သူ နှစ်ဦး၊ ၂၀၂၆ ခုနှစ် ယခုအချိန်ထိ လက်ညှိုးပြန်ဆက်ခွဲစိတ်သူ တစ်ဦး စုစုပေါင်း ခုနစ်ဦးကို ပြန်ဆက်ခွဲစိတ်ကုသမှု (Replantation Surgery) ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဘယ်ဘက်လက်ညှိုး ပြန်ဆက်သည့် ခွဲစိတ်ကုသမှုအပြီး ၂၉ ရက်မြောက်နေ့ လက်အနေအထားပုံ။

(သတင်းစဉ်)

■ ကူညီကယ်ဆယ်ရေးလုပ်ငန်းများမှ

ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ခြင်း၊ နီးစပ်ရာဆွေမျိုးများ၏နေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ တနင်္သာရီမြို့နယ်အတွင်း စက်တင်ဘာ ၂၄ ရက်မှ ယနေ့ထိ မိုးအဆက်မပြတ်ရွာသွန်း၍ တောင်ကျချောင်းရေကျဆင်းမှုများကြောင့် သဲဖြူကျေးရွာနှင့် မောတောင်ငယ်ကြား ကားလမ်းပေါ်တွင် မြေပြိုကျမှုဖြစ်ပေါ်သည့်နေရာများ၊ ချောင်းရေမြင့်တက်၍ ရေကျော်မှုဖြစ်ပွားလျက်ရှိသည့် လမ်းတစ်လျှောက်ရှိ တံတားများတွင် ရေစီးနှင့်အတူမျောပါလာသည့် သစ်ပင်၊ သစ်ကိုင်းများ၊ နုန်းများဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ပုလောမြို့၊ သရက်ချောင်းမြို့နှင့် လောင်းလုံးမြို့တို့တွင်လည်း ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ရေကြီးရေလျှံမှုဖြစ်ပေါ်လျက်ရှိသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှုများကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "ဗိုလ်ကြီး" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ဗမော်ကျေးရွာနေ တိုးလှိုင်ဝင်းခေါ် ငတိုးကို ညနေ ၅ နာရီ ၁၀ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေတာရှည်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ၂၈-၉-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၅ ~ ၃၆၆၅.၈ | ၅၅၇ ~ ၅၅၇.၆ | ၁၂၅.၅ ~ ၁၂၅.၇ | |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၇,၉၈၁,၉၀၉.၄၁ | ၅,၁၉၂,၉၄၀.၂၀ | ၂၆,၄၈၄,၂၄၆.၆၆ | |

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ " ပြည်သူ့ကြားက ပြည်သူ့စကား " အစီအစဉ်မှ **"အောက်တန်းကျရက်စက်ယုတ်မာတဲ့ နည်းလမ်းမျိုးစုံနဲ့ နိုင်ငံဖျက်ဆီး ပြည်သူကိုသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ၃၀-၉-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၇-၁၀-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတွင်း ပညာတတ်လူငယ်ပေါ်ထွန်းလာမှုကိုမလိုလား၍ ပညာရေးဝန်ထမ်းများနှင့် အနာဂတ်ကြယ်ပွင့် ကျောင်းသား၊ ကျောင်းသူများကို အကြောင်းမဲ့ ဖမ်းဆီးချုပ်နှောင် နှိပ်စက်သတ်ဖြတ်နေတဲ့ အကြမ်းဖျက် PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

❍ အားကောင်းသောမုန်တိုင်းငယ်မှ

ဖြူးမြို့၏ တောင်-အရှေ့တောင်ဘက် ၈၅ မိုင်ခန့်အကွာကို ဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံ မွန်ပြည်နယ် ကျိုက်ထိုမြို့အနီးမှ ဖြတ်ကျော်နေသဖြင့် အညိုရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာ ၃၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေ မှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် မြစ်ဝကျွန်းပေါ်ဒေသနှင့် မုတ္တမကွေ့၊ ကမ်းရိုးတန်းဒေသများတွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

(မိုး/ဇလ)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

# တရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်၊ ရာဇဝတ် အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် စက်တင်ဘာ ၂၈**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဒွေးနှင့်ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသောင်းနိုင်၊ ဦးဝင်းမြင့်၊ ဒေါ်စိုးခက်ခက်၊ ဒေါ်သင်းသင်းချို တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိ ခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၂၃/၂၀၂၆(မန္တလေး)၊ ၂၅/၂၀၂၆(မွန်)၊ ၂၆/၂၀၂၆ (ရှမ်း)နှင့် ၃၀/၂၀၂၆(ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၇/၂၀၂၆ (ရန်ကုန်)နှင့် တရားမအထူးအယူခံမှု အမှတ် ၂၈/၂၀၂၆ (ရန်ကုန်)၊ ၃၁/၂၀၂၆ (ရန်ကုန်)၊ ၃၂/၂၀၂၆ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဝေနတာကျိုးပေါက်မှုနှင့် ဆက်စပ်ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၈**

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဝေနတာကျိုးပေါက်မှုနှင့်ဆက်စပ် ရေဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန် ယနေ့ မွန်းလွဲပိုင်းတွင် သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံသည့် နိုင်ငံ ၂၂ နိုင်ငံ၏ ကုမ္ပဏီ ၅၇ ခုက ငွေကျပ် ၄၃၁၅၁၀၀၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။




(သတင်းစဉ်)

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ



**မန္တလေး စက်တင်ဘာ ၂၈**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော်ရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးက မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၁ ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က "မန္တလေးတိုင်းဒေသကြီး၏ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်"နှင့် စပ်လျဉ်း၍ လွှတ်တော်ကအတည်ပြုပေးပါရန်တင်သွင်းရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရုပ်နားသည်။

တတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)






## ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၃၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

# တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော ဆရာကြီးဦးတင်အေး၏ ကချင်အမှတ်တံဆိပ် သွေးတိုးကျလေနှင်ဆေး(ဆေးလုံး+ဆေးမှုန့်၊ ဆေးဘူး)သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ရရှိခဲ့သော်လည်း တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားမှုမရှိခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်သက်တမ်းကုန်ဆုံးခြင်း၊ လေးပါးရာဇာအမှတ်တံဆိပ် သွေးတိုးပျောက်ဆေးကြီး (ဆေးပြား၊ ဆေးထုပ်)သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင်ရရှိခဲ့သော်လည်း သက်တမ်းတိုး လျှောက်ထားမှုမရှိခြင်း၊ သက်တမ်းကုန်ဆုံးခြင်း၊ ရှင်းအမှတ်တံဆိပ် သွေးတိုးကျဆေး(ဆေးပြား၊ဆေးထုပ်)သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုထားမှုမရှိခြင်းနှင့် ရွှေမင်းသားအမှတ်တံဆိပ် အားတိုးဆေး(ဆေးမှုန့်၊ ဆေးထုပ်)သည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်မရှိခြင်း၊ အခြားဆေး၏ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်– TMR နံပါတ်ကို ထည့်သွင်းအသုံးပြုထားခြင်းတို့ကြောင့် ၎င်းတိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုထားမှုမရှိသော တိုင်းရင်းဆေးဝါးများဖြစ်သဖြင့် ဆေးဝါးစစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုပ်ပိုးခွံပေါ်တွင်ဖော်ပြသောအမှတ် | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|---|
| ၁။ | ဆရာကြီး ဦးတင်အေး ၏ကချင် | သွေးတိုးကျ လေနှင်ဆေး | ဆေးလုံး+ ဆေးမှုန့် (ဘူး) | 0203Y4439 | အမှတ် ၄၉၊ ကျန်စစ်လမ်း၊ သုံးခွမြို့။ တိုက် ၁၀၇၊ အခန်း ၇၊ အရှေ့ရန်ကင်း၊ ရန်ကုန်မြို့။ |
| ၂။ | လေးပါး ရာဇာ | သွေးတိုးပျောက် ဆေးကြီး | ဆေးပြား (ထုပ်) | 0401Y1530 | ဒေါ်ခင်ကြည်မိသားစု၊ အမှတ်၅၊ လှိုင်မြစ်လမ်း သွယ်-၁လမ်း၊ အမှတ် ၁ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၃။ | ရှင်း | သွေးတိုးကျဆေး | ဆေးပြား (ထုပ်) | ဖော်ပြထားခြင်း မရှိပါ | ဖော်ပြထားခြင်းမရှိပါ။ |
| ၄။ | ရွှေမင်းသား | အားတိုးဆေးမှုန့် | ဆေးမှုန့် (ထုပ်) | TMR-014129 (0527) | အောင် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး၊ စံပယ် ၁၀လမ်း၊ ၄ ရပ်ကွက်၊ မွှော်ရုံမှတ်တိုင် အနီး၊မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |




တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးနမူနာများ

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူ သုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိနေသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များ ပြန်လည်ထွက်ခွာ





တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များကို တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။

နေပြည်တော် စက်တင်ဘာ ၂၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ) 48th PLA Navy Escort Task Group မှ စစ်ရေယာဉ်များဖြစ်သည့် ဖျက်သင်္ဘော Tang Shan၊ ဖရီဂိတ် စစ်ရေယာဉ် Da Qing နှင့် ထောက်ပံ့ရေး စစ်ရေယာဉ် Tai Hu တို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူတို့က ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ စစ်ရေယာဉ်များနှင့်အတူ လိုက်ပါလာသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်း၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ သွားရောက်လေ့လာခြင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရေးအားကစားပြိုင်ပွဲများပြုလုပ်ခြင်း၊ နှစ်နိုင်ငံ စစ်ရေယာဉ်များသို့ အပြန်အလှန်လေ့လာခြင်း၊ ဂုဏ်ပြုညစာစားပွဲ အပြန်အလှန်ကျင်းပခြင်းများဆောင်ရွက်ခဲ့ကြပြီး စစ်ရေယာဉ်များ အပြန်ခရီးစဉ်အတွင်း တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ အပြန်အလှန် ဖြတ်သန်းမောင်းနှင်နှုတ်ဆက်ခြင်းလေ့ကျင့်ခန်း (PASSEX) တို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးရှိ မြို့နယ် ငါးမြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများကို တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၈

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင် (၁၁/၆)နှင့်(၁၁/၇)ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှုဖြစ်ပွားခဲ့သည့်နေရာနှင့် အဆိုပါနေရာ အနီးတစ်ဝိုက် မြစ်ရေတိုက်စားမှုကြောင့် မြေသားထပ်မံပြိုကျမှု ဖြစ်ပေါ်ခဲ့သည့်နေရာများတွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ရေဘေးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

အဆိုပါ တာကိုယ်ထည်တိုက်စား၍ ပြိုကျမှုဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ရေတိုက်စားမှု ကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ တာမိုင်အမှတ်(၁၁/၅)နှင့် (၁၁/၆) ကြားတွင် ယာယီပန်းတာတည်ဆောက်ပြီးစီးသည့်နေရာ၏ Upstream Slope နှင့် Downstream Slope နေရာများ၌ သဲအိတ်စီ၍ တာခြေထောက်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင်မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ခုနစ်ခုနှင့် ကျေးရွာအချို့တွင် ရေဝင်ရောက်မှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဝေန်မြစ်ရေသည် ယနေ့တွင် လေးမျက်နှာမြို့နယ်အတွင်း ၆ ပေ ၄ လက်မခန့်၊ ရေကြည်မြို့နယ်အတွင်း ၇ ပေ ၉ လက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ၈ ပေ ၁၀ လက်မခန့်၊ ကျုံပျော်မြို့နယ်အတွင်း ၄ ပေ ၉ လက်မခန့်နှင့်ကျောင်းကုန်းမြို့နယ်အတွင်း ၆ ပေ ၂ လက်မခန့်ထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့်မြို့ရွာ၊ ရပ်ကွက်များရှိဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိရေဘေးသင့်ပြည်သူများကို ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**● အမျိုးသမီးဘောလုံးပြိုင်ပွဲမှ**

ပိုမိုဖွံ့ဖြိုးတိုးတက် မြင့်မားလာစေရေးတို့အတွက်ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနကကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းနှင့် စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်းတို့၌ ခွဲ၍ကျင်းပသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို သက်ဆိုင်ရာအားကစားကွင်းများ၌ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်မိဘပြည်သူများ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့်မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် ရောဝတီတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဒုတိယပိုင်းပြီးဆုံးချိန်ထိ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြစ်နေ၍ အချိန်ပိုကစားခဲ့ရာ နှစ်သင်းစလုံး အနိုင်ဂိုးရရှိအောင် ထပ်မံသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပင်နယ်တီဂိုးရလဒ် အဆုံးအဖြတ်အရ ရောဝတီတိုင်းဒေသကြီးအသင်းက ခြောက်ဂိုး ငါးဂိုးဖြင့်လည်းကောင်း အကြိတ်အနယ်ယှဉ်ပြိုင်အနိုင်ရရှိသည်။

စက်တင်ဘာ ၂၉ ရက်တွင် ပြိုင်ပွဲတစ်ရက်နားမည်ဖြစ်ပြီး စက်တင်ဘာ ၃၀ ရက် ညနေ ၃ နာရီမှစတင်၍ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)၌ တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏဘောလုံးကွင်း၌ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရောဝတီတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်းနှင့် **အဆိုပါဗိုလ်လုပွဲ ပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုပ်သံလိုင်းများဖြစ်သည့် MRTV Sports Channel နှင့် MRTV Entertainment တို့တွင် တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ကြောင်း** သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ သိမ်းပိုက်ရရှိမှု

ဒေသတွင်း အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ကုန်စည်စီးဆင်းမှုများ ပြတ်တောက်စေရန်ရည်ရွယ်၍ ကမမောင်း-ဖာပွန်သွား ကားလမ်းမကြီးကို ယာယီစိုးမိုးထားသဖြင့် တပ်မတော်စစ်ကြောင်းများက အဆိုပါလမ်းကြောင်းတစ်လျှောက်ကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝများကို ပြန်လည်ဖော်ဆောင်ပေးနိုင်ရန်အတွက် ကမမောင်းမြို့တွင် လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး ၂၀၂၆ ခုနှစ် မေ ၅ ရက်မှစ၍ စစ်ကြောင်းများခွဲကာ လမ်းကြောင်းဖွင့်လှစ်နိုင်ရေးလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြရာ မေ ၈ ရက်တွင် ကျောက်ကွင်းလေးကျေးရွာကို လည်းကောင်း၊ မေ ၁၀ ရက်တွင် ဝက်သိုးခိုကျေးရွာနှင့် မီဇိုင်းချောင်းဖျားကျေးရွာတို့ကိုလည်းကောင်း၊ မေ ၁၆ ရက်တွင် နေကကျေးရွာကိုလည်းကောင်း၊ မေ ၁၈ ရက်တွင် ရေပူကျေးရွာကိုလည်းကောင်း၊ မေ ၂၄ ရက်တွင် မိုင် ၄၀ ကျေးရွာကိုလည်းကောင်း၊ မေ ၃၁ ရက်တွင် နိုခဲဒိုကျေးရွာနှင့် ဘောကျိုထကျေးရွာတို့ကိုလည်းကောင်း၊ ဇွန် ၃ ရက်တွင် ကတိုင်တိကျေးရွာကိုလည်းကောင်း၊ ဇွန် ၂၃ ရက်တွင် ဘောကြို့လယ်ကျေးရွာကိုလည်းကောင်း၊ ဇွန် ၂၄ ရက်တွင် ရှမ်းရွာကျေးရွာကိုလည်းကောင်း၊ ဇွန် ၂၇ ရက်တွင် တောင်သူစုကျေးရွာကို လည်းကောင်း၊ ဇူလိုင် ၂၅ ရက်တွင် ဖာလုံလေးကျေးရွာကိုလည်းကောင်း၊ စက်တင်ဘာ ၇ ရက်တွင် ကမမောင်း-ဖာပွန် လမ်းကြောင်းပေါ်ရှိ မိုင်တိုင်အမှတ် ၂၈/၅ မိုင်၏ အရှေ့ဘက်မီတာ ၁၈၀၀ ခန့်အကွာ ဖာလုံကြီးကျေးရွာကို လည်းကောင်း အဆင့်ဆင့် ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၇ ရက် ညနေပိုင်းတွင် ဆင်စွယ်ကျေးရွာကို ထပ်မံသိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။



တပ်မတော်စစ်ကြောင်းများက ကမမောင်း-ဖာပွန် လမ်းကြောင်းပေါ်ရှိ ဆင်စွယ်ကျေးရွာကို ထပ်မံထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့မှုကို တွေ့ရစဉ်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါကျေးရွာနှင့် လမ်းကြောင်းတစ်လျှောက်ကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေး အသက်ကိုပဓာနမထားဘဲ ရှုပ်ရှုပ်ချုံချုံ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲ ၆၅ ကြိမ်ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များထံမှ ယာယီခြေကုပ်စခန်း ၁၁ ခု၊ ရန်သူ့အလောင်း ၁၃ လောင်း၊ လက်နက်မျိုးစုံ ၁၅ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ FPV Drone ၂၄ စင်း၊ မိုင်းများ၊ လမ်းလျှောက်စကားပြောစက်များ၊ အသုံးအဆောင်ပစ္စည်းများကို သိမ်းပိုက်ရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ နိုင်ငံတော်နှင့်တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ကြရသည်။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် အဆိုပါကျေးရွာများနှင့် လမ်းကြောင်းတစ်လျှောက်ကို ထိန်းချုပ်စိုးမိုးထားစဉ်အတွင်း စစ်ရေးပစ်မှတ်မဟုတ်သည့် ကျေးရွာအတွင်းရှိ လူနေအိမ်များ၌ ဘန်ကာများပြုလုပ်၍ ခံစစ်စခန်းများပြုလုပ်ခြင်း၊ ဒေသခံပြည်သူများ၏ စားရေရိက္ခာနှင့် အသုံးဆောင်ပစ္စည်းများ၊ စည်းစိမ်ဥစ္စာများနှင့် တန်ဖိုးကြီးပစ္စည်းများကို လက်နက်အားကိုးဖြင့် အနိုင်ကျင့်ဗိုလ်ကျစိုးမိုးပြီး အတင်းအဓမ္မ ယူဆောင်အသုံးပြုခြင်း၊ အဆောက်အအုံများကို ဖျက်ဆီးခြင်း၊ ၎င်းတို့၏လုပ်ရပ်များကို မထောက်ခံသည့် ဒေသခံများကို အကြောင်းမဲ့ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းတို့ကို ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ကျူးလွန်ခဲ့ကြသည့်အပြင် ကမမောင်း-ဖာပွန်လမ်းကြောင်း တစ်လျှောက်ဖြတ်သန်းသွားလာလျက်ရှိသည့် ကုန်တင်ယာဉ်များနှင့် ခရီးသွားယာဉ်များကို ဆက်ကြေးများကောက်ခံခြင်း၊ ကုန်ပစ္စည်းများကို လုယက်ယူဆောင်ခြင်း၊ လမ်း၊ တံတားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ မိုင်းထောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို ယုတ်မာရိုင်းစိုင်းစွာ လုပ်ဆောင်ခဲ့မှုကြောင့် ခရီးသွားလာမှုကန့်သတ်ချက်များ ဖြစ်ပေါ်ခဲ့ရပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ များစွာ ထိခိုက်ပျက်စီးခဲ့ရသဖြင့် ဒေသခံပြည်သူများက ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များအပေါ် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။



အကြမ်းဖက်သောင်းကျန်းသူများက ကမမောင်း-ဖာပွန် လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများကို ဘန်ကာများ၊ ပစ်ကျင်းများ၊ ခံစစ်ကျင်းများတူး၍ စစ်စခန်းအဖြစ်အသုံးပြုထားမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ကမမောင်း-ဖာပွန်လမ်းကြောင်းပေါ်ရှိ ဖာလုံလေးကျေးရွာအနီးတံတားအား ဖျက်ဆီးထားမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ကမမောင်း-ဖာပွန်လမ်းကြောင်းပေါ်ရှိ ဆင်စွယ်ကျေးရွာအနီးတံတားအား ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါဒေသရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် ကမမောင်း- ဖာပွန်လမ်းကြောင်းတစ်လျှောက်ရှိ ကျန်ရှိသည့်လမ်းပိုင်းကို အမြန်ဆုံး ပြန်လည်ထိန်းချုပ်နိုင်ရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လမ်းတစ်လျှောက် အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် လမ်း၊တံတားများကို ပြန်လည်ပြုပြင်ခြင်း၊ မြေမြှုပ်မိုင်းအန္တရာယ်မှ အများပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် မိုင်းရှင်းလင်းပေးခြင်း၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ဆေးခန်းများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အမြန်ဆုံးပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

(၅၀၁)

# မုံရွာ-မန္တလေး ပြေးဆွဲနေသော ခရီးသည်တင်မော်တော်ယာဉ်ကို PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ရဟန်းသံဃာတော်နှင့် အပြစ်မဲ့အရပ်သားပြည်သူများသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိ

မြင်းမူမြို့နယ် ထီးဆောင်းရွာအနီး အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် ရဟန်းသံဃာတော်နှင့် ပြည်သူများ သေဆုံးဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။


ဘဒ္ဒန္တသီလာစာရ


ဒေါ်ဝေဝေလွင်(သေဆုံး)


မမီမီသန့်


ဦးဇင်ကိုအောင်(ယာဉ်မောင်း)

**နေပြည်တော် စက်တင်ဘာ ၂၈**

CRPH ၊ NUGနှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်၍ စစ်ရေးပစ်မှတ်နှင့် မသက်ဆိုင်သည့် နေရာများ၊ အရပ်သားပြည်သူများ၊ သစ္စာရှိနိုင်ငံ့ဝန်ထမ်းများနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များကို သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန် အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင်အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ အများပြည်သူသွားလာအသုံးပြုလျက်ရှိသော လမ်းဘေးဝဲယာများ၌ မိုင်းထောင်ခြင်း၊အေးချမ်းစွာပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကို လက်နက်အားကိုးဖြင့် ခြိမ်းခြောက်ခြင်းနှင့် ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းမျိုးစုံဖြင့် ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် ဥပဒေမဲ့ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးမြို့ဘက်မှ မုံရွာမြို့ဘက်သို့ ယာဉ်မောင်း ဦးဇင်ကိုအောင် (ဘ)ဦးမှန် မြိုင်မြို့နယ် လင်းကတောကျေးရွာနေသူမောင်းနှင်လာသည့် AD Van အမျိုးအစား မော်တော်ယာဉ်ကို မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာအကျော် တံတားအနီး မိုင်တိုင်အမှတ် ၄၂/၅ အရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ခရီးသွားများဖြစ်သည့် ငပုတောမြို့နယ် သက္ကယ်ချောင်းကျေးရွာနေ ဒေါ်ဝေဝေလွင် (ဘ) ဦးသောင်းရွှေသည် မိုင်းစထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ဆရာတော် ဘဒ္ဒန္တသီလာစာရ





မြင်းမူမြို့နယ် ထီးဆောင်းရွာအနီး အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် ခရီးသွားမော်တော်ယာဉ် ထိခိုက်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

နှင့် ရေစကြိုမြို့နယ် ဒီပဆေးကျေးရွာနေ မမီမီသန့် (ဘ) ဦးဝင်းသန့်နှင့် ယာဉ်မောင်းဖြစ်သူတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်၌ မိုင်းစထိမှန်ဒဏ်ရာရရှိသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မြင်းမူမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စေပြီး လိုအပ်သောဆေးဝါးကုသမှုများ ဆက်လက်ဆောင်ရွက်စေလျက်ရှိကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် ယခုကဲ့သို့ စစ်ရေးပစ်မှတ်နှင့် မသက်ဆိုင်သည့် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်လျက်ရှိသည့် ရဟန်းသံဃာတော်နှင့် အပြစ်မဲ့အရပ်သားပြည်သူများစီးနင်းလိုက်ပါလာသည့် ခရီးသွားမော်တော်ယာဉ်ကို ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် မိုင်းဆွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ခဲ့ခြင်းအတွက် ဒေသခံပြည်သူများအနေဖြင့်လည်း ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှု ကျူးလွန်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်သိဒေသခံပြည်သူများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

**✱ ရေနံတွင်းများဖော်ထုတ်ရှင်းလင်းမှု**

လက်နက်ခဲယမ်းများ မှောင်ခိုဝယ်ယူကာ အင်အားတိုးချဲ့တည်ဆောက်ပြီး အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက ဒေသခံပြည်သူများ၏ တိကျသောသတင်းပေးပို့မှုများအရ မြိုင်မြို့နယ် လက်ပံတို-ကျောက်ခွက်ရေနံမြေနယ်မြေ တဲကြီးကျေးရွာအနီး တရားမဝင်ရေနံတူးဖော်လုပ်ကိုင်၍ ဒေသခံပြည်သူများအပေါ် အနိုင်ကျင့်ဗိုလ်ကျစိုးမိုးနေသော PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏နေရာများကို လုံခြုံရေးလုပ်ငန်းများဆောင်ရွက်၍ တရားမဝင်ရေနံတူးဖော်ချက်လုပ်ရာနေရာများကို မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည်။




မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် လက်ပံတို-ကျောက်ခွက်နယ်မြေ တဲကြီးကျေးရွာအနီး တရားမဝင် တူးဖော် လုပ်ကိုင်နေသည့် ရေနံတွင်းများကို ဖော်ထုတ်ဖမ်းဆီး ရှင်းလင်း နိုင်ခဲ့မှုပြမြေပုံ။

မကွေးတိုင်းဒေသကြီးအတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မြိုင်မြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တရားမဝင်ရေနံတွင်းတူးဖော်ချက်လုပ်ခြင်း ဆောင်ရွက်နေကြောင်းနှင့် ဒေသခံများ၏ လက်ယက်တွင်းများဖြင့် ရေနံတူးဖော်ခြင်းလုပ်ငန်းမှ ဆက်ကြေးကောက်ခံနေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ လိုအပ်သည့် ရှာဖွေစစ်ဆေးမှုများ စတင်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၃၁ ရက်တွင် တစ်နေရာ၊ စက်တင်ဘာ ၃ ရက်တွင် နှစ်နေရာ၊ စက်တင်ဘာ ၄ ရက်တွင် တစ်နေရာ၊ စက်တင်ဘာ ၅ ရက်တွင် နှစ်နေရာ၊ စက်တင်ဘာ ၆ ရက်တွင် သုံးနေရာ၊ စက်တင်ဘာ ၇ ရက်တွင် သုံးနေရာ၊ စက်တင်ဘာ ၈ ရက်တွင် သုံးနေရာ၊ စက်တင်ဘာ ၉ ရက်တွင် ငါးနေရာ၊ စက်တင်ဘာ ၁၀ ရက်တွင် ခြောက်နေရာ၊ စက်တင်ဘာ ၁၁ ရက်တွင် ငါးနေရာ၊ စက်တင်ဘာ ၁၂ ရက်တွင် ငါးနေရာ၊ စက်တင်ဘာ ၁၃ ရက်တွင် ငါးနေရာ၊ စက်တင်ဘာ ၁၄ ရက်တွင် ခုနစ်နေရာ၊ စက်တင်ဘာ ၁၅ ရက်တွင် ခုနစ်နေရာ၊ စက်တင်ဘာ ၁၆ ရက်တွင် ခြောက်နေရာ၊ စက်တင်ဘာ ၁၇ ရက်တွင် ခြောက်နေရာ၊စက်တင်ဘာ ၁၈ ရက်တွင် ခြောက်နေရာ၊ စက်တင်ဘာ ၁၉ ရက်တွင် ခြောက်နေရာ၊ စက်တင်ဘာ ၂၀ ရက်တွင် ခြောက်နေရာ၊ စက်တင်ဘာ ၂၁ ရက်တွင် ခြောက်နေရာ၊ စက်တင်ဘာ ၂၂ ရက်တွင် ခြောက်နေရာ၊ စက်တင်ဘာ ၂၃ ရက်တွင် ခြောက်နေရာ၊ စက်တင်ဘာ ၂၄ ရက်တွင် ခြောက်နေရာ၊ စက်တင်ဘာ ၂၅ ရက်တွင် ခြောက်နေရာ၊ စက်တင်ဘာ ၂၆ ရက်တွင် ရှစ်နေရာ၊ စက်တင်ဘာ ၂၇ ရက်တွင် ရှစ်နေရာ စုစုပေါင်း တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းနေရာပေါင်း ၁၃၁ နေရာတို့ကို ဖော်ထုတ်တွေ့ရှိပြီး ရေနံချက်လုပ်ရာတွင် အသုံးပြုခဲ့သည့် လုပ်ငန်းသုံးပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်းနှင့် အကြမ်းဖက်သမားများ ခိုအောင်းခဲ့သည့် ယာယီတဲအဆောက်အအုံ ၂၄၆ လုံးတို့ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ သိမ်းဆည်းရမိ တရားမဝင်ရေနံတူးဖော်ခြင်းများ လုပ်ဆောင်နေသည့် ရေနံတွင်းနေရာများနှင့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျမီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းဒေသတစ်ဝိုက်တွင်လည်း တရားမဝင်ရေနံတူးဖော်ခြင်းများ ဆောင်ရွက်မှုမရှိစေရေး လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)





မကွေးတိုင်းဒေသကြီးမြိုင်မြို့နယ် လက်ပံတို-ကျောက်ခွက်နယ်မြေတဲကြီးကျေးရွာအနီး တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများ ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့မှုကို တွေ့ရစဉ်။

◆ **ဖမ်းဆီးရမိမှု**

၎င်းတို့ ရေရှည်ရပ်တည်နိုင်ရန်အတွက် People's Revolution Supply Family–PRF Website (https://form.prfhq.modnug.org)အား တည်ထောင်၍ Wave Pay၊ တရားမဝင် NUG Pay၊ တရားမဝင် SDB Bank၊ Crypto နှင့် နိုင်ငံခြားငွေ Payment စနစ်များမှ တစ်ဆင့် ငွေကြေးကောက်ခံလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည်။

အကြမ်းဖက်အဖွဲ့များ အခြေပြု နေထိုင်ရပ်တည်၍ ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေခြင်းကိုမလိုလားသော အေးချမ်းစွာနေထိုင်လိုသည့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်များအရ PRF Website သို့ Wave–Pay ဖြင့် ငွေကြေးထောက်ပံ့သူ ဦးရေ ၇၀၀ ခန့်၊ တရားမဝင် NUG Pay ဖြင့် ငွေကြေးထောက်ပံ့သူ ဦးရေ ၁၀၀၀ ခန့်၊ တရားမဝင် SDB ဘဏ်ဖြင့် ငွေကြေး ထောက်ပံ့သူ ဦးရေ ၁၀၀၀ ခန့် စုစုပေါင်း ဦးရေ ၂၇၀၀ ကျော်၏ အချက်အလက်များကို ဖော်ထုတ်ရရှိခဲ့ပြီး ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ PRF Website သို့ ငွေကြေးထောက်ပံ့ပေးပို့သူ တရားခံများဖြစ်ကြသည့် မိုးညှင်းမြို့နေ ထက်သူအောင်၊ လားရှိုးမြို့နေ မေရီဆန်စင်၊ ရွှေညောင်မြို့နေ မျိုးမြဖြတ်ထွန်းကြည်၊ ပုသိမ်ကြီးမြို့နယ်နေ လှိုင်ဖုန်း၊ ပြင်ဦးလွင်မြို့နေ စန်းယုအောင်၊ ပျဉ်းမနားမြို့နယ်နေ သဲအိခိုင်၊ ဇမ္ဗူသီရိမြို့နယ်နေ သီဟ၊ လှည်းကူးမြို့နေ ဇော်ကိုလတ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နေ ရန်နိုင်အောင်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်နေ မျိုးဇော်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ အောင်ဟိန်း၊ မင်္ဂလာဒုံမြို့နယ်နေ ငြိမ်းဝင်းအောင်နှင့် ကျော်ဝင်းစိုး၊ လှိုင်မြို့နယ်နေ မြသီတာ၊ ကြည့်မြင်တိုင်မြို့နယ်နေ သက်နိုင်ထူး၊ ဆိပ်ကြီးခနောင်တို တိုက်နယ်နေ ညွန့်ရီ၊ ပုသိမ်မြို့နေ ကြူကြူဝင်း၊ ဒေးဒရဲမြို့နေ သိန်းဇင်ထိုက်နှင့် ကြည်ကြည်စန်း၊ မအူပင်မြို့နေ အောင်ဇော်ထွေး၊ ကျောင်းကုန်းမြို့နေ အေးအေးသင်း စုစုပေါင်း တရားခံ ၂၁ ဦးကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။


ထက်သူအောင်
မိုးညှင်းမြို့။


မေရီဆန်စင်
လားရှိုးမြို့။


မျိုးမြဖြတ်ထွန်းကြည်
ရွှေညောင်မြို့။


လှိုင်ဖုန်း
ပုသိမ်ကြီးမြို့နယ်။


စန်းယုအောင်
ပြင်ဦးလွင်မြို့။


သဲအိခိုင်
ပျဉ်းမနားမြို့နယ်။


သီဟ
ဇမ္ဗူသီရိမြို့နယ်။


ဇော်ကိုလတ်
လှည်းကူးမြို့။


ရန်နိုင်အောင်
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။


မျိုးဇော်
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။


အောင်ဟိန်း
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။


ငြိမ်းဝင်းအောင်
မင်္ဂလာဒုံမြို့နယ်။


ကျော်ဝင်းစိုး
မင်္ဂလာဒုံမြို့နယ်။


မြသီတာ
လှိုင်မြို့နယ်။


သက်နိုင်ထူး
ကြည့်မြင်တိုင်မြို့နယ်။


ညွန့်ရီ
ဆိပ်ကြီးခနောင်တိုတိုက်နယ်။


ကြူကြူဝင်း
ပုသိမ်မြို့။


သိန်းဇင်ထိုက်
ဒေးဒရဲမြို့။


ကြည်ကြည်စန်း
ဒေးဒရဲမြို့။


အောင်ဇော်ထွေး
မအူပင်မြို့။


အေးအေးသင်း
ကျောင်းကုန်းမြို့။

အဆိုပါ NUG အကြမ်းဖက်အဖွဲ့၏ တရားမဝင် PRF Website (https://form.prfhq.modnug. org)သို့ ငွေကြေးထောက်ပံ့မှုပြုလုပ်သူ ဖမ်းဆီးရမိ တရားခံများကို တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး PRF Website နှင့် ဆက်စပ်ပြီး ကျန်ရှိသည့်တရားခံများကို ဆက်လက် ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ဖော်ထုတ်ဖမ်းဆီးရမိသည့် WavePay အကောင့်များကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီပိတ်သိမ်း၍ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်သည်။

မိဘပြည်သူများ အနေဖြင့်လည်း CRPH၊ NUG အကြမ်းဖက်အဖွဲ့ အပါအဝင် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများကို ထောက်ခံမှု၊ ကူညီအားပေးမှု၊ ငွေကြေးထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်နှင့်အညီ အဆိုပါအားပေးထောက်ခံမှုပြုနေသူများ၏ သတင်းကို သိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာသတင်းပေးပို့တိုင်ကြားနိုင်ပြီး သတင်းပေးပို့လာသူများကိုလည်း ထိုက်တန်စွာ ဆုကြေးများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။ (၅၀၁)

❖ **ဂုဏ်ပြုကြိုဆိုမှု**

အတွင်းရေးမှူး ဦးချိုထွန်းအောင် ဦးဆောင်၍ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း(အုပ်ချုပ်သူ)၊ ဒေါ်ရီရီဝင်း(နည်းပြ)၊ ဦးနေလင်း(နည်းပြ)၊ ဦးအောင်နိုင်(ဒိုင်)၊ ဒေါ်နန်းလောင်ခမ်း(ဒိုင်)နှင့် ပြိုင်ပွဲဝင်အားကစားသမား ခြောက်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် ပြိုင်ပွဲများအပြီးတွင် ရွှေ နှစ်ခု၊ ကြေး နှစ်ခု စုစုပေါင်း ဆုတံဆိပ် လေးခုတို့ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အောင်ပွဲရမြန်မာ့လက်ရွေးစင် ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးမျိုးမြင့်အောင်၊ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား၊ သင်တန်းသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုးမိတ်သင်္ဂဟများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# ပခုက္ကူမြို့နယ် ရေနံချပ်ကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများထံ ဆက်ကြေးပေးဆောင်၍ တရားမဝင်တူးဖော်နေသည့် လက်လုပ်ရေနံတွင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ရှင်းလင်း

နေပြည်တော် စက်တင်ဘာ ၂၈

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်သယံဇာတများ တရားမဝင်တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများ တားဆီးကာကွယ်နှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။




မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရေနံချပ်ကျေးရွာအနီး တရားမဝင်တူးဖော် လုပ်ကိုင်နေသည့် ရေနံတွင်းများကို ဖော်ထုတ်ဖမ်းဆီးရမိမှုပြမြေပုံ။

အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံအတွင်းရှိ သဘာဝအဖိုးတန် သယံဇာတများကို ခိုးယူတူးဖော်၍ တရားမဝင် ခိုးထုတ်ရောင်းချခြင်း၊ ၎င်းမှရရှိသည့် ငွေကြေးများဖြင့် လက်နက်ခဲယမ်းများ ဝယ်ယူစုဆောင်းကာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း၊ ဆက်ကြေးကောက်ခံခြင်းများကျူးလွန်နေကြောင်း ဒေသခံများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မကွေးတိုင်းဒေသကြီး ပခုက္ကူ မြို့နယ်အတွင်း ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၈ ရက် တွင် ရေနံချပ်ကျေးရွာအနီး တရားမဝင် ရေနံတူးဖော်ခြင်းများလုပ်ဆောင်နေသည့် လက်လုပ်ရေနံတွင်း နေရာ ၃၉ နေရာ၊ စက်တင်ဘာ ၁၉ ရက်တွင် ၃၅ နေရာ၊ စက်တင်ဘာ ၂၀ ရက်တွင် ၄၄ နေရာ၊ စက်တင်ဘာ ၂၁ ရက်တွင် ၁၇၆ နေရာ၊ စက်တင်ဘာ ၂၂ ရက်တွင် ၁၈၄ နေရာ၊ စက်တင်ဘာ ၂၃ ရက်တွင် ၁၃၈ နေရာ၊ စက်တင်ဘာ ၂၄ ရက်တွင် ၆၈ နေရာ၊ စက်တင်ဘာ ၂၅ ရက်တွင် ၂၅ နေရာ၊ စက်တင်ဘာ ၂၆ ရက်တွင် ၁၈ နေရာနှင့် စက်တင်ဘာ ၂၇ ရက်တွင် ရှစ်နေရာ စုစုပေါင်း ၇၃၅ နေရာတို့ကို ရှာဖွေဖော်ထုတ်တွေ့ရှိပြီး ရေနံချက်လုပ်ရာတွင် အသုံးပြုခဲ့သည့် လုပ်ငန်းသုံးပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်းနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ နေထိုင်ခဲ့သည့် ယာယီတဲအဆောက်အအုံ ၅၀၉ လုံးတို့ကိုလည်း ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။









မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရေနံချပ်ကျေးရွာအနီး တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများကို ဖော်ထုတ်ဖမ်းဆီးရှင်းလင်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

အဆိုပါ သိမ်းဆည်းရမိတရားမဝင် ရေနံတူးဖော်ခြင်းများ လုပ်ဆောင်နေသည့် ရေနံတွင်းနေရာများနှင့် လုပ်ငန်းသုံး ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျမီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းဒေသတစ်ဝိုက်တွင်လည်း တရားမဝင်ရေနံတူးဖော်ခြင်းများ ဆောင်ရွက်မှုမရှိစေရေး လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် ရပ်ရွာလူထုကို အနိုင်ကျင့်ဗိုလ်ကျပြီး တရားမဝင်ရေနံတွင်းများကို ကိုယ်တိုင်တူးဖော်ခြင်း၊ ဒေသန္တရလုပ်ကိုင်သူများထံမှ ဆက်ကြေးကောက်ခံခြင်းများပြုလုပ်၍ ရရှိသည့်ငွေကြေးများဖြင့် လက်နက်၊ ခဲယမ်းဝယ်ယူကာ အင်အားတည်ဆောက်ပြီး အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထု၏ သတင်းပေးပို့မှုအရ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း နယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ အကြမ်းဖက်တိုက်ဖျက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့နှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်ပါသည်။ မြစ်ရေတက်လာမှုအပေါ် မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန် အမှတ်အသားများကို ပြသထားမည်ဖြစ်သော်လည်း ရာသီဥတုဒဏ်ကြောင့် ၎င်းရေလမ်းညွှန် အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် အထူးဂရုပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

၂။ ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အပြင် မြစ်ရေတက်လာမှုကြောင့် ရေနည်းကာလ၌ ပေါ်ထွန်းခဲ့သော သောင်နှင့် ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါက် ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် ရေအနက်မလုံလောက်သော ရေမြှုပ်ပေါက်ဖြတ်လမ်းများကို ဖြတ်သန်းခုတ်မောင်းခြင်း မပြုကြရန်နှင့် မိမိရေယာဉ်၏ စက်စွမ်းအားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်းသာ သတိပြုခုတ်မောင်းရပါမည်။

၃။ မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး၊ ညအခါ မီးစိမ်းထွန်း၍ ပြသထားပါသည်။ ရေယာဉ်များ ဝင်ရောက်ဖြတ်သန်းခြင်း မပြုရမည့် ရေလမ်းတွင် နေ့အခါအနီရောင် ကြက်ခြေခတ် အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း၍ ပြသထားပါသည်။

၄။ ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေတတ်ပြီး တံတားတိုင်များအကြားတွင် ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတား ရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့်တက်မစနစ်တို့ကိုကြိုတင်စစ်ဆေးပြီး၊ လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းခုတ်မောင်းကြရပါမည်။ တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်(၂)စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်ပါသည်။ အထူးသဖြင့် သယ်ဆောင်သည့် ဝန်နှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းရမည်ဖြစ်ပြီး မနိုင်ဝန်ကို သယ်ဆောင်ခြင်း မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရပါမည်။

၅။ ရာသီဥတု ပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှုဖြစ်ပေါ်လာပါက ရေယာဉ်များ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် သတိပြုခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် ဥပဒေ၊ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ** ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

## အင်ဒိုနီးရှားနိုင်ငံ မေရပီအမျိုးသားဥယျာဉ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားပြီး သစ်တောမြေ ၅၉ ဒသမ ၅ ဟက်တာခန့် ထိခိုက်ပျက်စီးခဲ့



**ဂျကာတာ စက်တင်ဘာ ၂၈**

အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်း ဂျာဗားပြည်နယ် မာဂလန်မြို့နယ်ရှိ မေရပီအမျိုးသားဥယျာဉ်တွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားပြီး ယနေ့တွင် သစ်တောမြေ ၅၉ ဒသမ ၅ ဟက်တာခန့် မီးလောင်ပျက်စီးခဲ့ကြောင်း အင်ဒိုနီးရှားအမျိုးသားဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီ (BNPB) ၏ ယနေ့ ထုတ်ပြန်ချက်အရ သိရသည်။

တောမီး လောင်ကျွမ်းမှုအတွင်း မြက်ပင်များ၊ ချုံပုတ်များနှင့် ထင်းရှူးပင်များ အပါအဝင် သဘာဝရှားပါး အပင်မျိုးစိတ်များ မီးလောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်ကျွမ်းသည့်ဒေသ အကျယ်အဝန်းကို မေရပီမီးတောင်ဘေးအန္တရာယ်ဆိုင်ရာ နည်းပညာဖွံ့ဖြိုးရေးနှင့် သုတေသနဌာန (BPPTKG) က ဒရုန်းဖြင့် ဝေဟင်မှ စောင့်ကြည့် စစ်ဆေးခဲ့ကြောင်း သိရသည်။

မေရပီ အမျိုးသားဥယျာဉ်သည် သဘာဝသစ်တောနှင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းထားသည့် ဇရိယာတစ်ခုဖြစ်သဖြင့် ယခုကဲ့သို့ တောမီးလောင်ကျွမ်းမှုများသည် သစ်တောများသာမက သဘာဝဂေဟစနစ်နှင့် တောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာနေရာများ အပေါ်ပါ သက်ရောက်မှုရှိနိုင်သည့်အတွက် မီးဘေးကာကွယ်ရေးနှင့် စောင့်ကြည့်ရေးလုပ်ငန်းများကို ဆက်လက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

## နီပေါနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပေါ်သဖြင့် လူ ၁၄ ဦး သေဆုံး၊ ၁၁ ဦး ပျောက်ဆုံးနေ

**ခတ္တမန္ဒူ စက်တင်ဘာ ၂၈**

နီပေါနိုင်ငံတွင် စက်တင်ဘာ ၂၄ ရက်မှစ၍ ယနေ့ထိ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပေါ်သဖြင့် ယနေ့ထိ လူ ၁၄ ဦး သေဆုံးပြီး ၁၁ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

နီပေါနိုင်ငံတွင် ရေကြီးရေလျှံမှု အန္တရာယ်ရှိသည့် ခရိုင် ၄၉ ခုကို အာဏာပိုင်များက သဘာဝဘေး သတိပေးချက်များ ထုတ်ထားပြီး မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းပါက မြစ်ရေများ ထပ်မံမြင့်တက်ကာ ရေကြီးမှုများဖြစ်ပေါ်နိုင်ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များကလည်း ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

မန်နန်၊ မူစတန်၊ မြိုင်ဂဒီနှင့် ဘက်ဂလွန်းခရိုင်တို့တွင် ရေကြီးမှုများကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ကြောင်း၊ ရာပတီ ဂန်ဂါမြစ် ရေကြီးမှုကြောင့် ၄၀ မဂ္ဂါဝပ် ရေအားလျှပ်စစ်စီမံကိန်း၏ အဆောက်အအုံများနှင့် ဓာတ်အားပို့လွှတ်ရေးတာဝါတိုင်များလည်း ပျက်စီးခဲ့ကြောင်း သိရသည်။



မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ပေါ်ဒေသများတွင် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သကဲ့သို့ မြစ်ချောင်းများတွင် ရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကာ လမ်းပန်းဆက်သွယ်ရေး ထိခိုက်ခဲ့ပြီး အချို့ဒေသများတွင် နေ့စဉ်ဘဝနှင့် ဒေသတွင်း သွားလာရေးများ အခက်အခဲဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

လက်ရှိ မိုးရွာသွန်းမှုနှင့် မြစ်ရေ မြင့်တက်မှုများကြောင့် ထပ်မံရေကြီးရေလျှံမှု ဖြစ်ပေါ်နိုင်ခြေရှိသဖြင့် အာဏာပိုင်များက ဘေးအန္တရာယ်ရှိသည့် ဒေသများမှ ပြည်သူများကို သတိပြုနေထိုင်ကြရန်နှင့် လိုအပ်ပါက ဘေးလွတ်ရာသို့ အချိန်မီရွှေ့ပြောင်းကြရန် အသိပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

## ထိုင်းနိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် အစိုးရဝန်ထမ်းများအတွက် အထူးရုံးပိတ်ရက် နှစ်ရက်သတ်မှတ်

**ဗန်ကောက် စက်တင်ဘာ ၂၈**

ထိုင်းနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး နေရာအများအပြားတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသဖြင့် ထိုင်းအစိုးရအဖွဲ့က ဗန်ကောက်မြို့အပါအဝင် ပြည်နယ်သုံးခုတွင် အစိုးရဝန်ထမ်းများအတွက် ယနေ့နှင့် စက်တင်ဘာ ၂၉ ရက်တို့ကို အထူးရုံးပိတ်ရက်များအဖြစ် သတ်မှတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဗန်ကောက်၊ နွန်ထဘူရီ၊ ပထုမ်သာနီနှင့် ဆမုတ်ပရာကန်ပြည်နယ်တို့တွင်သာ အဆိုပါ အထူးရုံးပိတ်ရက် သတ်မှတ်ထားပြီး မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကြောင့် ပြည်သူများ သွားလာရေး အခက်အခဲများ ဖြစ်ပေါ်နေခြင်းကို လျှော့ချရန် ရည်ရွယ်ခြင်းဖြစ်သည်။

ထိုင်းအစိုးရ၏ ထုတ်ပြန်ချက်အရ အစိုးရဌာနများမှ ဝန်ထမ်းများ အနေဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အွန်လိုင်းမှ တစ်ဆင့် ပုံမှန်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အစိုးရပိုင်လုပ်ငန်းများ၊ ဘဏ်များ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် ဆေးရုံ၊ ဆေးခန်းများအနေဖြင့် အဆိုပါရက်များတွင် ရုံးပိတ်ရန် သင့်၊ မသင့်ကို လုပ်ငန်းလိုအပ်ချက်အရ သက်ဆိုင်ရာအဖွဲ့အစည်းများက ဆုံးဖြတ်နေပြီး စတော့အိတ်ချိန်းကိုမူ ပုံမှန်အတိုင်း ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဗန်ကောက်မြို့ရှိ လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုစင်တာများကိုလည်း ရေကြီးမှုအခြေအနေကြောင့် ယနေ့နှင့် စက်တင်ဘာ ၂၉ ရက်တွင် ယာယီပိတ်ထားကြောင်း ထိုင်းအစိုးရက ထုတ်ပြန်ထားသည်။

Ref : Russia Today

Trs : KZ

## ဂျပန်နိုင်ငံ ကာဂိုရှီးမားစီရင်စုရှိ ဆာကူရာဂျီးမား မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် ပြာမှုန်များ မီးတောင်ဝအထက် ပေ ၈၀၀၀ တွင် ပျံ့လွင့်နေ

**တိုကျို စက်တင်ဘာ ၂၈**

ဂျပန်နိုင်ငံ ကာဂိုရှီးမားစီရင်စုရှိ ဆာကူရာဂျီးမားမီးတောင် စက်တင်ဘာ ၂၇ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် မီးတောင်ဝအထက် ပေ ၈၀၀၀ တွင် ပြာမှုန်များ ပျံ့လွင့်နေကြောင်း ဂျပန်မိုးလေဝသအေဂျင်စီ (JMA) နှင့် တိုကျိုမီးတောင်ပြာ သတိပေးရေးစင်တာ (Tokyo VAAC) တို့၏ ယနေ့ထုတ်ပြန်ချက်များအရ သိရသည်။

စက်တင်ဘာ ၂၇ ရက်တွင် ဖြစ်ပွားခဲ့သည့် ဆာကူရာဂျီးမား မီးတောင်ပေါက်ကွဲမှုကြောင့် ပြာမှုန်များသည် မီးတောင်ဝအထက် ပေ ၈၀၀၀ ခန့်ထိ ပျံ့လွင့်ခဲ့ပြီး အရှေ့ဘက်သို့ ရွေ့လျားခဲ့ကြောင်း သိရသည်။

ဂျပန် မိုးလေဝသအေဂျင်စီ (JMA) ၏ ထုတ်ပြန်ချက်အရ ဆာကူရာဂျီးမား မီးတောင်သည် စက်တင်ဘာ ၂၁ ရက်မှ ယနေ့ထိ မီးတောင်ပေါက်ကွဲမှု ၅၄ ကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လက်ရှိတွင် JMA က ဆာကူရာဂျီးမား မီးတောင်ကို မီးတောင်သတိပေးအဆင့် ၃ ထုတ်ပြန်ထားရှိပြီး မီးတောင်ဝန်းကျင် နှစ်ကီလိုမီတာခန့် အကွာကို ဝင်ရောက်ခွင့် ကန့်သတ်ထားကြောင်း သိရသည်။

ဆာကူရာဂျီးမားမီးတောင်သည် ဂျပန်နိုင်ငံ၏ လှုပ်ရှားမှုအများဆုံး မီးတောင်များအနက် တစ်ခုဖြစ်ပြီး ကာဂိုရှီးမားမြို့နှင့် နီးကပ်စွာ တည်ရှိသောကြောင့် မီးတောင်ပြာ ကျရောက်မှုများသည် ဒေသခံပြည်သူများ၏နေ့စဉ်ဘဝနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအပေါ် သက်ရောက်မှုရှိနိုင်ကြောင်း ပြည်နယ်အာဏာပိုင်များ၏ အဆိုအရ သိရသည်။

Ref : Sputnik News

Trs : KZ

## အိန္ဒိယနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပေါ်

**နယူးဒေလီ စက်တင်ဘာ ၂၈**

အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်း အူတာပရာဒေ့ရှ် ပြည်နယ်တွင် စက်တင်ဘာ ၂၅ ရက်မှ ယနေ့နံနက်ပိုင်းထိ မိုးရေချိန် ၆၆ ဒသမ ၅ မီလီမီတာ ရွာသွန်းခဲ့ပြီး ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် လူ ၄၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ နေအိမ် ၁၀၀၀ ကျော် ပျက်စီးခဲ့ကြောင်း၊ အာဏာပိုင်များက ရေဝပ်နေသည့် ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီး ရေဘေးသင့်ပြည်သူများကိုလိုအပ်သည့် အစားအသောက်နှင့် အခြေခံအထောက်အပံ့များ ပေးအပ်ရန် စီစဉ်နေကြောင်း သိရသည်။

ထို့ပြင် စိုက်ပျိုးမြေများနှင့် သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးနေပြီး ထိခိုက်ဆုံးရှုံးခဲ့သည့် တောင်သူများကို ထောက်ပံ့ကြေး ပံ့ပိုးပေးရန် စီစဉ်နေကြောင်း သိရသည်။

ဩဒိရှာပြည်နယ်တွင်လည်း မြစ်ရေများ မြင့်တက်လာသဖြင့် မြေနိမ့်ပိုင်းဒေသများမှ ဒေသခံ ၇၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များနှင့် ဒေသခံအာဏာပိုင်များက ရေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေးနှင့် အရေးပေါ် အကူအညီပေးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတစ်ဝန်းရှိမြစ်များဖြစ်သော ဂင်္ဂါ၊ ဂန်ဒက်၊ ကိုစီ၊ ဘဂ်မတီနှင့် နမ္မဒါမြစ်တို့သည် သတ်မှတ် အန္တရာယ်အဆင့်ထက် ကျော်လွန် မြင့်တက်နေကြောင်း၊ ရေကြီးရေလျှံမှုနှင့် မြေပြိုမှု အန္တရာယ် ထပ်မံရှိလာနိုင်သဖြင့် ဒေသခံပြည်သူများကို သတိပေးချက်များအတိုင်း လိုက်နာကြရန် ပြည်နယ်အာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ

သာယာလှပ စိမ်းမြမြ

ရတနာပုံ


# လက်ကျန်အချိန်

ဗညားကျန်းထော

ခါတိုင်းသတင်းစာဖတ်လျှင် ကြေးမုံနောက်ကျော ဖုံး၏ အတွင်းစာမျက်နှာ ၃၁ ကိုကြည့်ပြီးမှ သတင်းစာကို လက်ကချလိုက်၏။ တကယ်တော့ နာရေးမှာ မိမိအမည်ပါလာခဲ့လျှင်လည်း မိမိမြင်ခွင့်ကြည့်ခွင့် ရတော့မည်မဟုတ်။ မိမိဆရာသမားများ၊ အပေါင်းအသင်းမိတ်ဆွေများ၊ ရပ်နီးရပ်ဝေးမှဘယ်သူတွေများ လူ့လောကမှ မိမိအရင်စောစွာထွက်ခွာသွားကြပါပြီလဲ သိမိချင်သေးသည်။ ခင်မင်ရင်းနှီးသူဆိုလျှင် အားပေးရမည်။ နာရေးကို ပို့နိုင်က ပို့ပေးရမည်။ ကုသိုလ်ကူငွေပေးဝေမျှရမည်။

ခါတိုင်းနှင့်မတူဘဲ ယနေ့နာရေးထဲတွင် မိမိနှင့် သက်တူရွယ်တူ ၇၈ နှစ်အရွယ်မှာကွယ်လွန်ရှာသူ သုံးဦးတွေ့ရ၏။ နေ့တိုင်းမှာတော့ နာရေးတွေရှိနေစမြဲ။ မိမိထက်အသက်ကြီးသူလည်းပါ၏။ ပိုငယ်သူလည်းပါတတ်၏။ ရွယ်တူထဲက ပါခဲ၏။ သို့တစေ ယနေ့လို ရင့်ရော်နေကြပြီဖြစ်သော ဇရာအရွယ်ထဲကတော့ တဖြုတ်ဖြုတ်ကြွေလွင့်နေကြလေသည်သာ။ ၂၀၂၀ ပြည့်နှစ်ဝန်းကျင်ကဆိုလျှင် သတင်းစာထဲမပါသော်လည်း ကိုဗစ်-၁၉ ရောဂါကြီးကြောင့် ခင်ပွန်းကော ဇနီးပါ တစ်ရက်ခြားကာဆုံးပါးသွားရှာသော သူငယ်ချင်းကျောင်းနေဖက်၊ သင်တန်းတက်ဖက်တွေပါရှိခဲ့ပါသေး၏။ အိုမင်းကြသည့်အခါ ရောဂါကပ်ဆိုး၏ဒဏ်ကို မခံနိုင်ကြပါ။ ရင့်ရော်သဖြင့်ကြွေလွင့်ရှာရ။

လူ့ဘဝတွင် မိမိအသက်ရှင်နေထိုင်ခဲ့သည်ကား ကလေး၊ လူရွယ်၊ လူကြီးဟု အရွယ်စုံလင်ခဲ့ပါပြီ။ ရှင်သန်ခဲ့သည့် ရက်၊ လ၊ နှစ်များကို တွက်ဆကြည့်လိုက်သောအခါ အတိတ်လူ့သက်တမ်းအချိန်သည် ၇၈ နှစ်၊ လအားဖြင့် ၉၃၆ လ၊ သီတင်းပတ်အနေနှင့် ၄၀၂၅ ခန့်။ ရက်အားဖြင့်ဆိုရလျှင်မူ နေ့ရက်ပေါင်း (နေထွက်ကြိမ်ပေါင်း) ၂၈၁၇၄ ရှိခဲ့ပြီ။ အနီးစပ်ဆုံးမှတ်သားရလျှင် နေ့ရက်ပေါင်း နှစ်သောင်းနှင့်ရှစ်ထောင်ကျော်နေခဲ့ပြီးပါပြီတကား။

လူ့ဘဝလူ့သက်တမ်းကို မိမိဖြတ်သန်းခဲ့သည့် အတိတ်ရက်များ နှစ်သောင်းရှစ်ထောင်ရှိခဲ့ပြီ။ မသေချာသောအနာဂတ်ကား မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်၌ပင် ကွေးသောလက်မဆန့်သေးခင် အသက်ဇီဝိန်ပျောက်ဆုံးသွားခြင်းလည်းဖြစ်နိုင်၏။ နောက်ထပ် ၈၀ ကျော် တစ်နှစ်၊ နှစ်နှစ်ထိ နေရခြင်းမျိုးရှိလျှင် ရက်ပေါင်း ၁၀၀၀ လောက်တော့ နေကောင်းလောက်ပါသေး၏။ မှန်းဆ၍တော့မရ။

လာခဲ့သောခရီးကား ခြေလှမ်း ၂၈၀၀၀ ကျော်ပြီ။ ဆက်လက်လှမ်းရမည့်ခရီးအနာဂတ်ကား ၁၀၀၀ ပင် ရှိချင်မှ ရှိပေတော့မည်။ နေထွက်လာသောနေ့သစ်တို့ကို အရေအတွက်များများကြည့်မြင်နိုင်တော့မည်မဟုတ်။ နေသည့်ရက်များရှည်လျားလှပြီမို့ သေဖို့ရက်ကား အလွန်ပဲနီးကပ်နေချေပြီ။ သေမင်း၏နှာဝမှ သေမင်းပါးစပ်ပေါက်မှအနံ့အသက်ကိုရလောက်အောင်ပင် နီးလှ၏။

မသေခင်လေး ဘယ်လိုများနေသွားမလဲ။

အကျိုးရှိအောင် ဘာတွေလုပ်မလဲ။

စဉ်းစားစိတ်ကူးကြည့်၏။

လာခဲ့သောလမ်းကြောင်းအတိုင်းသာ ဖြောင့်ဖြောင့်မတ်မတ်မတိမ်းမစောင်း၊ မကွေ့မကောက်ဘဲ တည့်တည့်သာပဲလျှောက်မည်။ ဤသို့သာအဖြေနိဂုံးချုပ်ချက်ရသည်။

လူဖြစ်လာရသည့်ရည်ရွယ်ချက်အတိုင်း တာဝန်ကျေအောင် အစွမ်းကုန်ထမ်းဆောင်မည်။ ရှိပြီးသား၊ သိပြီးသား။ မိမိတို့အတွက် လူ့ဘဝ၏လုပ်ဆောင်ရမည့် ဆောင်ရန်၊ ရှောင်ရန်သုံးချက်ကို ဘုရားရှင်အဆူဆူ ဆုံးမမှာကြားခဲ့တော်မူပြီးသားဖြစ်သဖြင့် ဆက်လက်ဆောင်ရွက်မည်။

ဤအချက်များကို စာဖတ်သူများလည်း သိကြပြီးသားဖြစ်သဖြင့် အကျယ်ချဲ့၍ ပြောနေစရာမလိုပါပေ။

လူဖြစ်ရသည့်ရည်ရွယ်ချက်ဆိုသည်မှာ မြတ်စွာဘုရား၏ ဂုဏ်တော်ရတနာသုတ်ထဲမှာပါရှိပြီးသားပင်။

၁။ ဉာတတ္ထစရိယ မိဘဆွေမျိုးလူမျိုးအကျိုး၊

၂။ လောကတ္ထစရိယ လောကကောင်းကျိုး၊

၃။ ဗုဒ္ဓတ္ထစရိယ အကြွင်းမဲ့သိမြင်သူဘဝ၊

> ❖ **စာဖတ်သူများနှင့်စာရေးသူတို့ တိတိကျကျခိုင်ခိုင်မာမာယုံကြည်အားထားရမည့် အမှန်တရားသည်ကား မိမိ၏ဘဝ(ခရီးလမ်းကြောင်း) အကောင်းအဆိုးတို့ကို မိမိကိုယ်တိုင်ပြုလုပ်သောကံ(အလုပ်က) မှန်၊ မမှန်၊ ကောင်း၊ မကောင်း၊ အကျိုးရှိ၊ မရှိ ရွေးချယ်လုပ်ဆောင်ပိုင်ခွင့်ရှိကြသည်။ ကိုယ့်ကံကြမ္မာကို ကိုယ်ကသာလျှင် ဖန်တီးနိုင်သည်။ မိမိကိုယ်ကိုသာ မိမိအားကိုးရာဖြစ်၏။ အတ္တာဟိအတ္တနောနာထော။ သူတစ်ပါးကို အားကိုးမှီခိုခြင်းဖြင့်မပြီး။ မိမိကိုယ်ကိုအားကိုး၍ ကြိုးစားရမည်။ မှန်ကန်သောအလုပ်၊ တရားမျှတသောအလုပ်၊ ကောင်းမွန်သည့်အလုပ်ကိုသာ ပြုလုပ်ရမည်။** ❖

အမြင့်ဆုံး၊ အခက်ဆုံး၊ အကျယ်ဝန်းဆုံးသော လုပ်ငန်းတာဝန်ရည်ရွယ်ချက်က ဗုဒ္ဓတ္ထစရိယဖြစ်၏။ အရေးကြီးတာအရင်လုပ်ဟူသော ဆောင်ရွက်စဉ်သဘော၊ အကြီးဆုံးကျောက်ခဲတုံးကို အရင်ဆုံးထည့်ရသည့်ဥပမာ။ ဘုရားအဖြစ်ရောက်ပါက လောက၏ ကောင်းကျိုး လောကတ္ထစရိယကို အောင်မြင်ထိရောက်စွာလုပ်ဆောင်နေပေလိမ့်မည်။ ထိုနည်းတူပင် လူတစ်ယောက်သည် **မိမိဘဝကို တိုးတက်မြင့်မားအောင် မိမိကိုယ်တိုင်က ကြိုးစားအားထုတ်ရမှာဖြစ်ပါသည်။** ကိုယ်ကျင့်တရား၊ စာရိတ္တ၊ သီလဂုဏ်မှာ ပြည့်စုံရပါမည်။ တည်ကြည်အေးချမ်းသည့် သမာဓိဂုဏ်လည်းရှိအပ်ပါသည်။ ထို့နောက် ပညာကို တိုးတက်ကျယ်ဝန်းအောင် လေ့လာရပေမည်။ ပညာဟူသည်ကား အကြောင်းအကျိုး၊ အကောင်းအဆိုး၊ အကျိုးအပြစ် စသည်တို့ကိုကောင်းစွာခွဲခြားဝေဖန်ဆုံးဖြတ်နိုင်စွမ်းရှိခြင်းပင်။ လူတော်လူကောင်းခေါ်ခေါ်၊ လူကောင်းလူတော်ခေါ်ခေါ်။ လူတစ်ယောက်သည် လူ့အသိုင်းအဝိုင်း လူ့ပတ်ဝန်းကျင်အတွင်းမှာ သူတစ်ပါးကို ထိပါးနစ်နာစေခြင်းမပြုသော လူကောင်းဟုအသိအမှတ်ပြုခံရမည်။

လူ့ပတ်ဝန်းကျင်လူ့အသိုင်းအဝိုင်းနှင့် ဘယ်သူမှကင်း၍မဖြစ်တည်နိုင်ပေ။ ပတ်ဝန်းကျင်ကောင်းကျိုးတိုးတက်မှုကို ထိရောက်စွာထမ်းဆောင်ပါဝင်တတ်သူသည် လူတော်ဟုခေါ်ထိုက်ပေသည်။ အများအကျိုးဆောင်ခြင်း၊ လူလူချင်းစာနာထောက်ထားနားလည်တတ်ခြင်း၊ ကူညီတတ်ခြင်း၊ အားပေးတတ်ခြင်း၊ မေတ္တာထားတတ်ခြင်း၊ အမျက်၊ ငြူစူမနာလိုဝန်တိုစိတ်များနည်းပါးခြင်း၊ အနစ်နာခံတတ်ခြင်း၊ စွန့်လွှတ်နိုင်ခြင်း စသည်တို့သည် လူတစ်ယောက်က မိမိကိုယ်ကို လေ့ကျင့်ပျိုးထောင်ယူရမည့်လက္ခဏာများမဟုတ်လား။

လောကတ္ထစရိယံနှင့် ဉာတတ္ထစရိယံဟူသော လူတစ်ဦး၏ ညာဘက်ပခုံးနှင့် ဘယ်ဘက်ပခုံးတို့ သန်မာစေရန် မိမိကိုယ်တိုင်ခိုင်မာသန်စွမ်းသူဖြစ်ဖို့ အတ္တတ္ထစရိယံ မိမိကိုယ်တိုင်သာလျှင် ကြိုးပမ်းလေ့ကျင့်ရပေလိမ့်မည်။

**လူတိုင်းလူတိုင်းမှာ ဘဝပန်းတိုင်ရှိအပ်သည်။**

**လူတိုင်းမှာ ကောင်းမြတ်သောလမ်းကြောင်းရှိရမည်။**

ထိုကဲ့သို့ တိကျသောပန်းတိုင်နှင့် မှန်ကန်သောလမ်းကြောင်း(စိတ်ထဲတွင်) သေသေချာချာရေရေရာရာရှိသူသည်ကား လူ့ဘဝ၏ အသက်ရှင်ခြင်းတစ်ရပ်သည် အဓိပ္ပာယ်ရှိနေပေပြီ။ ဘဝအဓိပ္ပာယ်ကား ဤရည်ရွယ်ချက်နှင့် လမ်းကြောင်းသည် စံပြအကောင်းဆုံးပင်။

လူတစ်ယောက်မှာ ပန်းတိုင်တိတိကျကျမရှိ။ ဦးတည်ချက်ရေရေရာရာ မထားမိဘူးဆိုရင်တော့ သစ်ရွက်ကြွေလေမှာလွင့်သလိုပဲ လေတိုက်ရာမျောပါပြီး နောက်ဆုံးတော့ အမှိုက်ပုံထဲရောက်သွားရမှာပေ့ါ။ အမှိုက်တွေကို မီးရှို့လိုက်တော့လည်း မီးလောင်ပြီးပြာဘဝရောက်သွားရုံသာပင်။ ဘဝတစ်ခုမှတစ်ခုသို့ ဤသို့ပင်ကူးပြောင်းသွားတတ်ကြသည့်သဘောကိုပါ ဆင်ခြင်သင့်ပေသည်။ ဘဝပန်းတိုင်ရည်မှန်းချက်ထားလျက် အမြဲကြိုးစားပါက ဘဝသည် အဓိပ္ပာယ်ရှိသွားလေသည်။

လူနှင့်လူ့ဘဝအကြောင်းကတော့ ဤမျှသိမြင်ကြလျှင် အခြေခံသဘောအကျိုးရှိအောင် ဆက်လက်တွေးခေါ်နားလည်ပြီး ကျင့်သုံးနိုင်လောက်ပါသည်။ နားမရှင်းလျှင် နောက်ထပ်တစ်ခေါက်ပြန်ဖတ်လျှင် ပိုမိုသဲကွဲထင်ရှားပါမည်။

နောက်တစ်ချက် ဆွေးနွေးတင်ပြလိုပါသေးသည်။

**အလုပ်ဟူသောလုပ်ဆောင်ချက်၊ အပြုအမူ။**

ဘာသာရေးဝေါဟာရကတော့ ကံ၊ ကမ္မဟုဆို၏။

**ကံ=ပြုလုပ်ခြင်း။**

ပြုလုပ်ခြင်းအရာမှာ သုံးမျိုးရှိသည်ကို စာဖတ်သူအများစုကား သိပြီးသားမို့ အထူးရှင်းပြနေစရာမလို။ ကိုယ်အပြုအမူ၊ အနေအထိုင်၊ လုပ်ဆောင်ချက်၊ ကာယကံ။ နှုတ်အပြောအဆို၊ စကား၊ ပြောကြားပုံ၊ ပြောဆိုချက်။ ဝစီကံ။

အပြုအမူအပြောအဆိုလောက် မိမိနှင့်သူတစ်ပါးအပေါ် တိုက်ရိုက်မသက်ရောက်ပါသော်လည်း ကာယကံ၊ ဝစီကံတို့ကိုဖြစ်ပေါ်စေသော အရင်းအမြစ်၊ အခြေခံယန္တရားစက်ဖြစ်သော မနောကံဆိုသည့် စိတ်အကြံအစည်၊ စိတ်ကူးအတွေးအခေါ်၊ စိတ်အထင် စိတ်ကမှတ်ယူချက်၊ ယုံကြည်ချက်၊ အတွေးအမြင် မနောကံသည် အရေးအကြီးဆုံးသော့ချက်ဟုပင် ဆိုချင်ပါသည်။ စိတ်ခွန်အား၊ စိတ်ကူး၊ အကြံအစည်သည်ပင်ဘဝလမ်းကြောင်းကို မောင်းနှင်ကြိုးကိုင်သည်။

စင်စစ်မူ ကံအကြောင်း၊ စိတ်အကြောင်းကို ဤစာမျက်နှာဖြင့် ခြုံငုံပြည့်စုံအောင် မဖော်ပြသာပါ။ ကံအကြောင်းက ကျယ်လည်းကျယ်ဝန်းသည်။ လေးလည်းလေးနက်ပါသည်။ လူ့ဘဝတွင် လူသားတိုင်းက များများသိလေ ကောင်းကျိုးရရှိလေပင်ဖြစ်ပေသည်။ ကံဟူသော စေ့ဆော်မှုစေတနာစိတ်အဟုန်ကိုပင် ကံဟုခေါ်ဆိုခြင်းဖြစ်ကြောင်း ဘုရားရှင်က ဟောကြားမိန့်တော်မူခဲ့ပါသည်။ စိတ်ကူးအကြံအစည်သည် အလွန်တရာစွမ်းအားထက်လှပါ၏။ လူသားများက အဏုမြူလက်နက်၊ ဒုံးပစ်လက်နက်၊ ဒရုန်းတွေ၊ ဗုံးတွေတီထွင်ဆန်းသစ်သမျှ အဖျက်လက်နက်ထုတ်လုပ်မှုမှန်သမျှသည် အရင်းခံလူ့စိတ်ကူးအကြံအစည်(စေတနာကံ)က စီမံဦးဆောင်ခဲ့ခြင်းပင်။

**စေတနာကောင်းမှ ကံကောင်းပါသည်။**

**စေတနာမြင့်လျှင် ကံမြင့်သည်ပင်။**

**စေတနာမွဲသော် ကံလည်းမွဲလေသည်။**

**စေတနာဆန်းကြယ်ပါက ကံလည်းဆန်းကြယ်၏။**

လူသည် ဖန်ဆင်းရှင်ရှိသည်ဟု ယုံချင်ယုံ၊ မယုံချင်နေ၊ ဖန်ဆင်းရှင်က လူ၏ကောင်းကျိုးဆိုးကျိုးကို ဖန်ဆင်းခြယ်လှယ်သည်ဟု ယုံလိုပါက ယုံပါ။ မယုံလိုပါက မယုံနှင့်။

စာဖတ်သူများနှင့် စာရေးသူတို့ တိတိကျကျခိုင်ခိုင်မာမာယုံကြည်အားထားရမည့် အမှန်တရားသည်ကား မိမိ၏ဘဝ(ခရီးလမ်းကြောင်း)အကောင်းအဆိုးတို့ကို မိမိကိုယ်တိုင်ပြုလုပ်သောကံ(အလုပ်က) မှန်၊ မမှန်၊ ကောင်း၊ မကောင်း၊ အကျိုးရှိ၊ မရှိ ရွေးချယ်လုပ်ဆောင်ပိုင်ခွင့်ရှိကြသည်။ ကိုယ့်ကံကြမ္မာကို ကိုယ်က သာလျှင် ဖန်တီးနိုင်သည်။ မိမိကိုယ်ကိုသာ မိမိ အားကိုးရာဖြစ်၏။

အတ္တာဟိအတ္တနောနာထော။

သူတစ်ပါးကို အားကိုးမှီခိုခြင်းဖြင့်မပြီး။

မိမိကိုယ်ကိုအားကိုး၍ ကြိုးစားရမည်။ မှန်ကန်သောအလုပ်၊ တရားမျှတသောအလုပ်၊ ကောင်းမွန်သည့်အလုပ်ကိုသာ ပြုလုပ်ရမည်။ အခြေခံလိုက်နာစရာအလုပ်နှင့်ပတ်သက်၍ ရှောင်စရာတစ်ချက်နှင့် ဆောင်စရာနှစ်ချက်(အကျဉ်းဆုံး၊ အရှင်းဆုံး) ဖော်ပြပါမည်။

**သဗ္ဗပါပဿ အကရဏံ။**

မကောင်းမှုဟူသမျှ ဘာကိုမှမပြုလုပ်လေနှင့်။

ဤအချက်ကိုမလိုက်နာပါက မုချဆင်းရဲကြုံမည်။

**ကုသလ သုဘ သမ္ပဒါ။**

ကောင်းမှုအားလုံးကို အမျိုးမျိုးကို အကြိမ်ကြိမ်ပင် ထက်သန်စွာပြုမူလုပ်ဆောင်နေပါ။

**သစိတ္တ ပရိယော ဒါပနံ။**

မိမိ၏စိတ်ကို ဖြူစင်သန့်ရှင်းပါစေ။

"မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား။ အရာရာတွင် အသုံးဝင်အောင်မြင်ကြောင်းတရား"ဟု ချမ်းမြေ့ရိပ်သာဆရာတော် အရှင်ဇနကာဘိဝံသက စာစီ၍ပြည့်ဆွန်တော်မူခဲ့ပေသည်။ ဤသည်ကား အလုပ်အားလုံးကို ခြုံငုံသောအလုပ်နှင့်ဆိုင်သည့် တရားတော်ပေတည်း။

# ယဉ်ကျေးမှုအစဉ်အလာကောင်းများ ထိန်းသိမ်းဖော်ဆောင်မည့် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ

နိုင်ငံအသီးသီးတွင် လက်ခံကျင့်သုံးနေကြသည့် ယဉ်ကျေးမှုများကိုယ်စီရှိကြပြီး မိမိတို့၏ ယဉ်ကျေးမှုကို အမြတ်တနိုးတန်ဖိုးထားကြသည်။ မြန်မာနိုင်ငံသည်လည်း ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုများကို ပိုင်ဆိုင်ထားပြီး ရှေးနှစ်ပေါင်းများစွာမှ ယနေ့တိုင်အောင် တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည်။

မြန်မာ၊ ရိုးရာ၊ ယဉ်ကျေးမှုဆိုသည့် ဝေါဟာရတစ်ခုချင်းစီ၏ အနက်အဓိပ္ပာယ်များသည် လေးနက်ကျယ်ဝန်းသည်။ "မြန်မာ"ဆိုသည်မှာ မြန်မာနိုင်ငံတွင် အစဉ်အဆက်နေထိုင်ခဲ့ကြသောတိုင်းရင်းသားများကိုခြုံခေါ်သောအမည်ဖြစ်သည်။ "ရိုးရာ"ဆိုသည်မှာ မိဘစဉ်ဆက်ကျင့်သုံးခဲ့သော အလေ့အထဖြစ်သည်။ "ယဉ်ကျေးမှု"ဆိုသည်မှာ သိမ်မွေ့ပြေပြစ်သော တတ်သိလိမ္မာမှု၊ တိုးတက်ထွန်းကားလာသောလူမှုအဆင့်အတန်း၊ အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိလာသောဓလေ့ထုံးတမ်း စသည်တို့ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများကို ရှေးနှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်ရပ်တည်ချက်များဖြင့် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည်။ သရေခေတ္တရာ၊ တကောင်း၊ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ ကုန်းဘောင် ခေတ်အဆက်ဆက်ကတည်းကပင် မြန်မာပညာရှင်များက ရတု၊ ရကန်၊ ပျို့၊ လင်္ကာ၊ ဧချင်း၊ အန်ချင်း၊ သာချင်း၊ ဒွံချင်း၊ လူးတား၊ လေးဆစ်၊ သဖြန်၊ လေးချိုး၊ လေးထပ်၊ တေးထပ်၊ တောလား၊ တျာချင်း၊ လျှောက်ထုံး၊ မှာတမ်း၊ ဘောလယ်၊ ပြဇာတ် စသည့်စာပေများကို ရေးသားစပ်ဆိုခဲ့ကြသည်။ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုများသည် ရှေးကျသည့်ကာလများစွာကတည်းကပင် ရှင်သန်ထွန်းကားခဲ့သည်ဆိုသော အထောက်အထားများဖြင့် ရပ်တည်ခဲ့ခြင်းဖြစ်သည်။ ဘိုးဘွားအစဉ်အဆက်မှ ယနေ့တိုင်အောင် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြခြင်းကြောင့် ယနေ့တိုင်အောင် ခိုင်မြဲတည်တံ့နေခြင်းဖြစ်သည်။

ဤအစဉ်အလာကောင်းများ မပပျောက်စေရန် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပပေးခဲ့သည်။ ယခု ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကိုလည်း အောက်ပါဦးတည်ချက်များဖြင့် ကျင်းပတော့မည်ဖြစ်သည်-

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပနိုင်ခဲ့ခြင်းကြောင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်အနုပညာရပ်များ ထိန်းသိမ်းမြှင့်တင်မှု တိုးတက်မြင့်မားလာခဲ့ရသည်။ အမျိုးသားရေးစရိုက်လက္ခဏာများ ထင်ရှားခိုင်မာလာမှုနှင့်အတူ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စု




ယခင်နှစ်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပနေမှုကို တွေ့ရစဉ်။

စိတ်ဓာတ်နိုးကြားထက်သန်မှုရလဒ်ကောင်းများကို ဖော်ထုတ်မြှင့်တင်ပေးနိုင်ခဲ့သည်။

အမျိုးသားယဉ်ကျေးမှုများကို နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအားလုံးက အသက်သွေးကြောသဖွယ် ထိန်းသိမ်းစောင့်ရှောက်နေကြရမည်။ အမျိုးသားယဉ်ကျေးမှုအဆင့်အတန်းမြင့်မားနေပါမှ နိုင်ငံနှင့်လူမျိုး၏ အဆင့်အတန်းမြင့်မားနေမည်ဖြစ်ပြီး ကမ္ဘာ့အလယ်တွင် မြန်မာဆိုသည့်ဂုဏ်ဒြပ်နှင့်အညီ ထည်ထည်ဝါဝါ ရပ်တည်နိုင်မည်။ မိမိတို့ကိုယ်ပိုင် အမျိုးသားရေးဝိသေသလက္ခဏာ၊ ပင်ကိုတန်ဖိုး၊ အဆင့်အတန်းများကို အမျိုးသားယဉ်ကျေးမှုများမှတစ်ဆင့် ထုတ်ဖော်ပြသနိုင်မည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုများသည် ရှေးနှစ်ပေါင်းထောင်ချီသည့်ကာလများကတည်းက ထွန်းကားလာခဲ့သည့်အမွေအနှစ်များဖြစ်ကြသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုများ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်နေကြရမည်။ အမျိုးဂုဏ်ဆိုသည်မှာ မြန်မာတိုင်းရင်းသားအားလုံး၏ အရည်အချင်း၊ အစွမ်းသတ္တိနှင့် ကောင်းမြတ်သော အရည်အချင်းများဖြစ်ကြပြီး ဇာတိဂုဏ်ဆိုသည်မှာ မိမိတို့နေထိုင်ရာ အမိပြည်ထောင်စုနိုင်ငံတော်ကြီးကို ချစ်မြတ်နိုးပြီး အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြသည့်အရည်အချင်းများဟုဆိုနိုင်သည်။

မြန်မာနိုင်ငံတွင် ရှေးအစဉ်အဆက်ကတည်းက အေးအတူပူအမျှ အတူနေထိုင်ခဲ့ကြသည့် တိုင်းရင်းသားအားလုံးတွင် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုရှိကြပြီး ကိုယ်စီထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြသည်။ တိုင်းရင်းသားများ၏ သုခုမအနုပညာများကိုလေ့လာကြည့်ပါက တူရိယာပစ္စည်းများ ကွဲပြားခြားနားနေသော်လည်း ကြိုး၊ သားရေ၊ လေ၊ လက်ခုပ် စသည့် တူရိယာငါးပါးအခြေခံတွင် တစ်စုတစ်စည်းတည်း တူညီစွာပါဝင်နေသည်။ တိုင်းရင်းသားများ၏ ရိုးရာအကများသည် ကွဲပြားမှုများရှိသော်လည်း စည်းနှင့်ဝါးကိုအခြေခံထားသည့် ခေါင်း၊ ခါး၊ ခြေ၊ လက် စသည့်ကိုယ်အင်္ဂါများကို အသုံးပြုကပြလျက်ရှိကြသည်။ ထို့ကြောင့် တူညီသည့်အခြေခံအတွင်း၌ပင် ဆင့်ပွားတည်ရှိနေကြသည့် အနုပညာရပ်များဖြစ်ကြသည်။ ဤကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ကြရန်မှာ နိုင်ငံအတွင်းမှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားအားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဘာသာရပ်များကို ထည့်သွင်းကျင်းပပေးလျက်ရှိသည်။

မြန်မာလူမျိုးတို့သည် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုများရှိခဲ့ကြပြီး ရှေးဘိုးဘွားအစဉ်အဆက်ကတည်းက ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည်။ ရိုးရာယဉ်ကျေးမှုများသည် နိုင်ငံနှင့်လူမျိုး၏ အသက်သွေးကြောများဖြစ်သည်။ ရိုးရာယဉ်ကျေးမှုများ တိမ်ကောပပျောက်သွားပါက နိုင်ငံနှင့်လူမျိုး ပျောက်ကွယ်သွားသည်ထိ အန္တရာယ်ရှိခြင်းကြောင့် မျိုးဆက်သစ်လူငယ်များက ရိုးရာယဉ်ကျေးမှုများ ပျောက်ပျက်မသွားအောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နေကြရမည်။

နိုင်ငံတော်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို စဉ်ဆက်မပြတ်ကျင်းပပေးနေခြင်းသည် မြန်မာလူမျိုးတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးခြင်း၊ အမျိုးသားရေးစိတ်ဓာတ်ကို ပိုမိုတက်ကြွအောင် လှုံ့ဆော်ပေးနေခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် အမျိုးသားရေးစရိုက်လက္ခဏာများနှင့် မျိုးဆက်သစ်လူငယ်ထုအတွင်း ရိုးရာယဉ်ကျေးမှုများကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားရေးကို အထောက်အကူဖြစ်ရန်ဖြစ်သည်။

ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် တိုင်းရင်းသားများ၏ယဉ်ကျေးမှုများကို ဖလှယ်သည့်အနေဖြင့် ပြည်နယ်အသီးသီး၏ ရိုးရာအကများကိုမဲနှိုက်၍ မဲကျရာတိုင်းရင်းသားရိုးရာအကများကို တိုင်းဒေသကြီးများနှင့်ပြည်နယ်များက အတူတကွပူးပေါင်းယှဉ်ပြိုင်စေခြင်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေးကို အထောက်အကူဖြစ်စေသည်။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ဖော်ထုတ်ပြသနိုင်ခြင်းကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မြန်မာ့ယဉ်ကျေးမှု၏ကြီးကျယ်ခမ်းနားမှု၊ နက်နဲသိမ်မွေ့မှု၊ မြန်မာ့အနုပညာရပ်များ၏ ပြည့်စုံကြွယ်ဝမှုများကို သိရှိနားလည်လာကြပြီး လေးစားဂုဏ်ယူခြင်းနှင့် မြတ်နိုးတန်ဖိုးထားစိတ်များ ပေါ်ပေါက်လာမည်ဖြစ်သည်။ အလားတူ မြန်မာလူမျိုးတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်ခြင်း၊ အမျိုးသားရေးစိတ်ဓာတ်ကို ပိုမိုတက်ကြွအောင် လှုံ့ဆော်ပေးနိုင်ခြင်းအကျိုးများကိုလည်း ရရှိစေနိုင်မည်။

အချုပ်အားဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပခြင်းသည် မြန်မာလူမျိုးတို့၏ အနုသုခုမယဉ်ကျေးမှုအဆင့်အတန်းကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း၊ ရှေးအစဉ်အလာမပျက် ဖော်ထုတ်ပြသပေးနိုင်ခြင်းများနှင့်အတူ ကမ္ဘာ့အလယ်တွင် နိုင်ငံ၏ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ဖော်ထုတ်ပြသနိုင်ခြင်းကြောင့် မကြာမီကျင်းပတော့မည့် ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဂုဏ်ပြုကြိုဆိုပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

- **မြန်မာအဘိဓာန်၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန**
- **မှတ်အပ်မှတ်ရာ မှတ်စုပဒေသာ၊ သုခမှတ်စု**
- **၁၅-၁၀-၂၀၂၄ ၊ ၈-၁၀-၂၀၂၅ ၊ ၁၄-၁၀-၂၀၂၅ ထုတ် သတင်းစာများ**

**ထူးပြည့်**


## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နေကြာ ၂၂၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပွင့်ဖြူ စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နေကြာ ၂၂၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၁၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ဒေသခံတောင်သူများက ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၂၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် နေကြာ ၁၉ ဒသမ ၂၉ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ နေကြာ ၁၁၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ အဲဒီစိုက်ပျိုးထားတဲ့ နေကြာစိုက်ခင်းတွေကို ရိတ်သိမ်းလျက်ရှိပြီး ဒီနေ့ထိ ဧက ၂၂၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နေကြာစိုက်ပျိုးချိန်မှာလဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နေကြာရိတ်သိမ်းတာနဲ့ ပတ်သက်ပြီး သီးနှံအထွက်နှုန်းတွေ လျော့နည်းမှုမဖြစ်အောင် တောင်သူတွေကို အချိန်မီရိတ်သိမ်းကြဖို့ အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံသောသီးနှံများကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ထားဝယ်မြို့နယ် အလယ်ကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ထားဝယ် စက်တင်ဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၄ သန်းဖြင့် အလယ်ကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဦးရဲရင့်နိုင်နှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ အလယ်ကုန်းကျေးရွာ၌ ရေပိုက်လိုင်းအရှည် ပေ ၃၄၅၀ သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိ၊ ရပ်ဖများနှင့် တွေ့ဆုံကာ ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျေးရွာကော်မတီဝင်များကို တစ်နှစ်ပတ်လုံး သောက်သုံးရေဖူလုံစွာရရှိရေး စနစ်တကျသုံးစွဲရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ထားဝယ်မြို့နယ် အလယ်ကုန်းကျေးရွာ၌ အရှည် ပေ ၃၄၅၀ ရှိသော ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၂၄ သန်းဖြင့် ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူ၍ စက်တင်ဘာ ၁ ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အထွေး**


## လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး စစ်သည်အစားခန့်ဝန်ထမ်းများ လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် အမှတ်(၁၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်နှင့် အမှတ်(၁)တပ်မတော်အသံလွှင့်တပ်တို့တွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန်အလိုရှိပါသည်-

(က) သတင်းကြေညာသူ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
(ခ) သတင်းအယ်ဒီတာ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
(ဂ) ဇာတ်လမ်း/ဇာတ်ညွှန်း(အမျိုးသား/အမျိုးသမီး)။
(ဃ) ထုတ်လုပ်ရေးမှူး(အမျိုးသား/အမျိုးသမီး)။
(င) အစီအစဉ်မှူး(အမျိုးသား/အမျိုးသမီး)။
(စ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
(ဆ) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
(ဇ) ကဇာတ် အဆို/အက(အမျိုးသား/အမျိုးသမီး)။

၂။ အထက်ဖော်ပြပါရာထူးအားလုံးအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် အသက် (၂၅)နှစ်ထက် မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/ အပျို ဖြစ်ရမည်။
(ဂ) အချို့ရာထူးများမှာ လုပ်ငန်းသဘောသဘာဝအရ အအေးခန်းတွင် လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။
(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်(ယာယီဘွဲ့ထောက်ခံစာမရပါ)။
(င) အနည်းဆုံးငါးနှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) လျှောက်ထားသူနှင့် မိဘ၊ ညီအစ်ကို၊ မောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။
(ဆ) ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲ ဖြေဆိုအောင်မြင်ရမည်။
(ဇ) ကျန်းမာရေးဆေးစစ်မှု အောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) သတင်းကြေညာသူ လျှောက်ထားသူများသည် ရုပ်ရည်သင့်တင့်လှပပြီး အသံကြည်လင်ပီသရမည်။ မျက်စိကောင်းမွန်ရမည်(မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ)။
(ခ) အဆို/အက လျှောက်ထားသူများသည် မြန်မာသံ၊ ခေတ်ပေါ်တေးသီချင်းများအား ကောင်းမွန်စွာသီဆိုနိုင်ရမည်။ တစ်ဦးချင်း/စုပေါင်းယိမ်းအက ကပြနိုင်ရမည်။ ရုပ်ရည်သင့်တင့်ပြေပြစ်ရမည်။

၄။ ရွေးချယ်ခြင်းခံရပါက ရုပ်မြင်သံကြားထုတ်လုပ်မှုအခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်အောင်မြင်ပြီး၍ ဝန်ထမ်းအဖြစ် စတင်ခန့်အပ်ခြင်းခံရပါက တပ်ကြပ်ကြီး(အစားခန့်) အဆင့် လစာနှုန်း ကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ ဖြင့် ခန့်အပ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့် ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါတပ်များတွင် ၂၁-၉-၂၀၂၆ ရက်မှ ၈-၁၀-၂၀၂၆ ရက်အတွင်း လာရောက်ရယူလျှောက်ထားနိုင်ပါသည်-

(က) အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့။(ဖုန်း ၀၃၁ - ၆၀၂၇၈)
(ခ) အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
မြဝတီရုပ်မြင်သံကြား(နေပြည်တော်)၊ နေပြည်တော်။(ဖုန်း ၀၃၁ - ၇၄၂၇၄)
(ဂ) အမှတ်(၁)တပ်မတော်အသံလွှင့်တပ်
သဇင် FM၊ ပြင်ဦးလွင်မြို့။ (ဖုန်း ၀၃၃- ၆၀၁၇၀)

၆။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/မြို့နယ်ရဲစခန်းတို့မှ ထောက်ခံစာမူရင်း၊ မိဘများသဘောတူညီကြောင်းထောက်ခံချက်၊ တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံတို့အား ပူးတွဲတင်ပြရမည်။

၇။ ပဏာမလူတွေ့စစ်ဆေးခြင်းကို မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့တွင် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်ပြီး စစ်ဆေးမည့်ရက်အား သက်ဆိုင်ရာ လျှောက်လွှာတင်သွင်းသည့်တပ်များမှတစ်ဆင့် ထပ်မံအကြောင်းကြားပေးသွားပါမည်။

၈။ အသေးစိတ်သိရှိလိုပါက မြဝတီရုပ်မြင်သံကြား(မှော်ဘီ)(ဖုန်း ၀၃၁-၆၀၂၇၈)၊ မြဝတီရုပ်မြင်သံကြား(နေပြည်တော်) (ဖုန်း ၀၃၁-၇၄၂၇၄)နှင့် သဇင် FM၊ ပြင်ဦးလွင် (ဖုန်း ၀၃၃-၆၀၁၇၀) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။





## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ သူငယ်တော်ကျေးရွာနေ ဦးမြင့်ကျော်၊ ဒေါ်မော်မော်ဝင်းတို့၏သမီး မထက်ထက်အောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၈-၂၀၀၅ ဖြစ်ပါကြောင်း။

မထက်ထက်အောင်၊ ၂၇-၈-၂၀၀၅

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ နွယ်ရုံကျေးရွာ၊ အထကကျောင်း၊ Grade-7 တွင် ပညာသင်ကြားနေသော မောင်နန္ဒအောင်ဆန်းဝင်း၏ဖခင် **ဦးနန်းဆွန်ခိုင် (ခ) ဦးအောင်ခိုင်** သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးနန်းဆွန်ခိုင် (ခ) ဦးအောင်ခိုင်
(၉/စကန(နိုင်)၀၆၀၉၄၉)

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ ရောင်နီဦးကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးထောင်းဇထပ်၏ သမီး မမန်းငိုက်နဲမ်၏အမည်မှန်မှာ **မမန်းငိုက်နဲမ်း** ဖြစ်ပါကြောင်း။

မမန်းငိုက်နဲမ်း

## အမည်မှန်

စစ်ကိုင်းမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ Grade-8 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးဇော်မင်းထွန်း(၅/စကန(နိုင်)၂၄၁၃၂၃)၏သမီး မအိမ်ချစ်၏အမည်မှန်မှာ **မအေးအေးသင်း** ဖြစ်ပါကြောင်း။

မအေးအေးသင်း

## အဖိုးတန်ရေချိုကို ချွေတာပါ

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ/၁၅)နေ မိခင် ဒေါ်လှရီ (ဘ) ဦးထွန်းအောင် (၉/မရမ(နိုင်)၀၂၄၉၈၅)၏သားဖြစ်သူ ဦးထူးလှိုင်ဝင်း (ဘ) ဦးသာချို(၅/တဆန(နိုင်)၁၃၃၁၇)ကိုင်ဆောင်သူသည် မိဘများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများစိတ်ဆင်းရဲစေသောကိစ္စများအား အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့သည့်အပြင် နေအိမ်ပေါ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင်တွင် ဦးထူးလှိုင်ဝင်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမှ (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်လှရီ(၉/မရမ(နိုင်)၀၂၄၉၈၅)

## ဖခင်အမည်မှန်

မလှိုင်မြို့၊ အထက-မြို့သစ်၊ Grade-12 အတန်းတွင် ပညာသင်ကြားနေသော မောင်တင်မိုးလှိုင်၏ ဖခင်အမည်မှန်မှာ **ဦးတင်အေး** ဖြစ်ပါကြောင်း။ ဦးတင်အေး(၉/ဝတန(နိုင်)၁၄၃၀၅၃)

## သင့်သွေးဖြင့် အသက်ကယ်ပါ

## သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော ကမမောင်း-ဖာပွန်သွားလမ်းကြောင်းပေါ်ရှိ ဆင်စွယ်ကျေးရွာကို ထပ်မံ၍ ပြန်လည်ထိန်းချုပ်သိမ်းပိုက်ရရှိ

တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကမမောင်း-ဖာပွန် လမ်းကြောင်းပေါ်ရှိ ဆင်စွယ်ကျေးရွာကို ထပ်မံထိန်းချုပ်သိမ်းပိုက်ရရှိမှုပြမြေပုံ။




**နေပြည်တော် စက်တင်ဘာ ၂၈**

တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော ကမမောင်း-ဖာပွန်သွားလမ်းကြောင်းတစ်လျှောက် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယနေ့တွင် အဆိုပါလမ်းကြောင်းပေါ်ရှိ ဆင်စွယ်ကျေးရွာကို ထပ်မံ၍ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည်

**စာမျက်နှာ ၂၃ ကော်လံ ၁ ☆**



# ရွှေ နှစ်ခု၊ ကြေး နှစ်ခု ဆွတ်ခူးခဲ့သည့် မြန်မာ့လက်ရွေးစင် ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**ရန်ကုန် စက်တင်ဘာ ၂၈**

စက်တင်ဘာ ၂၂ ရက်မှ ၂၈ ရက်ထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် ၅၈ ကြိမ်မြောက် အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားချန်ပီယံရှစ် ၂၀၂၆ (58th ASIAN BODYBUILDING AND PHYSIQUE SPORTS CHAMPION-SHIPS 2026)ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ နှစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူးခဲ့သည့် အောင်ပွဲရ မြန်မာ့လက်ရွေးစင် ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားချန်ပီယံရှစ် ၂၀၂၆ ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**စာမျက်နှာ ၂၅ ကော်လံ ၁ ❖**



# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၈**

မြန်မာ့ဘောလုံးအားကစား အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ မျိုးဆက်သစ် အမျိုးသမီးဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ အားကစားအဆင့်အတန်း

**စာမျက်နှာ ၂၂ ကော်လံ ၁ ●**

# မြိုင်မြို့နယ် လက်ပံတို-ကျောက်ခွက်ရေနံမြေနယ်မြေ တဲကြီးကျေးရွာအနီးဝန်းကျင်ရှိ တရားမဝင် ရေနံတူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ရှင်းလင်း

**နေပြည်တော် စက်တင်ဘာ ၂၈**

အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံတော်၏ အဖိုးတန်သယံဇာတပစ္စည်းများ တရားမဝင်တူးဖော်လုပ်ကိုင်၍ ၎င်းမှရရှိသည့် ငွေကြေးများဖြင့်

**စာမျက်နှာ ၂၄ ကော်လံ ၁ ❋**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် လက်ပံတို-ကျောက်ခွက်နယ်မြေ တဲကြီးကျေးရွာအနီး တရားမဝင်တူးဖော်လုပ်ကိုင်နေသည့်ရေနံတွင်းများကို ဖော်ထုတ်ရှင်းလင်းခဲ့မှုမှတ်တမ်းဓာတ်ပုံ။






People's Revolution Supply Family–PRF Website
(https://form.prfhq.modnug.org)

# အကြမ်းဖက် CRPH၊ NUG အဖွဲ့များအတွက် ငွေကြေးကောက်ခံပေးနေသည့် People's Revolution Supply Family-PRF Website သို့ ငွေကြေးထောက်ပံ့ပေးပို့သူများကို ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၈**

အကြမ်းဖက်အုပ်စုများအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို ပျက်စီးစေရန်နှင့် အစိုးရအုပ်ချုပ်မှုယန္တရားများပျက်ပြားစေရန် ရည်ရွယ်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုများအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်အဖွဲ့များကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုများပြုလုပ်နေသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကိုလည်း ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက် NUG အဖွဲ့အနေဖြင့် အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန်နှင့်

**စာမျက်နှာ ၂၅ ကော်လံ ၁ ◆**